# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့။ Monday, 17 October 2022 ၁၀၈၉၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တစ်ဦးချင်း အားထည့်ဆောင်ရွက်ခြင်းနှင့် စုစည်းညီညွတ်သည့်အားဖြင့် ဆောင်ရွက်ခြင်းသည် တပ်တွင်းစည်းလုံးညီညွတ်မှုကို ပိုမိုအောင်မြင်စေမည်၊ တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများတွင် တပ်မတော်၏ စုစည်းညီညွတ်သည့်အားကို အသုံးပြုတည်ဆောက်

## ခေါင်းဆောင်မှုမှန်ကန်ပြီး တပ်မတော်အတွင်း စည်းလုံးညီညွတ်မှုရှိနေသည့် ကာလတစ်လျှောက်လုံး တိုင်းပြည်ကိုဖြိုခွဲ၍ ရနိုင်မည်မဟုတ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၁၆

မည်သည့်အလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ ခွန်အားစိုက်ထုတ်ဆောင်ရွက်ပါက အောင်မြင်မှုကိုရရှိမည်ဖြစ်သဖြင့် အားပြည့်အင်ပြည့်ဖြင့် အားထည့်ဆောင်ရွက်တတ်သည့်အလေ့အကျင့်ကို မွေးမြူဆောင်ရွက်ကြရန်လိုကြောင်း၊ တစ်ဦးချင်း အားထည့်ဆောင်ရွက်ခြင်းနှင့် စုစည်းညီညွတ်သည့်အားဖြင့် ဆောင်ရွက်ခြင်းသည် တပ်တွင်းစည်းလုံးညီညွတ်မှုကို ပိုမိုအောင်မြင်စေမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင်လည်း စုစည်းညီညွတ်သည့်အားကို ရရှိစေမည်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰



**ယနေ့** ဖတ်စရာ

**အဂတိလိုက်စားမှုများ တိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့** ဆောင်းပါး စာမျက်နှာ » ၁၉

**လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ** စာမျက်နှာ » ၂၁

**မြန်မာနိုင်ငံဘဏ်များအသင်း၏ အသင်းဝင်ဘဏ်များအနေဖြင့် AML/CFT ဆိုင်ရာ တိုးတက်အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ** စာမျက်နှာ » ၂၄

ကြေးမုံ

# တိုင်းရင်းသားများဆန္ဒ ဝိုင်းဝန်းဖော်ဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၇) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် Video Message ဖြင့် မိန့်ခွန်းပြောကြားခဲ့သည်။

ပြောကြားခဲ့သည့်မိန့်ခွန်း၌ တိုင်းရင်းသားများ၏ ဆန္ဒနှင့် လိုလားချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် "ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာလည်း ကျွန်တော့်အနေနဲ့ EAO ခေါင်းဆောင်များကို ဆွေးနွေးရှင်းပြပြီးဖြစ်ပါတယ်။ အခုတိုင်းရင်းသားများရဲ့ဆန္ဒနဲ့ လိုလားချက်တွေကို ဒီမိုကရေစီနည်းလမ်းကျ ဆောင်ရွက်ပေးနိုင်ဖို့က နိုင်ငံရေးစင်မြင့်ဖြစ်တဲ့ လွှတ်တော်ထဲကို တိုင်းရင်းသားကိုယ်စားလှယ်များ စုံစုံညီညီ ရောက်ရှိလာဖို့ လိုအပ်ပါတယ်။ ဒါမှလည်း လူမျိုးစုအလိုက် လိုလားချက်တွေ၊ ရည်မှန်းချက်တွေကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးစုပေါင်းဆုံးဖြတ်၊ စုပေါင်းအကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်" ဟူသောအချက်ကို ထည့်သွင်းပြောကြားသွားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံရေးဦးတည်ချက်များတွင် "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး" လုပ်ငန်းစဉ်ချမှတ်ထားသည်။ ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင် " တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း အလေးအနက်ထားလုပ်ဆောင်သွားမည်" ဟူသည့်အချက်ကို အတိအလင်းထည့်သွင်းထားသည်။ အဆိုပါအချက်များသည် တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များဖြစ်သည်။

ဖက်ဒရယ်ဆိုသည်မှာ မတူကွဲပြားသော တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ လူမျိုးများ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် အဓိက တိုင်းရင်းသားလူမျိုးကြီး ရှစ်မျိုး၊ လူမျိုးစု ၁၃၀ ကျော် ရှိသည်။ တိုင်းရင်းသားလူမျိုးကြီး၊ လူမျိုးငယ်အားလုံးသည် တူညီသောအခွင့်အရေးများ ရရှိဖို့လိုအပ်သည်။ တည်ဆဲ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း တိုင်းရင်းသားလူမျိုးများအရေးနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားပြီးဖြစ်ပြီး အစိုးရအနေဖြင့် ဖြစ်သင့်ဖြစ်ထိုက်သည့် အခွင့်အရေးများ၊ ရသင့်ရထိုက်သည့်ရပိုင်ခွင့်များ ရရှိလာအောင် ကြိုးပမ်းဆောင်ရွက်နေသည်။

တိုင်းရင်းသားလူမျိုးများအားလုံး တူညီသောအခွင့်အရေးများကို ရရှိနိုင်ရန်အတွက် ဦးစွာ နှစ်ပေါင်း ၇၀ ကျော်ကြာမြင့်လာပြီဖြစ်သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများရပ်ဆိုင်းသွားရန်လိုအပ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကနဦးအဆိုပြုချက်များအပေါ်တွင် အခြေခံပြီး အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး ဆွေးနွေးညှိနှိုင်းသဘောတူရေးဆွဲပြီး နိုင်ငံတကာမှ နိုင်ငံအချို့နှင့် အဖွဲ့အစည်းအသီးသီးတို့ အသိအမှတ်ပြုပါဝင်လက်မှတ်ရေးထိုးထားသော NCA စာချုပ်ပါအချက်များအတိုင်း အကောင်အထည်ဖော်ဖို့လိုသည်။ တပ်မတော်အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ပေါင်း ၂၁ ကြိမ်ထုတ်ပြန်ပြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲပေးခဲ့သည်။

တပ်မတော်က နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေချိန်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်တွေ့ကျကျတိုးတက်လာစေရန် နိုင်ငံတော်နှင့် တပ်မတော်အကြီးအကဲကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ပြည်သူလူထု၏ လိုလားချက်နှင့် အစိုးရ၏ မူဝါဒနှစ်ရပ်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုစနစ် တည်ဆောက်ရေးကို အားလုံးက လက်ခံသဘောတူခဲ့ကြသည်။ ဆက်လက်၍ တိုင်းရင်းသားများ၏ ဆန္ဒနှင့် လိုလားချက်များကို ဒီမိုကရေစီနည်းလမ်းကျဆောင်ရွက်ပေးနိုင်ရန် နိုင်ငံရေးစင်မြင့်ဖြစ်သည့် လွှတ်တော်အတွင်းသို့ တိုင်းရင်းသားကိုယ်စားလှယ်များ စုံစုံလင်လင်ရောက်ရှိပြီး လူမျိုးစုအလိုက် လိုလားချက်များ၊ ရည်မှန်းချက်များကို ပွင့်လင်းမြင်သာစွာဆွေးနွေး၊ စုပေါင်းဆုံးဖြတ်၊ စုပေါင်းအကောင်အထည်ဖော်ကြမှသာ ရည်မှန်းချက်များ အကောင်အထည်ပေါ်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒများ၊ လိုလားချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါအတိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး ပါဝင်ဆောင်ရွက်ကြပြီး ဒီမိုကရေစီနည်းလမ်းကျသည့် လွှတ်တော်များတွင် ပါဝင်တက်ရောက်ဆွေးနွေးဆောင်ရွက်နိုင်ရန် ဆောင်ရွက်နေသည့် နိုင်ငံရေးလုပ်ငန်းစဉ် အဆင့်ဆင့် အကောင်အထည်ပေါ်အောင် ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



နေပြည်တော် အောက်တိုဘာ ၁၆

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ အောင်ချမ်းသာကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဇောတိကာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဆင်ဖြူပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ သုံးပါးရတနာကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ ပဋ္ဌာနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဇေတဝန်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ မိုးကုတ်ရိပ်သာကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ညောင်ရမ်းကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ လေသာပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိဇောတိကာရုံကျောင်းတိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ စွယ်တော်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် လားရှိုးမြို့နယ်ရှိ ခါးရိုးပရိယတ္တိစာသင်တိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၃၉၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် အောက်တိုဘာ ၁၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ ၂၄ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၃၉၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မည်သည့်အလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ အာရုံစိုက်၍ ခွန်အားစိုက်ထုတ်ဆောင်ရွက်မည်ဆိုပါက အောင်မြင်မှုကို ရရှိမည်ဖြစ်သဖြင့် အားပြည့်အင်ပြည့်ဖြင့် အားထည့်ဆောင်ရွက်တတ်သည့်အလေ့အကျင့်ကို မွေးမြူဆောင်ရွက်

☆ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် တာဝန်ရှိသူများ၊ မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုများ တက်ရောက်ကြသည်။

### တစ်ဦးချင်း၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခြင်းသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေခြင်းပင်ဖြစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရန်ဖြစ်ပြီး တပ်ရင်းတပ်ဖွဲ့တိုင်း အနေဖြင့် မိမိတို့၏တာဝန်များကို မှန်မှန်ကန်ကန် ထမ်းဆောင်နေခြင်းသည် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်နေခြင်းပင်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့် မိမိတို့၏တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ပြီး စည်းကမ်းစနစ်တကျရှိနေရမည်ဖြစ်ကာ စွမ်းရည်သုံးရပ် ထက်မြက်အောင် စဉ်ဆက်မပြတ် လေ့ကျင့်နေကြရမည်ဖြစ်ကြောင်း၊ အခြေခံစစ်ပညာမှစ၍ တာဝန်ထမ်းဆောင်ချိန် ကာလတစ်လျှောက်လုံးအဆင့်နှင့် လျော်ညီသည့် အသိပညာ၊ အတတ်ပညာများရရှိရေး သင်တန်းကျောင်းများမှလည်း အမြဲမပြတ်လေ့ကျင့်ပေးလျက်ရှိကြောင်း၊ မိမိတို့တစ်ဦးတစ်ယောက်ချင်း ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၌ အောင်မြင်အောင် ဆောင်ရွက်ကြမည်ဆိုပါက ထူးချွန်သည့် တပ်ဖွဲ့များ ဖြစ်လာမည်ဖြစ်ပြီး စွမ်းရည်သုံးရပ်ပြည့်စုံသည့် တပ်မတော်ဖြစ်လာမည်ဖြစ်ကြောင်း။

မည်သည့်အလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ အာရုံစိုက်၍ ခွန်အားစိုက်ထုတ်ဆောင်ရွက်မည်ဆိုပါက အောင်မြင်မှုကို ရရှိမည်ဖြစ်သဖြင့် အားပြည့်အင်ပြည့်ဖြင့် အားထည့်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကို မွေးမြူဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ရမည်ဖြစ်ပြီး စိတ်ဓာတ်၊ စည်းကမ်းနှင့် အားထည့်ဆောင်ရွက်တတ်သည့် အလေ့အကျင့်တို့ကို ပေါင်းစပ်လိုက်ပါက စုစည်းညီညွတ်သည့်အားကို ရရှိမည်ဖြစ်ပြီး လုပ်ငန်းများ အောင်မြင်မည်ဖြစ်ကြောင်း၊ စုစည်းသည့် အင်အားဖြင့် ဆောင်ရွက်ပါက အောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်သည့်အတွက် တပ်တွင်းစည်းလုံးညီညွတ်ရေးကို တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ စွမ်းအားများကို စုစည်းတည်ဆောက်၍ ထုဖြစ်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်ပြီး တပ်တွင်းစည်းလုံးညီညွတ်မှုအားဖြင့် ဆောင်ရွက်မည်ဆိုပါက ပိုမိုအောင်မြင်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်း အားထည့်ဆောင်ရွက်ခြင်းနှင့် စုစည်းညီညွတ်သည့်အားဖြင့် ဆောင်ရွက်ခြင်းသည် တပ်တွင်းစည်းလုံးညီညွတ်မှုကို ပိုမိုအောင်မြင်စေမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံရေးအရ အရေးပေါ်အခြေအနေဖြစ်လာသဖြင့် လိုအပ်ချက်အရ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရကြောင်း၊ ထိုသို့ တာဝန်ယူထမ်းဆောင်ရသည့် အချိန်တွင် မိမိတို့ တာဝန်ယူနေရသည့် လုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ တိုင်းပြည် တည်ဆောက်ရေးလုပ်ငန်းများတွင် တပ်မတော်၏ စုစည်းညီညွတ်သည့်အားကို အသုံးပြုတည်ဆောက်ရန်လိုကြောင်း၊ မိသားစုတစ်ခု၌ပင် အိမ်ထောင်ဦးစီး၊ အိမ်ရှင်မနှင့် သားသမီးတို့ စုစည်းညီညွတ်စွာဖြင့် နေထိုင်မည်ဆိုပါက သာယာပျော်ရွှင်ဖွယ်ဖြစ်သည့် သီရိဂေဟာကို ရရှိနိုင်မည်ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ လုံခြုံမှုအပြည့်အဝ ရရှိပြီး စီးပွားတိုးတက်မှုကိုလည်း ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေး စွမ်းပကားကို မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းအတွက် ယခုကဲ့သို့သောအခြေအနေမျိုးတွင် လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း၊ တပ်မတော်သားအားလုံးနှင့် တပ်မိသားစုဝင်များ အားလုံး၏ စုစည်းညီညွတ်သည့်အားဖြင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အရှေ့တောင်တိုင်းစစ်ဌာနချုပ် မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးက လက်ခံရယူစဉ်။

### တပ်တွင်းစည်းလုံးညီညွတ်ရေးကို အောင်မြင်စွာ တည်ဆောက်

စည်းကမ်းဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ရန် တိုက်တွန်းခြင်းနှင့် မဖြစ်သင့်သည်များကို မလုပ်ဆောင်ရန် တားမြစ်ခြင်းပင်ဖြစ်ကြောင်း၊ စစ်စည်းကမ်းများကို အလေးထားလိုက်နာမည်ဆိုပါက တပ်တွင်းစည်းလုံးညီညွတ်မှုကို ရရှိမည်ဖြစ်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိမည်ဖြစ်ကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်ရေးသည် တပ်မတော်အတွက် အရေးကြီးပြီး တပ်ဖွဲ့များအချင်းချင်း စည်းလုံးညီညွတ်မှုရှိပါက တပ်မတော်ကို မည်သူမျှဖြိုခွဲ၍ရနိုင်မည်မဟုတ်ကြောင်း။

မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ပေါ်တွင် လျှောက်လှမ်းလျက်ရှိပြီး နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပါတီတစ်ခုနှင့်တစ်ခု၊ အဖွဲ့တစ်ခုနှင့်တစ်ခု နိုင်ငံရေးအရ တိုက်ခိုက်ခြင်းများရှိကြောင်း၊ ထိုသို့ဖြစ်ပေါ်ရခြင်းမှာ နိုင်ငံရေးအရ မရင့်ကျက်ခြင်းများကြောင့်ဖြစ်ပြီး တပ်မတော်သည် ခိုင်မာသည့်အဖွဲ့အစည်းတစ်ခုဖြစ်သဖြင့် တပ်မတော်၏ ထောက်ခံမှုများကို လိုလားကြကြောင်း၊ သို့သော် အချို့သောအဖွဲ့များက တပ်မတော်အင်အားချည့်နဲ့စေရန် တိုက်ခိုက်မှုများရှိခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကြောင့် နိုင်ငံရေး ပြဿနာများဖြစ်ပေါ်ခဲ့ပြီး အခြေခံဥပဒေအရ တပ်မတော်မှ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ရကြောင်း၊ ထို့ကြောင့် တပ်တွင်းစည်းလုံးညီညွတ်ရေးကို ပြိုကွဲစေရန်နှင့် တပ်မတော်၏ အင်အားကို ချည့်နဲ့စေရန် ကြိုးပမ်းဆောင်ရွက်လာမှုများရှိလာခဲ့သည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်မှုမှန်ကန်ပြီး တပ်မတော်အတွင်း စည်းလုံးညီညွတ်မှုရှိနေသည့် ကာလတစ်လျှောက်လုံး တိုင်းပြည်ကို ဖြိုခွဲ၍ရနိုင်မည်မဟုတ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်တွင်းစည်းလုံးညီညွတ်ရေးကို ယခင်ကတည်းက ဆောင်ရွက်ခဲ့ပြီး သက်သာချောင်ချိရေးလုပ်ငန်းများ၊ တပ်တည်ဆောက်ရေးလုပ်ငန်းများနှင့် လေ့ကျင့်ရေးလုပ်ငန်းများကို အမြဲမပြတ်ဆောင်ရွက်ခဲ့ကြောင်း၊ လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ် စသည်တို့ဖြင့် တပ်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း။

တပ်များအားလုံး စည်းလုံးညီညွတ်မှုရှိစေရေးအတွက် တပ်မှူးခေါင်းဆောင်များ အားလုံးက ဆောင်ရွက်ကြရမည်ဖြစ်ပြီး စစ်စည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို မှုမှုတတဖြင့် ဆောင်ရွက်သွားမည်ဆိုပါက စာမျက်နှာ ၅ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှက တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ တိုင်းမှူး၏ဇနီးက လက်ခံရယူစဉ်။

- စိတ်ဓာတ်၊ စည်းကမ်းနှင့် အားထည့်ဆောင်ရွက်တတ်သည့် အလေ့အကျင့်တို့ကို ပေါင်းစပ်လိုက်ပါက စုစည်းညီညွတ်သည့်အားကို ရရှိမည်ဖြစ်ပြီး လုပ်ငန်းများအောင်မြင်မည်၊ စုစည်းသည့်အင်အားဖြင့် ဆောင်ရွက်ပါက အောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်သည့်အတွက် တပ်တွင်းစည်းလုံးညီညွတ်ရေးကို တည်ဆောက်ကြရမည်
- စွမ်းအားများကို စုစည်းတည်ဆောက်၍ ထုဖြစ်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်ပြီး တပ်တွင်းစည်းလုံးညီညွတ်မှုအားဖြင့် ဆောင်ရွက်မည်ဆိုပါက ပိုမိုအောင်မြင်မည်၊ တစ်ဦးချင်း အားထည့်ဆောင်ရွက်ခြင်းနှင့် စုစည်းညီညွတ်သည့်အားဖြင့် ဆောင်ရွက်ခြင်းသည် တပ်တွင်းစည်းလုံးညီညွတ်မှုကို ပိုမိုအောင်မြင်စေမည်

# စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေးအတွက် ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာများကို မြင့်မားအောင်မြှင့်တင်ရမည်

## တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးအတွက် ပညာရေးမြှင့်တင်မှုအခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် လေ့ကျင့်ရေးကျောင်းများ၏ လေ့ကျင့်ရေးဆိုင်ရာညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြင်ဦးလွင်တပ်နယ်ရှိ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် လေ့ကျင့်ရေးကျောင်းများ၏ လေ့ကျင့်ရေးဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဧည့်ဂေဟာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်တို့မှ ကျောင်းအုပ်ကြီးများ၊ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### စွမ်းရည်၊ စွမ်းအား ရှိသည့် တပ်မတော်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် လေ့ကျင့်ရေးပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားနိုင်ရေး ယခုကဲ့သို့ စုစုစည်းစည်းဖြင့် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေးအတွက် တပ်များနှင့် တပ်မတော်သားများ၏ စွမ်းရည်သုံးရပ်ကို မြင့်မားအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေးအတွက်မူ ခေတ်မီလက်နက်များကို တပ်ဆင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ ခေတ်မီလက်နက်များကို တပ်ဆင်ပေးရန်အတွက် နိုင်ငံကို ဦးဆောင်သည့် အကြီးအကဲများအနေဖြင့်လည်း နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းပကား မြှင့်တင်မှုအပေါ် စိတ်ပါဝင်စားမှုရှိရမည်ဖြစ်ကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေးသည် တပ်မတော်နှင့် အဓိကသက်ဆိုင်ပြီး စွမ်းအားရှိသည့်တပ်မတော်ဖြစ်စေရေးအတွက်ကိုမူ နိုင်ငံတော်မှ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ခေါင်းဆောင်များတွင် နိုင်ငံရေးကို အလေးပေးဆောင်ရွက်သူနှင့် နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းရည် မြင့်မားရေးအပိုင်းကို စိတ်ဝင်စားသူဟူ၍ရှိပြီး တပ်မတော်နှင့် နိုင်ငံ့ခေါင်းဆောင်များ၏ စိတ်ဝင်စားမှုအလိုက် နိုင်ငံတစ်ခု၏ ကာကွယ်ရေးစွမ်းပကားသည်လည်း ကွာခြားသွားမည်ဖြစ်ကြောင်း။

စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေးအတွက် ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာများကို မြင့်မားအောင် မြှင့်တင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးအတွက် ပညာရေးမြှင့်တင်မှုအခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရည်မြင့်မားလာသည့်အတွက် အတွေ့အကြုံနှင့် အသိအမြင်များသည်လည်း ရင့်ကျက်လာမည်ဖြစ်ကြောင်း။

### လေ့ကျင့်ရေးကျောင်းများ ဖွင့်လှစ်သင်ကြားပေးနေခြင်းသည် အနာဂတ်တပ်မတော်ကို တည်ဆောက်နေခြင်းပင်ဖြစ်

တပ်မတော်တွင် ခေါင်းဆောင်မှုပညာရပ်သည် အလွန်အရေးကြီးပြီး အမိန့်နာခံတတ်မှု၊ စစ်စည်းကမ်းကောင်းမွန်မှုတို့ ပြည့်စုံသည့် နောက်လိုက်ကောင်းဖြစ်ခဲ့မှသာလျှင် ခေါင်းဆောင်အဖြစ်သို့ ရောက်ရှိချိန်၌လည်း ပြည့်စုံကောင်းမွန်သည့် ခေါင်းဆောင်တစ်ဦးဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အတွင်း၌ မည်သည့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ စစ်ဘက်ခေါင်းဆောင်များအနေဖြင့် တိုက်ပွဲဝင်နိုင်အောင် လေ့ကျင့်သင်ကြားပေးခြင်းပင်ဖြစ်ကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေး လေ့ကျင့်ပေးနေမှုများသည် သင်တန်းကျောင်းများအလိုက် အခြေခံအားဖြင့် တူညီမှုရှိကြောင်း၊ အခြေခံစစ်ပညာမှအစပြု၍ အဆင့်အလိုက် လျော်ညီစွာ တတ်မြောက်ရမည့် အတတ်ပညာ၊ အသိပညာများ ရရှိရေး သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း။

သင်ကြားလေ့ကျင့်ပေးရာတွင် အတတ်ပညာတစ်ခုကို သင်ယူတတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးခြင်းနှင့် ယင်းအတတ်ပညာကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်သူများဖြစ်အောင် လေ့ကျင့်သင်ကြားပေးမှုဟူ၍ ရှိကြောင်း၊ လက်ရုံးတပ်ဖွဲ့များတွင်လည်း အဆင့်အလိုက်သင်ယူတတ်မြောက်ရမည့် အသိပညာ၊ အတတ်ပညာများကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ လေ့ကျင့်ရေးနှင့်ပတ်သက်၍ တပ်မတော်တွင် ကဏ္ဍပေါင်းစုံ၌ ပြည့်စုံအောင် ဆောင်ရွက်ပေးထားကြောင်း၊ လေ့ကျင့်ရေးကျောင်းများ ဖွင့်လှစ်သင်ကြားပေးနေခြင်းသည် အနာဂတ်တပ်မတော်ကို တည်ဆောက်နေခြင်းပင်ဖြစ်သည့်အတွက် လေ့ကျင့်ရေးကျောင်းတွင် တာဝန်ထမ်းဆောင်နေသည့် နည်းပြများအနေဖြင့် ပေါ့ပေါ့တန်တန်သဘောမထားစေလိုဘဲ လေးနက်စွာ သင်ကြားပေးရမည်ဖြစ်ကြောင်း။

### ပြင်ဦးလွင်သည် တပ်မတော်၏ လေ့ကျင့်ရေးဘူမိနက်သန်မြေဖြစ်သည့်အတွက် လေ့ကျင့်ရေးပိုင်းဆိုင်ရာများတွင် စံပြဖြစ်နေရမည်

နည်းပြများအနေဖြင့် လေ့ကျင့်သင်ကြားရာတွင် လေ့ကျင့်ရေးဆိုင်ရာပညာရပ်နှင့် စာပေပိုင်းဆိုင်ရာ ပညာရပ်ဟူ၍ရှိပြီး နှစ်ဖက်မျှတစွာ တတ်မြောက်အောင်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ သင်တန်းသားနှင့် နည်းပြအချိုးကို အမြဲလေ့လာဆန်းစစ်နေရမည်ဖြစ်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဘာသာရပ်များကို စနစ်တကျသင်ကြား လေ့ကျင့်ပေးလိုက်မှသာလျှင် လက်တွေ့နယ်ပယ်၌ ကောင်းမွန်စွာအသုံးချနိုင်မည်ဖြစ်ပြီး ကြုံတွေ့လာရသည့် အခက်အခဲများကို အောင်မြင်စွာ ဖြတ်သန်းနိုင်မည်ဖြစ်ကြောင်း၊ အရည်အချင်းပြည့်ဝသည့် သင်တန်းသားများ ပေါ်ထွက်လာရေးအတွက် နည်းပြများသည် အရည်အချင်းပြည့်စုံရမည်ဖြစ်သဖြင့် နည်းပြများရွေးချယ် တာဝန်ပေးရာတွင်လည်း စနစ်တကျရွေးချယ်တာဝန်ပေးအပ်ထားခြင်းဖြစ်ကြောင်း၊ လေ့ကျင့်ပေးသူများ၏ အရည်အချင်းအပေါ်မူတည်၍ လေ့ကျင့်ခံရသူများ၏ အရည်အသွေးများ ပြောင်းလဲမည်ကို သတိချပ်စေလိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျကြပ်မတ် ဆောင်ရွက်ကြစေလိုကြောင်း။

ပြင်ဦးလွင်သည် တပ်မတော်၏ လေ့ကျင့်ရေးဘူမိနက်သန်မြေဖြစ်သည့်အတွက် လေ့ကျင့်ရေးပိုင်းဆိုင်ရာများတွင် စံပြဖြစ်နေရမည်ဖြစ်ကြောင်း၊ ဘာသာရပ်ပိုင်းဆိုင်ရာများအလိုက် ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်မှစ၍ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် သွားလာမှုနှင့် တပ်ပြင်ထွက်ခွင့်များကို

**စာမျက်နှာ ၅ သို့** ✻

❒ **တပ်မတော်တွင် ခေါင်းဆောင်မှုပညာရပ်သည် အလွန်အရေးကြီးပြီး အမိန့်နာခံတတ်မှု၊ စစ်စည်းကမ်းကောင်းမွန်မှုတို့ ပြည့်စုံသည့် နောက်လိုက်ကောင်းဖြစ်ခဲ့မှသာလျှင် ခေါင်းဆောင်အဖြစ်သို့ ရောက်ရှိချိန်၌လည်း ပြည့်စုံကောင်းမွန်သည့် ခေါင်းဆောင်တစ်ဦး ဖြစ်လာနိုင်မည်**

❒ **နည်းပြများအနေဖြင့် လေ့ကျင့်သင်ကြားရာတွင် လေ့ကျင့်ရေးဆိုင်ရာ ပညာရပ်နှင့် စာပေပိုင်းဆိုင်ရာ ပညာရပ်ဟူ၍ရှိပြီး နှစ်ဖက်မျှတစွာ တတ်မြောက်အောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ သင်တန်းသားနှင့် နည်းပြအချိုးကို အမြဲလေ့လာဆန်းစစ်နေရမည်ဖြစ်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဘာသာရပ်များကို စနစ်တကျ သင်ကြား လေ့ကျင့်ပေးလိုက်မှသာလျှင် လက်တွေ့နယ်ပယ်၌ ကောင်းမွန်စွာအသုံးချနိုင်မည်ဖြစ်ပြီး ကြုံတွေ့လာရသည့် အခက်အခဲများကို အောင်မြင်စွာဖြတ်သန်းနိုင်မည်**

✰ စာမျက်နှာ ၃ မှ
အုပ်ချုပ်မှုညီညွတ်မျှတမည်ဖြစ်ကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်မှုမရှိပါက အုပ်ချုပ်မှုလုပ်ငန်းများကို ထိခိုက်လာနိုင်ကြောင်း၊ ထို့ကြောင့် တပ်တွင်းစည်းလုံးညီညွတ်မှုရှိရန် အရေးကြီးလိုအပ်သဖြင့် တပ်မတော်သားအားလုံး အလေးထားနေထိုင်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

တပ်မတော်သားများ သက်သာချောင်ချိရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးထားပြီး တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း၊ စီမံခန့်ခွဲသည့် ခေါင်းဆောင်အသီးသီးမှစနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့်လက်အောက်မှလည်း စနစ်တကျလိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ယခုထက် ပိုမို၍ တပ်တွင်းစည်းလုံးညီညွတ်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဆိုပါက တပ်ပြင်စည်းရုံးရေးများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တပ်တွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် အသား၊ ငါးနှင့် ဥများကို ဌာနဆိုင်ရာဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ရောင်းချပေးမှုများလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အလားတူ တိုင်းပြည်စီးပွားရေးကောင်းမွန်ရန်အတွက်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တပ်တွင်းစည်းလုံးညီညွတ်ရေးကောင်းမွန်ရန်အတွက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ဝင်ငွေနှင့် ထွက်ငွေမျှတမှုရှိစေရေး၊ အသုံးနှင့် အဖြုန်းကို ခွဲခြားသိရှိကြစေလိုကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးကိုသာမက တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုပါ ဆောင်ရွက်မည်ဆိုပါက မိမိတို့၏ သက်သာချောင်ချိရေးကို ပိုမိုအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

စိတ်ဓာတ်ပိုင်းဆိုင်ရာနှင့် ပတ်သက်၍ တပ်တွင်းစည်းလုံးညီညွတ်ရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းများ ကောင်းမွန်အောင်မြင်ပါက စိတ်ဓာတ်များ တက်ကြွလာမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းအသိစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ရန်လိုပြီး တပ်တွင်း အားကစားပွဲများဆောင်ရွက်၍လည်း စိတ်ဓာတ်မြင့်တင်ရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အားကစားပွဲများတွင် အောင်မြင်မှုသည် အောင်ပွဲခံယူချင်သည့် စိတ်ဓာတ်ကို ဖြစ်ပေါ်စေကြောင်း၊ ထို့ကြောင့် မည်သည့်အလုပ်ကို ဆောင်ရွက်သည်ဖြစ်စေ အလေးထားဆောင်ရွက်မည်ဆိုပါက အောင်မြင်မှုများရရှိမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

✻ စာမျက်နှာ ၄ မှ
ကန့်သတ်ချက်များပေးထားသဖြင့် သင်တန်းသားများအနေဖြင့် စာပေပညာ၊ စစ်ပညာများကို လေ့လာသင်ယူချိန် ပိုမိုရရှိမည်ဖြစ်ကြောင်း၊ ဗဟုသုတရစေမည့် စာပေပညာများကို ဖတ်မှတ်လေ့လာရမည်ဖြစ်ပြီး အချိန်ကို အကျိုးရှိရှိ အသုံးချရန် လိုကြောင်း။

**သင်တန်းသားတစ်ဦးချင်းစီအလိုက် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်မှုရှိအောင် သင်ကြားလေ့ကျင့်ပေးရမည်**

စစ်ပညာ၊ စာပေပညာများကို သင်ယူနေရသည်ဖြစ်သည့်အတွက် အခြေခံစစ်ပညာသင်ကြားမှုကာလတွင် သင်တန်းသားများအနေဖြင့် ပင်ပန်းကြမ်းတမ်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများကို ကြံ့ခိုင်မှုရှိအောင် စနစ်တကျဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်သဖြင့် ကျန်းမာရေးကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျန်းမာမှုရှိစေရေးအတွက် အာဟာရပြည့်ဝပြီး ကိုယ်ခန္ဓာဖွံ့ဖြိုးစေသည့် စားသောက်မှုပုံစံကို ဖော်ဆောင်ပေးရမည်ဖြစ်ပြီး ကြံ့ခိုင်သန်စွမ်းမှုရှိစေရေးအတွက် နည်းစနစ်ကျသည့် လေ့ကျင့်မှုများဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တပ်မတော်သားတစ်ဦးအဖြစ် စတင်ဝင်ရောက်ရန် ရွေးချယ်စဉ်ကတည်းကပင် လိုအပ်သည့် ကိုယ်ခန္ဓာ၊ အရပ်အမောင်းနှင့် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများကို ခံယူခဲ့ရပြီးဖြစ်ကြောင်း၊ တစ်ဦးချင်းစီအလိုက် ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်စားသောက်မှုပုံစံအလိုက် ရောဂါဘယကင်းဝေးမှု၊ ကျန်းမာကြံ့ခိုင်မှုတို့သည်လည်း ကွာခြားသွားမည်ဖြစ်သဖြင့် တစ်ဦးချင်း၏ နေထိုင်မှုပုံစံကောင်းမွန်စေရေး သင်တန်းကျောင်းများ၌ လေ့ကျင့်ပေးလိုက်ရမည်ဖြစ်ကြောင်း၊ သင်တန်းဆင်းပြီးနောက်ပိုင်း ၎င်းတို့၏ကိုယ်ပိုင် ဆင်ခြင်တုံတရားဖြင့် ကောင်းမွန်သည့် ဘဝကိုပုံဖော်ဖြတ်သန်းနိုင်အောင် လေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ လူတစ်ဦးနှင့်တစ်ဦး ကိုယ်ခန္ဓာတည်ဆောက်ပုံခြင်းတူညီမှုရှိမည်မဟုတ်သဖြင့် ၎င်းတို့ လုပ်ဆောင်နိုင်မည့် ခံနိုင်ရည်စံနှုန်းများကို လေ့ကျင့်မှုဖြင့် တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ နည်းပြများ အနေဖြင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ သင်ကြားလေ့ကျင့်ပေးနေရသူများဖြစ်ကြောင်း၊ ထို့ပြင် စိတ်ဓာတ်စည်းကမ်းကောင်းမွန်ရေးအတွက်လည်း သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ပြီး တူညီသည့် စိတ်ဓာတ်စည်းကမ်းများကို လေ့ကျင့်ပုံဖော်ပေးရန်လိုပြီး ကျောင်းအလိုက် ကောင်းမွန်သည့် အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းသင်ကြားပေးရန် လိုကြောင်း၊ သင်ကြားသူများ၏ ပုံစံအလိုက် သင်တန်းသားများသည်လည်း ကွာခြားသွားမည်ဖြစ်ကြောင်း။

တပ်မတော်မှ ရိက္ခာနှုန်းထားများသည် စစ်သည်တစ်ဦးချင်း အမှန်တကယ်လိုအပ်သည့် အာဟာရများ ပြည့်ဝစေရေးအတွက် စနစ်တကျ တွက်ချက်ထုတ်ပေးထားခြင်းဖြစ်သဖြင့် ပြည့်ပြည့်ဝဝစားသုံးနိုင်ရေး စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည့်ဝစွာ စားသုံးနိုင်ရမည်ဖြစ်သကဲ့သို့ ကောင်းမွန်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းများသည် ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးသည့် သင်တန်းသားများကို မွေးထုတ်ပေးရမည်ဖြစ်သဖြင့် ၎င်းတို့တစ်ဦးချင်းစီ၏ နေထိုင်စားသောက်မှုပုံစံများစနစ်တကျဖြစ်စေရေး နည်းပြများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ အသက်အရွယ် အလိုက်၊ မျိုးရိုးဗီဇအလိုက် ကွဲပြားခြားနားမှုများ ရှိနိုင်မည်ဖြစ်သော်လည်း တပ်မတော်တွင် သတ်မှတ်ထားသည့် အသက်အရွယ်အလိုက် ရှိသင့်ရှိထိုက်သည့် စံနှုန်းများပြည့်မီရန်လိုအပ်မည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်ကြီးမောင်မောင်အေးက တပ်မတော်တွင် ဆောင်ရွက်လျက်ရှိသည့် လေ့ကျင့်ရေးပိုင်းဆိုင်ရာများ၊ သင်တန်းကျောင်းများ၏ လေ့ကျင့်ရေးစံနှုန်းသတ်မှတ်ချက်များ၊ သင်တန်းသားများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ မြှင့်တင်ရေးဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်နိုင်မည့် အခြေအနေများကို တင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် လေ့ကျင့်ရေးပိုင်းဆိုင်ရာနှင့် ပတ်သက်၍ လိုအပ်သည်များကို ယခုကဲ့သို့ အချိန်ယူ၍ မှာကြားခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် လုံခြုံရေးပိုင်းဆိုင်ရာနှင့် ပတ်သက်၍လည်း အရာရှိ၊ စစ်သည် တစ်ဦးချင်းအနေဖြင့် မိမိကိုယ်တိုင် သတင်းလုံခြုံမှုနှင့် ပတ်သက်၍ သတိထားဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ မိမိတို့၏ မိသားစုဝင်များအနေဖြင့်လည်း သတင်းလုံခြုံမှုနှင့် ပတ်သက်၍ ထိခိုက်မှုမရှိစေရေး လုံခြုံရေးအသိ၊ လုံခြုံရေးသတိတို့ဖြင့် ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း၊ သင်တန်းကျောင်းများမှ နည်းပြများဖြစ်ပြီး အရည်အချင်းရှိသူများဖြစ်သည့်အတွက် မိမိတို့ လေ့ကျင့်သင်ကြားပေးနေသည့် သင်တန်းသားများကိုလည်း လုံခြုံရေးအသိရှိအောင် သင်ကြားပေးရန်လိုကြောင်း၊ လူမှုကွန်ရက်စာမျက်နှာ၊ အွန်လိုင်းနည်းပညာအသုံးချမှုများကို အကျိုးရှိသည့် နေရာများ၌သာ အသုံးချရန်လိုပြီး စည်းကမ်းစနစ်တကျရှိရမည်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင် စံနမူနာကောင်းပြ၍ ညီညွတ်မျှတသည့် ခေါင်းဆောင်မှုဖြင့် အရည်အချင်းပြည့်ဝသည့် သင်တန်းသားများဖြစ်စေရေး ကြိုးပမ်းလေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**❂ တပ်မတော်မှ ရိက္ခာနှုန်းထားများသည် စစ်သည် တစ်ဦးချင်း အမှန်တကယ်လိုအပ်သည့် အာဟာရများ ပြည့်ဝစေရေးအတွက် စနစ်တကျ တွက်ချက်ထုတ်ပေးထားခြင်းဖြစ်သဖြင့် ပြည့်ပြည့်ဝဝစားသုံးနိုင်ရေး စီမံဆောင်ရွက်ပေးရမည်၊ ပြည့်ဝစွာ စားသုံးနိုင်ရမည်ဖြစ်သကဲ့သို့ ကောင်းမွန်ရန်လည်းလိုအပ်မည်**

**❂ သင်တန်းကျောင်းများသည် ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးသည့် သင်တန်းသားများကို မွေးထုတ်ပေးရမည်ဖြစ်သဖြင့် ၎င်းတို့ တစ်ဦးချင်းစီ၏ နေထိုင်စားသောက်မှုပုံစံများ စနစ်တကျ ဖြစ်စေရေး နည်းပြများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ရန်လို**

**❂ အသက်အရွယ် အလိုက်၊ မျိုးရိုးဗီဇအလိုက် ကွဲပြားခြားနားမှုများ ရှိနိုင်မည်ဖြစ်သော်လည်း တပ်မတော်တွင် သတ်မှတ်ထားသည့် အသက်အရွယ်အလိုက် ရှိသင့်ရှိထိုက်သည့် စံနှုန်းများ ပြည့်မီရန်လိုအပ်မည်**

# လူသားတို့ရှင်သန်မှုအတွက် လိုအပ်သည့် စွမ်းအင်ကို အစားအသောက်များမှ ရရှိခြင်းဖြစ်သည့်အတွက် စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးတို့သည် ကမ္ဘာ့လူသားများ ရှင်သန်နေထိုင်ရေးအတွက် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး မရှိမဖြစ် လိုအပ်ချက်များဖြစ်

❒ ကျောဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် လူသားတို့ရှင်သန်မှုအတွက် လိုအပ်သည့် စွမ်းအင်ကို အစားအသောက်များမှ ရရှိခြင်းဖြစ်သည့်အတွက် စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးတို့သည် ကမ္ဘာ့လူသားများ ရှင်သန်နေထိုင်ရေးအတွက် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး မရှိမဖြစ် လိုအပ်ချက်များဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ကမ္ဘာ့နိုင်ငံများ၌ ကျင်းပလျက်ရှိသည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့သည် ကမ္ဘာသူကမ္ဘာသားများအတွက် အထူးအလေးထားရမည့်နေ့ ဖြစ်ကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**စားနပ်ရိက္ခာချို့တဲ့သူဦးရေ မြင့်တက်လာ**

ကမ္ဘာပေါ်၌ အစာရေစာလုံလောက်စွာ စားသုံးနိုင်ခြင်းမရှိသူဦးရေသည် မြင့်တက်နေဆဲဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် စားနပ်ရိက္ခာမဖူလုံသူ လူဦးရေ ၈၂၈ သန်းကျော်ရှိကြောင်းနှင့် ပြီးခဲ့သည့် နှစ်နှစ်အတွင်း စားနပ်ရိက္ခာချို့တဲ့သူဦးရေ ၁၃၅ သန်းမှ ၁၉၃ သန်းအထိ မြင့်တက်လာခဲ့ကြောင်းကို ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးက ထုတ်ပြန်ထားကြောင်း။

ထို့ပြင် ယနေ့ တစ်ကမ္ဘာလုံးရင်ဆိုင်နေကြရသည့် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ပြန့်ပွားမှုကာလ သုံးနှစ်အတွင်း ထပ်ဆင့်လာသည့် နိုင်ငံအချင်းချင်း ပဋိပက္ခများကြောင့် နိုင်ငံအသီးသီးတွင် စီးပွားရေးတုံ့ဆိုင်းမှု၊ ကျဆင်းမှု၊ ဈေးနှုန်းကြီးမြင့်မှုများနှင့် ရင်ဆိုင်နေကြရကြောင်း၊ အဆိုပါ အခြေအနေများ ပေါင်းဆုံသည့်အခါ ပြည်တွင်းထုတ်လုပ်မှု ကွင်းဆက်များကို ပြတ်တောက်စေခဲ့ပြီး ပြည်သူများ၏ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကိုပါ အကန့်အသတ်ဖြစ်စေခဲ့ကြောင်း၊ တစ်ဖက်တွင် တိုးပွားနေသည့် လူဦးရေအတွက် နေ့စဉ်စားရေရိက္ခာလိုအပ်မှုသည် မြင့်တက်နေဆဲဖြစ်၍ စိုက်ပျိုးထုတ်လုပ်မှု မလျော့ကျအောင် ထိန်းကျောင်းရန်နှင့် တိုးတက်ထုတ်လုပ်နိုင်ရန် အထူးလိုအပ်လာကြောင်း။

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍသည် နိုင်ငံစီးပွားရေးကို အဓိကမောင်းနှင်နေသည့် ကဏ္ဍကြီးဖြစ်ပြီး အခြားနိုင်ငံများနည်းတူ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ရင်ဆိုင်ခဲ့ရသော်လည်း မိမိတို့အနေဖြင့် ပြည်သူ ပြည်သားများ၏ စားရေရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးကို အဓိကထားကာ ပြည်တွင်းသီးနှံသားငါးထုတ်လုပ်မှုများ ကျဆင်းမသွားအောင် နည်းလမ်းမျိုးစုံဖြင့် အဘက်ဘက်မှ ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၏ ၂၃ ဒသမ ၇ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း၊ လယ်ယာသားငါးကဏ္ဍ ပို့ကုန်တန်ဖိုးအနေဖြင့် စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၃၅ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ၂၀၂၁-၂၀၂၂ ခုနှစ် ပထမခြောက်လတာကာလအတွင်း ပို့ကုန်တန်ဖိုး စုစုပေါင်း၏ ၃၄ ဒသမ ၆ ရာခိုင်နှုန်း တင်ပို့နိုင်ခဲ့ကြောင်း။

ထိုသို့ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် စိုက်ပျိုးမွေးမြူထုတ်လုပ်သူ တောင်သူလယ်သမားကြီးများနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက် ပါဝင်သူများ၏ လက်မလျှော့တမ်း ကြိုးပမ်းမှုများကြောင့်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှု အကျပ်အတည်းကြားမှ စားရေရိက္ခာထုတ်လုပ်မှုများ မလျော့ကျဘဲ ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံအောင် ကြိုးစားအားထုတ်ခဲ့ကြသည့် တောင်သူလယ်သမားကြီးများအားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့် နိုင်ငံ၏ “စားနပ်ရိက္ခာလူစွမ်းကောင်းများ”အဖြစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့တွင် မှတ်တမ်းတင်ဂုဏ်ပြုပြောကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မွေးမြူရေးကဏ္ဍဆိုင်ရာ ထူးချွန်ဆုရရှိသူ တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

**○ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးလုပ်ငန်းစဉ် (၂)ရပ်ဖြစ်သည့် “တိုင်းပြည်သာယာဝပြောရေး”နှင့် “စားရေရိက္ခာဖူလုံရေး” ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍ ထုတ်လုပ်မှု တိုးတက်မြင့်မားရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ သို့မှသာ တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ဒေသပေါင်းစုံ၊ မြို့နယ်၊ ကျေးရွာအဆင့်အထိ၊ အလုပ်သမား၊ လယ်သမား၊ လူကြီး၊ လူငယ်၊ အမျိုးသမီး၊ ကလေး၊ မသန်စွမ်းသူ မည်သူမျှ မကျန်ရစေရဘဲ စားရေရိက္ခာ ဝဝလင်လင် ရရှိစားသုံးနိုင်မည်ဖြစ်**

**တွန်းအားပေးဆောင်ရွက်လျက်ရှိ**

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေး လုပ်ငန်းစဉ် (၂)ရပ်ဖြစ်သည့် **“တိုင်းပြည်သာယာဝပြောရေး”** နှင့် **“စားရေရိက္ခာဖူလုံရေး”** ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍ ထုတ်လုပ်မှု တိုးတက်မြင့်မားရေးကို တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ သို့မှသာ တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ဒေသပေါင်းစုံ၊ မြို့နယ်၊ ကျေးရွာအဆင့်အထိ၊ အလုပ်သမား၊ လယ်သမား၊ လူကြီး၊ လူငယ်၊ အမျိုးသမီး၊ ကလေး၊ မသန်စွမ်းသူ မည်သူမျှ မကျန်ရစေရဘဲ စားရေရိက္ခာ ဝဝလင်လင် ရရှိစားသုံးနိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ မတူကွဲပြားသည့် ရာသီဥတု၊ ရေမြေသဘာဝ အခြေအနေများအရ သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်နိုင်စွမ်းရှိသည့်အတွက် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ပြည်ပပို့ကုန်သီးနှံဖြစ်သော စပါးကို ဧက ၁၇ ဒသမ ၄ သန်း စိုက်ပျိုးခဲ့ပြီး အထွက်တင်းပေါင်း ၁၃၁၅ သန်း ထုတ်လုပ်နိုင်ခဲ့ကာ အခြားအရေးကြီးသီးနှံများဖြစ်သည့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် အစေ့ထုတ်ပြောင်း စသည့်သီးနှံမျိုးစုံတို့ကို နိုင်ငံတစ်ဝန်း စုစုပေါင်းစိုက်ဧက ၄၈ ဒသမ ၄၀ သန်းအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ သီးနှံစုံထွက်ရှိသည့်ပမာဏသည် ယခင်ပုံမှန်ထွက်ရှိမှုထက် သိသိသာသာ လျော့ကျမှုမရှိဘဲ စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာနှင့် ချည်မျှင်ရှည်ဝါတို့သည် ယခင်နှစ်ထက် ပိုမိုထွက်ရှိခဲ့ကြောင်း။

မွေးမြူရေးကဏ္ဍအနေဖြင့် အသားထုတ်လုပ်မှု ပိဿာ ၃၆၀ ဒသမ ၁၄ သန်း၊ ဥပေါင်း ၁၈၂၂ ဒသမ ၂၂ သန်း၊ နို့ပိဿာ ၆၅၇ ဒသမ ၀၄ သန်း၊ ရေချိုငါး/ ပုစွန်ထုတ်လုပ်မှု ပိဿာ ၁၀၇၄ ဒသမ ၃၄ သန်း၊ ရေငန်ငါး/ ပုစွန်ပိဿာ ၁၁၄၇ ဒသမ ၃၇ သန်း ထုတ်လုပ်နိုင်ခဲ့ကြောင်း။

စားသုံးဆီကို ပြည်ပမှ တင်သွင်းမှုလျှော့ချနိုင်ရေးနှင့် ပြည်တွင်းစားသုံးမှုဖူလုံစေရေး မြေပဲနှင့် နှမ်းအပြင် ဆီထွက်နှုန်းကောင်းမွန်သည့် ဆီအုန်း၊ နေကြာ၊ မုန်ညင်းနှင့် ပဲပုပ်တို့ကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်း၊ ဖွဲနု၊ ဝါစေ့နှင့် ပြောင်းဖူးကဲ့သို့သော ဘေးထွက်ပစ္စည်းများမှ ဆီထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းစားသုံးဆီ ဖူလုံစေရေးထုတ်လုပ်မှုကို မြှင့်တင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အဝတ်အထည်အတွက် အရေးကြီးသော ချည်မျှင်များဖူလုံစွာ ထုတ်လုပ်နိုင်ရန် “ဝါ”ကို အဓိကသီးနှံအဖြစ် မြှင့်တင်ဆောင်ရွက်ရေးနှင့် စက်မှုကဏ္ဍ ကုန်ချောထုတ်လုပ်မှုလုပ်ငန်းများ ခေတ်မီတိုးတက်စေရေးတို့အတွက် နိုင်ငံတော်အစိုးရက တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

ထို့ပြင် စားနပ်ရိက္ခာအတွက် အရေးကြီးသည့် သီးနှံများကို ဧရိယာတိုးချဲ့စိုက်ပျိုးခြင်းထက် သီးထပ်စွမ်းအားတိုးတက်စေရေး စီမံချက်များချမှတ်ဆောင်ရွက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးနိုင်ရေးနှင့် ပုဂ္ဂလိကမျိုးစေ့ထုတ်ကဏ္ဍ တိုးတက်လာစေရေးအတွက် ဌာန၊ သမဝါယမ၊ ကုမ္ပဏီ စသည်တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

မျိုးစေ့ထုတ်လုပ်ခြင်း၊ ရာသီဥတုပြောင်းလဲမှုအပေါ် မူတည်၍ ရေမြေ၊ ဒေသအလိုက် လိုက်လျောညီထွေဖြစ်မည့် သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးခြင်း၊ ဆည်ရေလုံလောက်စွာမရရှိသည့် ဒေသများတွင် ဝင်ငွေရရှိစေနိုင်မည့် သီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်းနှင့် သက်တမ်းတိုဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်း၊ ဒေသဝမ်းစာဖူလုံရေး အစီအမံများ ချမှတ်အကောင်အထည်ဖော်ခြင်း၊ စိုက်ပျိုးနည်းပညာပေးလုပ်ငန်းများ မြှင့်တင်ခြင်း စသည့် လုပ်ငန်းများကို နေပြည်တော်ကောင်စီနယ်မြေ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဆောင်ရွက်လျက်ရှိကြရာ

**စာမျက်နှာ ၇ သို့ »»»**





(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပသည့် “ရာမာယဏ” ဇာတ်တော်ကြီးပြိုင်ပွဲအား ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဇာတ်တော်ကြီးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၁၆**

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပသည့် “ရာမာယဏ” ဇာတ်တော်ကြီးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ “ရာမာယဏ”ဇာတ်တော်ကြီး ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မန်းရာမဇာတ်တော်ကြီးအဖွဲ့က မူရင်းရာမာယဏ ဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆိုငိုပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်၍ သရုပ်ဖော်ယှဉ်ပြိုင်နေမှုကို ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် သာသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့များနှင့်အတူ ကြည့်ရှုအားပေးကြသည်။

“ရာမာယဏ”ဇာတ်တော်ကြီး ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အဖွဲ့များက အောက်တိုဘာ ၁၂ ရက်မှ ယနေ့အထိ သရုပ်ဖော်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

»»» **စာမျက်နှာ ၆ မှ**

အောင်မြင်အောင်အကောင်အထည်ဖော်ဆက်လက်လုပ်ဆောင်ကြရမည် ဖြစ်ကြောင်း။

ငါးသယံဇာတထိန်းသိမ်းပြီး ရေရှည်တည်တံ့စေရေးအတွက် ငါးမဖမ်းရရာသီသတ်မှတ်ခြင်း၊ တရားမဝင် ငါးဖမ်းဆီးမှုပပျောက်စေရေးအတွက် ငါးဖမ်းရေယာဉ်စောင့်ကြည့် ထိန်းချုပ်ရေးစနစ်နှင့် စောင့်ကြည့်ကြပ်မတ်ခြင်း၊ မျိုးစိတ်တစ်ခုချင်းအလိုက်နှင့် ငါးဖမ်းဧရိယာအလိုက် ငါးမဖမ်းရနယ်မြေများ သတ်မှတ်ခြင်း၊ တားမြစ်ထားသည့် ငါးဖမ်းကိရိယာများဖြင့် ငါးမဖမ်းဆီးရေးအတွက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် ငါးသယံဇာတတည်ရှိမှုအကဲဖြတ်လေ့လာဆန်းစစ်ခြင်း သုတေသနလုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံအတွင်း အာဟာရချို့တဲ့မှုနှုန်းမြင့်မားခြင်းကို လျှော့ချရန် ရည်ရွယ်ရေးဆွဲထားသည့်ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ(၅)နှစ် စီမံကိန်း ၂၀၁၈-၂၀၂၃ ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပြည်နယ်များနှင့် အခြားဖွံ့ဖြိုးမှုနောက်ကျနေသေးသည့် ဒေသများတစ်ပြိုင်တည်း ဖွံ့ဖြိုးလာစေရန် ကျေးလက်ဒေသ ပြောင်းလဲဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း။

ကျေးလက်ဒေသ ပြောင်းလဲဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် စိုက်ပျိုးထုတ်လုပ်မှု စွမ်းအားမြင့်မားခြင်း၊ စီးပွားရေးလုပ်ငန်းများဖြစ်ထွန်းခြင်း၊ ဈေးကွက်ဝင်ထုတ်ကုန်များ ပိုလျှံစွာထွက်ရှိခြင်း၊ ကွဲပြားခြားနားသည့်ထုတ်လုပ်မှုပုံစံနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပေါ်ထွန်းလာခြင်း လုပ်ငန်းများဖြစ်ပေါ်စေရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဒေသအလိုက်သင့်လျော်သည့် လယ်ယာပြင်ပလုပ်ငန်းများ၊ စွန့်ဦးတီထွင်မှုအခွင့်အလမ်းများ၊ ဒေသဖွံ့ဖြိုးမှုအတွက်သက်ဆိုင်သည့် မူဝါဒချမှတ်မှုများတွင်ပါဝင်နိုင်စွမ်းများ မြင့်မားလာရမည်ဖြစ်ကြောင်း၊ ကျေးလက်ပြည်သူများသည် အဆိုပါအခွင့်အလမ်းများနှင့် အကျိုးတရားများကိုရရှိမည်ဖြစ်သကဲ့သို့ ကျေးလက်ဒေသစီးပွားရေးနှင့် ဖွံ့ဖြိုးမှုကို ကျယ်ကျယ်ပြန့်ပြန့် မြင့်မားစေပြီး လူတိုင်းစေ့သည့် ရေရှည်တည်တံ့ဖွံ့ဖြိုးသော ကျေးလက်ဒေသများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း။

**ကျေးလက်နေပြည်သူများရရှိစေမည်**

ကျေးလက်ဒေသ ပြောင်းလဲဖွံ့ဖြိုးခြင်းဖြင့် မြေယာပိုင်ဆိုင်မှု၊ နည်းပညာအသုံးပြုမှု၊ ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်နိုင်မှု၊ မြို့ပြရောက်လုပ်သားများပြန်လည်ကူးလူး ပြောင်းရွှေ့လာမှုများ ဖြစ်ပေါ်လာပြီး ကျေးလက်ဒေသအတွက် ဘက်စုံအကျိုးတရားများ ရရှိမည်ဖြစ်ကြောင်း၊ နောက်ဆုံးတွင် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြီးပြည့်စုံသည့် ပြောင်းလဲမှုများကိုကျေးလက်နေပြည်သူများရရှိစေမည် ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်ခြင်း၊ စီးပွားရေးလုပ်ဆောင်နိုင်ရေး အရင်းမပျောက်မတည်ငွေထုထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်ပေးခြင်း၊ ပြည်သူများ၏ တစ်ကိုယ်ရည်သန့်ရှင်းရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကာကွယ်ရေးတို့ကို ဌာန/အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်စေခြင်း၊ တစ်နိုင်တစ်ပိုင်အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းများကို နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်ရရှိစေရေး လူမှုအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးဖွံ့ဖြိုးမှုကို ပြန်လည်မြှင့်တင်နိုင်ရန်၊ ငွေကြေးမတည်ငြိမ်မှုကြောင့်ရိုက်ခတ်လျက်ရှိသည့် အကျိုးဆက်များမှ ကာကွယ်နိုင်ရန်၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် ဈေးကွက်လိုအပ်ချက်နှင့် ပြည်တွင်းထုတ်လုပ်မှု ဟန်ချက်ညီစေရန် ပြည်နယ်များနှင့် အခြားဖွံ့ဖြိုးမှု နောက်ကျနေသေးသော ဒေသများဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးခြင်းဖြင့် မြို့ပြနှင့် ကျေးလက်ကွာဟမှုကို လျှော့ချပေးနိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေအဖြစ် ငွေကျပ်ဘီလီယံ ၄၀၀ ထူထောင်ပြီး အကျိုးတူလယ်ယာစနစ်ကို တိုင်းဒေသကြီးများနှင့် မြစိမ်းရောင်စိုက်ပျိုးမွေးမြူရေးစီမံကိန်းများကို ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ၌ ဆောင်ရွက်သွားရန် စီမံဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း။

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီး၏ ယခုနှစ်ကမ္ဘာ့စားနပ်ရိက္ခာနေ့ဆောင်ပုဒ်မှာ **"Leave no one behind. Better Production, Better Nutrition, a Better Environment and a Better Life" "ထွက်ကုန်မြှင့်တင်တိုးထုတ်လျှင် ကောင်းမွန်ပြည့်ဝ အာဟာရ၊ ဝန်းကျင်လှပတို့ဘဝ၊ လူတိုင်းစေ့ငရှိကြ"** ဟု ချမှတ် တိုက်တွန်းနိုးဆော်ထားကြောင်း။

မိမိတို့အစိုးရသည် ပြည်သူပြည်သားအားလုံး နေ့စဉ်စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေး၊ ကျေးလက်ဒေသနေပြည်သူအားလုံး၏ လူမှုစီးပွားဘဝနှင့် လူနေမှု အဆင့်အတန်းမြင့်မားလာရေး၊ တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်ရေး၊ ဒေသအသီးသီးအချိုးညီဖွံ့ဖြိုးလာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို အလေးထား၍ ပြည်သူကိုဗဟိုပြုဆောင်ရွက်လျက်ရှိကြောင်း။

**ပြည့်စုံပျော်ရွှင်သော လူမှုဘဝ**

လယ်ယာကဏ္ဍလုပ်ငန်းနယ်ပယ်အသီးသီး၌ ပါဝင်သူအားလုံး၏ စိတ်အားထက်သန်စွာပါဝင်မှုနှင့် လယ်ယာကဏ္ဍထွက်ကုန်များ မြှင့်တင်တိုးထုတ်နိုင်ရေး တက်ညီလက်ညီအားထုတ်ကြိုးပမ်းကြမည်ဆိုလျှင် ကောင်းမွန်ပြည့်ဝသည့် စားနပ်ရိက္ခာနှင့် အာဟာရကို တစ်ယောက်မကျန်အားလုံးရရှိကြပြီး ပြည့်စုံပျော်ရွှင်သော လူမှုဘဝနှင့် သာယာလှပသည့် သဘာဝပတ်ဝန်းကျင်ကို ဖန်တီးနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး က ၂၀၂၂ ခုနှစ်ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားတွင် မြန်မာနိုင်ငံ၏ သီးနှံ၊ သားငါး၊ ရိက္ခာထုတ်လုပ်မှုစနစ် ပိုမိုတိုးတက်ကောင်းမွန်လာရေး ကြိုးပမ်းကြရန်အတွက် ရည်ရွယ်ပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ မွေးမြူရေးလုပ်ငန်း၊ ငါးလုပ်ငန်း၊ ဆည်ရေအသုံးချမှု၊ စီမံခန့်ခွဲမှုနှင့် သစ်တောစိုက်ခင်းဆောင်ရွက်မှုတို့တွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့သည့် တောင်သူများ၊ လုပ်ငန်းရှင်များ၊ အဖွဲ့များအား ထူးချွန်ဆုများ ချီးမြှင့်ပေးအပ်မည့် အခြေအနေများနှင့် လယ်ယာကဏ္ဍနှင့် စားနပ်ရိက္ခာ အာဟာရပြည့်ဝရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ ပြုလုပ်သော ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ World Food Day 2022 Video Message နှင့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် မှတ်တမ်း Video Clip ကို ပြသသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုးနှင့် ဦးခင်မောင်ရီတို့က ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ ထူးချွန်ဆု ရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံစားနပ်ရိက္ခာဖူလုံရေးဆိုင်ရာမှတ်တမ်းနှင့် ပိုစတာများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ မွန်တိုင်းရင်းသားရိုးရာအကပြိုင်ပွဲနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပသည့် မွန်တိုင်းရင်းသားရိုးရာအကပြိုင်ပွဲသို့ တက်ရောက်ပြီး ပြိုင်ပွဲဝင်အဖွဲ့များ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုး နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပသည့် မွန်တိုင်းရင်းသားရိုးရာ အကပြိုင်ပွဲ ပြိုင်ပွဲဝင်အဖွဲ့များ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးစဉ်။

**ကပြယှဉ်ပြိုင်**

အဆိုပါပြိုင်ပွဲတွင် အလွတ်တန်းအဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အကအဖွဲ့များက ဟာသ်ာတို့ရဲ့ပျော်ရာမြေ သီချင်းနောက်ခံဖြင့် လှပတင့်တယ် ကျက်သရေရှိလှသည့် မွန်တိုင်းရင်းသားရိုးရာ ကကြိုး၊ ကကွက်များကို ညီညာလှပ ကျွမ်းကျင်ပိုင်နိုင်စွာ ကပြယှဉ်ပြိုင်ကြသည်။

အလားတူ မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ ကျင်းပသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းပြိုင်ပွဲသို့ တက်ရောက်ပြီး ပြိုင်ပွဲဝင်များ၏ သီဆိုယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

**ကျွမ်းကျင်ပိုင်နိုင်စွာ ယှဉ်ပြိုင်**

အဆိုပါ ပြိုင်ပွဲတွင် ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲဝင်များက ထင်ရှားကျော်ကြားလှသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းများဖြစ်သော တပင်ရွှေထီး၊ လှေပွဲနှင့်ကောင်းစားတော့မည် စသည့် တေးသီချင်းများအား ငြိမ့်ညောင်းသာယာနားဝင်ပီယံရှိစေမည့်အပြင် နားဆင်သူများအဖို့ စိတ်အားထက်သန်စေမည့် အသံနေအသံထားများဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ ယှဉ်ပြိုင်ခဲ့ကြသည်။

ယနေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)ရှိ Plenary Hall ၌ မြန်မာအကအခြေခံကဗျာလွတ်(ပထမအဆင့်) အကပြိုင်ပွဲများနှင့် News Briefing Room ၌ ဂီတာအတီးပြိုင်ပွဲများကို ဆက်လက်ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက အနုပညာရသပေါ်လွင်စွာဖြင့် ယှဉ်ပြိုင်လျက်ရှိကြသည့်အပြင် အနုသုခုမကို စိတ်ဝင်စားကြသည့်ဝါသနာရှင်များကလည်း တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့တွင်ကျင်းပမည့် Association of World Election Bodies(A-WEB)၏ (၅)ကြိမ်မြောက် အထွေထွေညီလာခံသို့ တက်ရောက်ရန် ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၁၆**

တောင်အာဖရိကနိုင်ငံရွေးကောက်ပွဲကော်မရှင်နှင့် Association of World Election Bodies(A–WEB)တို့၏ ဖိတ်ကြားချက်အရ တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့တွင် ကျင်းပမည့် Association of World Election Bodies (A–WEB)၏ (၅) ကြိမ်မြောက် အထွေထွေညီလာခံသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်တို့ တက်ရောက်မည်ဖြစ်သည်။

**ပို့ဆောင်နှုတ်ဆက်**

အဆိုပါ အထွေထွေညီလာခံသို့တက်ရောက်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်း၊ ဦးစောဘလှိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

Association of World Election Bodies(A–WEB)အဖွဲ့ကို ၂၀၁၃ ခုနှစ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၀၉ နိုင်ငံမှ ရွေးကောက်ပွဲဆိုင်ရာအဖွဲ့အစည်း ၁၁၉ ဖွဲ့ ပါဝင်ကြသည်။ အဆိုပါအထွေထွေညီလာခံသို့ တက်ရောက်ခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများ၏ ရွေးကောက်ပွဲစနစ်များကို လေ့လာသိရှိခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို အဖွဲ့ဝင်နိုင်ငံများအချင်းချင်း နည်းပညာဖလှယ်၍ ဆောင်ရွက်နိုင်ခြင်းနှင့် အဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုရရှိခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပြီး ယင်းညီလာခံကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ ၂၂ ရက်အထိ တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ထန်းတပင်မြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ထန်းတပင် အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရေပေါ်သောင်ကျေးရွာတွင် တောင်သူများစိုက်ပျိုးထားသည့် ဆင်းသုခမျိုးစပါးစိုက်ခင်းကို စပါးအထွက်နှုန်းများသိရှိစေရန်အတွက် အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက စပါးခြွေလှေ့စက်ဖြင့် စံကွက်ရိတ်သိမ်းခဲ့ကြောင်း သိရသည်။

မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများက ရေပေါ်သောင်ကျေးရွာ တောင်သူ ဦးသန်းထွန်းလေး၏ ဆင်းသုခမျိုးစပါးစံပြကွက် သုည ဒသမ ၁၀ ဧကကို စပါးခြွေလှေ့စက်ဖြင့် စံကွက်ရိတ်သိမ်းခဲ့ကြရာ တစ်ဧကအထွက်နှုန်း တင်း ၁၀၀ ထွက်ရှိကြောင်း သိရသည်။

"မိုးစပါးစံကွက်ရိတ်သိမ်းမှုအနေနဲ့ ပြောရမယ်ဆိုရင် အဓိကရည်ရွယ်ချက်ကတော့ မိုးစပါးရဲ့အထွက်နှုန်းကိုသိဖို့ရယ်၊ ဘာကြောင့်ထွက်တယ်၊ ဘာကြောင့် မထွက်ဘူးဆိုတာကို ကွဲကွဲပြားပြားသိဖို့ဖြစ်ပါတယ်။ ထွက်တယ်ဆိုရင်လည်း တစ်နှံပါသီးလုံးမှာ အသီးနှုန်းများလို့လား၊ ဒါမဟုတ်ရင် ပင်ပွားများလို့လား မထွက်ဘူးဆိုရင်လည်း ပင်ပွားနည်းလို့လား၊ ကောက်ကွက်ကျဲလို့လား ဒါတွေကို အဓိကသိရှိဖို့အတွက်ပဲ ဖြစ်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဝင်းကိုက ပြောသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



ဥတုရာသီ တောကိုမီ၏။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကမ္ဘာ့စားနပ်ရိက္ခာနေ့၌ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမွေးမြူရေး အခြေခံစားသောက်ကုန် ထုတ်လုပ်မှုများ ကြည့်ရှုပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ကြည့်ရှုအားပေး

ပုသိမ် အောက်တိုဘာ ၁၆

ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့သည် ယနေ့တွင် ကျရောက်သော ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမွေးမြူရေး အခြေခံစားသောက်ကုန် ထုတ်လုပ်မှုများကို ကြည့်ရှုပြီး နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME)များကို ကြည့်ရှုအားပေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း မြောင်းမြို့ ဒေသသုတေသန ဗဟိုဌာန၌ မျိုးစေ့ထုတ်လုပ်ထားမှုကို ကြည့်ရှုစဉ်။

## ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် မြောင်းမြမြို့ မြဟေမာရပ်ကွက် စက်မှုဇုန်ရှိ ခိုင်ဖြိုးကျော်ပုဂ္ဂလိကဆန်စက်သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME) လုပ်ငန်းရှင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ခင်းကျင်းပြသထားသည့် ဒေသထွက် ဆန်၊ စပါးအမျိုးမျိုးနှင့် စားသောက်ကုန်ပစ္စည်း အမျိုးမျိုးတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မြောင်းမြစက်မှုဇုန်ကို မြေအကျယ်အဝန်း ၅၈ ဧကတွင် ၂၀၀၅ ခုနှစ်မှ စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၎င်းတွင် ခိုင်ဖြိုးကျော်၊ မနောသုခ (၁)၊ မနောသုခ(၂)၊ မြသီတာ၊ ထိန်လင်းရတနာနှင့် ဝေဖြိုးထွန်း ဆန်စက်ခြောက်လုံး၊ ဆန်ကွဲမှ ထုတ်လုပ်သော ကပ်စေးနဲ သကြားရည် စက်ရုံ နှစ်ရုံ၊ မနောသုခနှင့် မြသီတာ ပေါင်းဆန်စက်ရုံ နှစ်ရုံ၊ ကွမ်းသီးပေါင်း စက်ရုံ တစ်ရုံနှင့် ကွန်ကရစ်တိုင်လုပ်ငန်း စက်ရုံတို့ စုဖွဲ့တည်ဆောက်၍ လုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ခိုင်ဖြိုးကျော် ပုဂ္ဂလိကဆန်စက်တွင် ဆန်စက်နှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသော အခြောက်ခံစက်၊ စပါးခွံသိုလှောင်ရုံ၊ စပါးခွံလောင်စာတောင့်စက်ရုံနှင့် လျှပ်စစ်ဓာတ်အားပေး စက်ရုံတို့တွင် လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုရာ စက်ရုံလုပ်ငန်းရှင် ဦးဇော်မျိုးကြည်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အဆိုပါ တန် ၂၀၀ စွမ်းအားရှိ ဆန်စက်ကို မြေအကျယ်အဝန်း ၄ ဒသမ ၇၁ ဧကတွင် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှ စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ ယနေ့အထိ လုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်လျက်ရှိကြောင်း၊ ယင်းစက်ရုံမှ ထွက်ရှိသော ဆန်များကို ပြည်တွင်းဈေးကွက်အပြင် အာရှနှင့် ဥရောပနိုင်ငံများအထိ ရန်ကုန်မြို့မှတစ်ဆင့် တင်ပို့ရောင်းချလျက်ရှိရာ ယခုအခါ ပုသိမ်ဆိပ်ကမ်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိုက်ရိုက် တင်ပို့ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ကြည့်ရှုလေ့လာ

ယင်းနောက် မြောင်းမြမြစ်ကမ်းဘေးရှိ စပါးခွံ လောင်စာစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြရာ တာဝန်ရှိသူများက စက်ရုံကို ၂၀၁၈ ခုနှစ် မတ်လတွင် တည်ဆောက်ခဲ့ပြီး စမ်းသပ်မောင်းနှင်ခဲ့ရာ ၁ ဒသမ ၈ မဂ္ဂါဝပ်မျှော်မှန်းသော်လည်း ၁ ဒသမ ၆ မဂ္ဂါဝပ် ရရှိပါကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများ မကြာမီ ပြီးစီးမည်ဖြစ်ရာ စဉ်ဆက်မပြတ် မောင်းနှင်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က စက်ရုံအမြန်ဖွင့်လှစ် လည်ပတ်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြောကြားပြီး စက်ရုံအတွင်း ကြည့်ရှုလေ့လာကြသည်။

အဆိုပါစက်ရုံသည် ၂၀၀၆ ခုနှစ်တွင် မြန်မာနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဂျပန်နည်းပညာအား အိန္ဒိယနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စက်ရုံ လည်ပတ်ပါက မြောင်းမြစက်မှုဇုန်ရှိ တန် ၅၀/၆၀ စက်ရုံ ငါးရုံခန့် (သို့မဟုတ်) တန် ၂၀၀ စွမ်းအားရှိသော စက်ရုံ နှစ်ရုံခန့်အား ဓာတ်အားပေးနိုင်မည့်အပြင် ပိုလျှံသော ဓာတ်အားများကို နိုင်ငံတော် မဟာဓာတ်အားလိုင်းသို့ ဆက်သွယ်ပေးပို့၍ ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် မြောင်းမြမြို့ အနောက်မြောက်ဘက်တစ်မိုင်ခန့်အကွာရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ မြောင်းမြဒေသ သုတေသနဗဟိုဌာနသို့သွားရောက်ကြရာ ရှင်းလင်းဆောင်၌ တာဝန်ခံဒေါ်ဖြူပြာလွင်က ဌာန၏ တည်နေရာ၊ မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်၊ မြေယာပိုင်ဆိုင်မှု၊ ရာသီဥတုအခြေအနေ၊ ဖွဲ့စည်းပုံနှင့် ရာသီအလိုက် သုတေသနလုပ်ငန်း ဆောင်ရွက်မှုများ၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများက ဆုချီးမြှင့်မှုများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ထားရှိသော စပါးစိုက်ကွင်းများတွင် ခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုနှင့် မျိုးစေ့ထုတ်လုပ်ထားမှုများကို လိုက်လံရှင်းလင်းပြသမှုနှင့်အတူ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့၏ မေးမြန်းမှုများကို ရှင်းလင်းဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့ မြောင်းမြို့ စက်မှုဇုန်ရှိ ခိုင်ဖြိုးကျော်ပုဂ္ဂလိကဆန်စက်အတွင်း လှည့်လည်ကြည့်ရှုကြစဉ်။

အဆိုပါ သုတေသနဌာနတွင် လယ်မြေဧက ၅၀၊ နှစ်ရှည်သီးနှံ ငါးဧက စိုက်ပျိုးထားရှိပြီး မစိုက်ပျိုးနိုင်သောမြေ ၂၂ ဒသမ ၉၄ ဧက အပါအဝင် စုစုပေါင်းမြေဧက ၇၇ ဒသမ ၉၄ ဧက ကျယ်ဝန်းကာ တောင်သူများသို့ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများနှင့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးဆိုင်ရာ သုတေသနလုပ်ငန်းများအဖြစ် ဆည်ရေသောက်လယ်စပါး နှစ်ကွက်၊ အရည်အသွေးကောင်း စပါးနှစ်ကွက်၊ ပြောင်းစိုက်ပျိုးရေး တစ်ကွက်တို့ကိုလည်းကောင်း၊ လိုက်လျောညီထွေရှိသည့် ရေရှည်တည်တံ့မည့် စိုက်ပျိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများကိုလည်းကောင်း၊ စိုက်ပျိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများကိုလည်းကောင်း၊ ဒေသသုတေသန စိုက်ပျိုးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ အောက်တိုဘာ ၁၀ ရက်အတွင်း ထူးခြားမှုအနေဖြင့် အလားအလာကောင်းသော မိုးရေသောက်လယ်စပါး မျိုးသစ်(IRTP-30480) ကိုလည်းကောင်း၊ အလားအလာကောင်းသော ဆည်ရေသောက် လယ်စပါးမျိုးသစ် (TP-21654) ကို လည်းကောင်း၊ နိုင်ငံတော်မျိုးစေ့ကော်မတီသို့ မှတ်ပုံတင်ထားသော ဆားငန်ခံ စပါးမျိုးသစ် (YSTR-12, MKSTR-22) (ဧရာမောင်) ကိုလည်းကောင်း တွေ့ရှိမှတ်တမ်းတင်နိုင်ကြောင်း သိရသည်။

## ရှင်းလင်းတင်ပြ

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ပန်းတနော်မြို့နယ် ဘုရားကျောင်းကျေးရွာအုပ်စု ရန်ကုန်-ပန်းတနော်-ဝါးခယ်မလမ်း မိုင်တိုင်အမှတ် (၁၇/၄) မိုင်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံစားသောက်ကုန်ထုတ်လုပ်မှု စီမံကိန်းသို့ သွားရောက်ရာ တာဝန်ရှိသူများက နိုင်ငံတော်၏ ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီနည်းပညာများ ထည့်သွင်း၍ Smart Culture မွေးမြူရေး တည်ဆောက်ရန် စိုက်ပျိုးရေးသီးနှံ ဘေးထွက်ပစ္စည်းများကို Value Added ငါးအစာ အဖြစ် ပြောင်းလဲထုတ်လုပ်ရန်နှင့် ရေထွက်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများကို ပြည်ပတင်ပို့မှု တိုးမြှင့်နိုင်မှုနှင့်အတူ နိုင်ငံခြားဝင်ငွေပိုမိုရရှိရန် စသည့် ရည်မှန်းချက်များဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ၂၀၀၉ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စီမံကိန်းဧရိယာအတွင်း မျိုးငါးများ ထိန်းသိမ်းခြင်း၊ စနစ်တကျ ငါးသားဖောက်ခြင်းနှင့် ငါးသားပေါက်ပြုစုခြင်း၊ စနစ်တကျငါးမွေးမြူခြင်း၊ အစာထုတ်လုပ်ခြင်းနှင့် ငါးစာကျွေးမွေးခြင်း၊ စနစ်တကျ ငါးပြုပြင်ထုတ်လုပ်ခြင်း၊ ငါးအသား အလျင်အမြန် အေးခဲခြင်း၊ ငါးအခြေခံထုတ်လုပ်မှု၏ ဘေးထွက်ပစ္စည်းများမှ တန်ဖိုးမြင့်အစားအစာ Value Added အဖြစ် ထုတ်လုပ်ခြင်း၊ အလိုအလျောက် ထိန်းချုပ်အသုံးပြုနိုင်သော အအေးခန်းသိုလှောင်မှုစနစ် ကျင့်သုံးခြင်း၊ စပါးခွံအသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစနစ် တည်ဆောက်ခြင်း၊ ဝန်ထမ်းအိမ်ရာနှင့် ရုံးခန်းများ တည်ဆောက်ခြင်း၊ လမ်းတံတားများနှင့် ခြံစည်းရိုးများ တည်ဆောက်ခြင်း၊ ရေဖို့လုပ်ငန်းနှင့် ရေနုတ်မြောင်း၊ ရေသွင်းမြောင်း၊ ရေလှောင်ကန်များ တည်ဆောက်ခြင်း၊ ငါးကန်များတည်ဆောက်ခြင်း၊ စိမ်းလန်းစိုပြည်လှပရေးအတွက် သစ်ပင်/ပန်းပင်များ စိုက်ပျိုးခြင်း၊ အစားအသောက်ဘေးအန္တရာယ်ကင်းစင်ရေး အစီအမံထားရှိ ဆောင်ရွက်ခြင်းတို့ဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ စီမံကိန်းကို Global Earth Co.,Ltd က နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၈၈ ဒသမ ၄၈၂ သန်း အပါအဝင် ငွေကျပ် ၂၀၀ ဘီလီယံ ရင်းနှီးမြှုပ်နှံပြီး မြေဧက ၃၆၅၀ တွင် စီမံကိန်းကာလအတွင်း အမြဲတမ်းဝန်ထမ်း ၆၀၀၊ ယာယီဝန်ထမ်း ၂၅၀၀ ဖြင့် စတင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများ အရှိန်အဟုန်ဖြင့် လည်ပတ်ပါက အလုပ်သမားအင်အား ၅၀၀၀ ခန့်အထိ အလုပ်အကိုင်ရှာဖွေပေးနိုင်မည်ဖြစ်ပြီး ဆက်စပ်လုပ်ငန်းများတွင်လည်း လူဦးရေ ၃၀၀၀ ခန့် အလုပ်အကိုင် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ တစ်ဧက ငါးအထွက်နှုန်း ပိဿာ ၆၀၀၀၀ (တန်ချိန် ၁၀၀) နှုန်းဖြင့် မွေးမြူနိုင်ခြင်း၊ ငါးရှင်သန်မှု ၉၅ ရာခိုင်နှုန်းအထိ ကောင်းမွန်ခြင်း၊ ငါးအရည်အသွေး ထူးခြားခြင်း၊ တစ်နှစ်ပတ်လုံး ငါးသားဖောက်နိုင်ခြင်း၊ ငါးအသားဖြူခြင်း၊ အနံ့မရှိခြင်း၊ ဆီပါဝင်မှုနည်းခြင်း၊ Food Conversion Ratio (FCR) ထိန်းနိုင်ခြင်း စသည့်နိုင်ငံတကာ ဈေးကွက်ဝင်သော ငါးများထုတ်လုပ်နိုင်ခြင်း၊ ငါးတစ်ကောင်လုံးအား တန်ဖိုးမြင့်စားသောက်ကုန် Value Added & Hygenic Food များ ထုတ်လုပ်ပေးနိုင်ခြင်းများ တိုးတက်ရရှိနေကြောင်း၊ **စာမျက်နှာ ၁၂ သို့** ✻

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်မှုများ အောင်မြင်စွာပြီးစီး

**နေပြည်တော် အောက်တိုဘာ ၁၆**

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်) ဆဋ္ဌမနေ့ကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။




မြန်မာအကအခြေခံ ကဗျာလွတ်အက (ပထမအဆင့်)ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မမှူးသက်သခင်နှင့်အဖွဲ့ ကပြယှဉ်ပြိုင်စဉ်။

ယနေ့တွင် **အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်” သီချင်းဖြင့်လည်းကောင်း၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ပြန်လည်ထူထောင်ရေး” သီချင်းဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “မဟာဗန္ဓုလ” သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကောင်းစားတော့မည်” သီချင်းဖြင့်လည်းကောင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “တပင်ရွှေထီး”သီချင်းဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လှေပွဲ” သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**မြန်မာအကအခြေခံ ကဗျာလွတ်အက (ပထမအဆင့်)ပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မယမင်းအောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ မမှူးသက်သခင်နှင့်အဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးမှ မလှိုင်းသဇင်နှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ မမေသူသူကျော်နှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မပြည့်ပြည့်ဝင်းနှင့်အဖွဲ့၊ ကယားပြည်နယ်မှ မမိုးထက်နေခြည်နှင့်အဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ မအိမ့်ကြိုးကြာနှင့်အဖွဲ့၊ ရှမ်းပြည်နယ်မှ မဝိုင်းချစ်ထွေးနှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ မသီရိတင်နှင့်အဖွဲ့၊ မွန်ပြည်နယ်မှ မရတနာဝင်းထွဋ်နှင့်အဖွဲ့၊ ကချင်ပြည်နယ်မှ မထူးအိမ့်ကျော်နှင့်အဖွဲ့၊ ကရင်ပြည်နယ်မှ မနန်းသဇင်အေးနှင့်အဖွဲ့နှင့် ရခိုင်ပြည်နယ်မှ မချိုဇင်ဝင်းနှင့်အဖွဲ့တို့က အခြေခံကဗျာလွတ် ကကြိုးကကွက်များကို အဖွဲ့လိုက် ညီညာလှပ ကျွမ်းကျင်ပိုင်နိုင်စွာ ကပြယှဉ်ပြိုင်ကြသည်။

**မွန်တိုင်းရင်းသားရိုးရာအကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အကအဖွဲ့များကို မွန်တိုင်းရင်းသားရိုးရာ ကကြိုး၊ ကဟန်များ သင်ကြားပေးခဲ့သည့် မွန်ပြည်နယ်၊ မိတင်ချိုအေး အကအဖွဲ့မှ အကဆရာမများက မွန်အက၊ မွန်ဟန်ကကွက်များကို စံပြအကအနေဖြင့် ကပြကြသည်။

ထို့နောက် မွန်တိုင်းရင်းသားရိုးရာအက အလွတ်တန်းပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကယားပြည်နယ်မှ ဒေါ်စုလတ်ထွန်းနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မခိုင်ဇင်သက်နှင့်အဖွဲ့၊ ကရင်ပြည်နယ်မှ မိအေးဆုပန်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်သိမ့်နန္ဒာထက်နှင့်အဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးမှ မသိုက်ထောနှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ မသင်းမာထွေးနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မပန်းနုံ့သာနှင့်အဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ မသီရိဇော်နှင့်အဖွဲ့၊ ချင်းပြည်နယ်မှ မနန်းမူခန့်(ခ) နဲနဲလိုနှင့်အဖွဲ့၊ ရှမ်းပြည်နယ်မှ မနန်းသူဇာလွင်နှင့်အဖွဲ့၊ ရခိုင်ပြည်နယ်မှ မခင်မိုးစန်းနှင့်အဖွဲ့၊ ကချင်ပြည်နယ်မှ ဒေါ်အေးအေးငြိမ်းနှင့်အဖွဲ့နှင့် ဧရာဝတီတိုင်းဒေသကြီးမှ မနန့်အိမြတ်ထက်နှင့်အဖွဲ့တို့က မွန်ပြည်နယ်၏ သဘာဝအလှတရားများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ဖော်ကျူးထားသည့် “ဟင်္သာတို့ရဲ့ပျော်ရာမြေ” သီချင်းနောက်ခံဖြင့် လှပကျော့ရှင်းသည့် မွန်တိုင်းရင်းသားရိုးရာ ကကြိုး၊ ကကွက်များကို မွန်အလှ၊ မွန်ဟန်တို့နှင့် ပေါင်းစပ်ကာ ကပြယှဉ်ပြိုင်ကြသည်။



အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦးက “လှေပွဲ”သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှု ရတနာခန်းမ၌ ကျင်းပရာ “ငါးပါဒအကျွရာ”ဇာတ်တော်ကြီး ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု မိုးပြည့်မြင့်မိုရ်ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ “ရာမာယဏ”ဇာတ်တော်ကြီး ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မန်းရာမဇာတ်တော်ကြီးအဖွဲ့က မူရင်းရာမာယဏဇာတ်တော်ကြီး၏ တီးလုံးတီးကွက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှု ရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ထိန်းသိမ်းစို့လေ ရိုးရာအမွေ” ခေါင်းစဉ်ဖြင့် ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်ကြသည်။

**စာမျက်နှာ ၁၁ သို့ ■**

> **ဇာတ်တော်ကြီးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ “ရာမာယဏ”ဇာတ်တော်ကြီး ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မန်းရာမဇာတ်တော်ကြီးအဖွဲ့က မူရင်းရာမာယဏဇာတ်တော်ကြီး၏ တီးလုံးတီးကွက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြ**




ဂီတာပြိုင်ပွဲ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦးက “မှန်ရဝေ” (ပတ်ပျိုး)ဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

## ရာဆက်ကာ နွဲကြစို့

တေးထပ်ကဗျာ

**မြန်မာ့ရိုးရာ အစဉ်လေးပြု**
**ယဉ်ကျေးမှု အနုပညာ**
**အဆိုအက အရေးမှာ**
**အတီးမှာ ပါဝင်ရ**
**အဆိုက သံသာလွင်**
**အကလျှင် မျက်စေ့ပသာဒ။**
**အရေးလဲ စာလင်္ကာ**
**အသံသာ ချိုမြ**
**အတီးမှာ စုံလင်စွ**
**သာယာလှ တစ်ဖုံစီ**
**ပြည်နယ်တွေ စုံစေလို့**
**မကျန်ပေ့ တိုင်းဒေသပါသည်။**
**အကဲဖြတ် ဒိုင်တစ်လီ**
**စိတ်ချင်းညီ လက်တွဲလို့**
**ဆင်နွဲကြ မြန်မာ့ရိုးရာ**
**ဆို က ရေး တီး ပါ။**
**“နှစ်ဆယ့်သုံး” တိုင်ခဲ့ချိန်ခါ**
**ရာဆက်ကာ နွဲကြစို့လေး။ ။**

**သူရဇော်(အရေးဒိုင်)**

■ စာမျက်နှာ ၁၀ မှ

**ဂီတာပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မှိုင်းမှိုင်းမြ"(သီချင်းခံ) ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "တောမြိုင်စွန်းကလွမ်းအောင်ဖန်"(ယိုးဒယား) ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မြမြမောင်းမောင်း"(ပတ်ပျိုး) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မှန်ရဝေ"(ပတ်ပျိုး)ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မြိုင်ကြီးဟေမာ" (ယိုးဒယား) ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တောနှင့်တောင်စွယ်" (ယိုးဒယား) ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စန္ဒကိန္နရီ"(ကာလပေါ်) ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စန္ဒကိန္နရီ" (ကာလပေါ်) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ပွင့်ဦး" (ကာလပေါ်) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ကျွန်းကျွန်းပိုင်သ" (ကြိုး)ဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။




မွန်တိုင်းရင်းသားရိုးရာအက အလွတ်တန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်သိမ့်နန္ဒာထက်နှင့်အဖွဲ့ ကပြယှဉ်ပြိုင်စဉ်။

**နဲ့ပြိုင်ပွဲ**ကို အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ကျွန်းကျွန်းပိုင်သ"(ကြိုး) ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ဂန္ဓမာရိပ်သာ" (ပတ်ပျိုး) ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ပြိုင်ပွဲဝင်က "ညို့ညို့ဆိုင်းဆိုင်း"(ပတ်ပျိုး) ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကြံကြံဖန်ဖန်"(ယိုးဒယား) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မှန်ရဝေ" (ပတ်ပျိုး)ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲ ဝင်က "ဟေမဝန်ချာ" (ဘွဲ့)ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "လေပြည်ဆော်သွင်းမြူး" (ယိုးဒယား) ဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှန်းရွှန်းမြ"(သီချင်းခံ) ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ယမုန်နာ"(ပတ်ပျိုး) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စိမ်းလဲ့လဲ့ညိုပြာ"(ကြိုး) ဖြင့် လည်းကောင်း တီးမှုတ်ယှဉ်ပြိုင်ကြသည်။




အရေးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ပြိုင်ပွဲဝင်များ "ထိန်းသိမ်းစို့လေ ရိုးရာအမွေ" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်စဉ်။




ရုပ်စုံသဘင် အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု မိုးပြည့်မြင့်မိုရ်ရုပ်စုံသဘင်အဖွဲ့ ယှဉ်ပြိုင်စဉ်။

**ကွက်စိပ်ပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မဟော်သဓာဇာတ်တော်ကြီး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကေဒါရကျေးမင်း ဇာတ်တော်ကြီး" ခေါင်းစဉ်ဖြင့်လည်းကောင်း ဇာတ်တော်ကြီး၏ အနှစ်သာရနှင့် ဦးတည်ချက်ပေါ်လွင်အောင် နှုတ်မှုစွမ်းရည် ပြသဟောပြောယှဉ်ပြိုင်ကြသည်။




နဲ့ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး "ဟေမဝန်ချာ" (ဘွဲ့)ဖြင့် တီးမှုတ်ယှဉ်ပြိုင်စဉ်။




ကွက်စိပ်ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး "မဟော်သဓာဇာတ်တော်ကြီး" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်စဉ်။

ယနေ့ပြိုင်ပွဲများ ကျင်းပရာ နေရာအသီးသီးသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

၅ နှစ်ကျော်ကာလ ကြာမြင့်ပြီးမှ ခမ်းနားသိုက်မြိုက်စွာ နိုင်ငံတော်အဆင့် ပြန်လည်ကျင်းပခဲ့သည့် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်မှုသည် ယနေ့တွင် အောင်မြင်စွာ ပြီးဆုံးပြီဖြစ်ကြောင်းနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား၊ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲတို့ကို နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မြောင်းမြ၊ ဝါးခယ်မ၊ မော်လမြိုင်ကျွန်း၊ ဘိုကလေးနှင့် ဖျာပုံမြို့များရှိ ပြည်သူ့ဆေးရုံများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၁၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတို့မှ ညွှန်ကြားရေး မှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက မြောင်းမြမြို့ သူနာပြုသင်တန်းကျောင်း၌ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

**မှာကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီး ဌာနအနေဖြင့် သူနာပြုများအတွက် ဝတ်စုံစရိတ်၊ စားစရိတ်၊ အုပ်ချုပ်မှုစရိတ်များကို ထောက်ပံ့ပေးထားပြီးဖြစ်ကြောင်း၊ ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှုအတွက် အမြဲကြိုးစားရမည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သူနာပြုကျင့်ဝတ်များနှင့်အညီ သူနာပြုကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တစ်တပ်တစ်အား ပါဝင်ကူညီ ဆောင်ရွက်ကြစေလိုကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းကာလအတွင်း ပြည်သူ့ဆေးရုံကြီးများ၌ တာဝန်ထမ်းဆောင်ချိန်တွင် သူနာပြုကျင့်ဝတ်များနှင့်အညီ ကြိုးစားသင်ယူကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းက အမှာစကားပြောကြားသည်။

ယင်းနောက် မြောင်းမြသူနာပြုသင်တန်းကျောင်း ကျောင်းအုပ်ကြီးက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သင်တန်းကျောင်းအတွင်းရှိ စာကြည့်တိုက်နှင့် သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်သူ့ဆေးရုံကြီး(မြောင်းမြ)သို့ ရောက်ရှိပြီး ပြည်သူလူထုက အားကိုးအားထားရသည့်ဆေးရုံကြီး ဖြစ်အောင် ကြိုးစားရမည်ဖြစ်ကြောင်း၊ ကျွမ်းကျင်ဝန်ထမ်းများအတွက် risk allowance ခွင့်ပြုထားပြီး ဖြစ်ကြောင်း၊ ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆေးပညာကျင့်ဝတ်ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံအောင် စောင့်ထိန်းရမည်ဖြစ်ပြီး အတ္တဟိတ၊ ပရဟိတမျှတစွာဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံကြီးအတွင်းရှိ ခွဲစိတ်မှန်ဌာန၊ ကွန်ပျူတာ ဓာတ်မှန်ဌာန၊ သွားနှင့်ခံတွင်းကုသရေးဌာန၊ ဓာတ်ခွဲဌာန၊ ကျောက်ကပ် သွေးသန့်စင်ဌာနများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဆေးကုသမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး၊ လူနာများ ဆေးကုသမှုကုန်ကျစရိတ်အတွက် စိုက်ထုတ်သုံးစွဲမှု မရှိစေရေးနှင့် ဝန်ကြီးဌာနမှ ထောက်ပံ့ထားသည့် ဆေးနှင့် ဆေးပစ္စည်းများကို အလေအလွင့်မရှိ အသုံးပြုနိုင်ရေး မှာကြားသည်။

**ကုန်ကျစရိတ်မရှိစေရေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်ကျွန်းမြို့ ပြည်သူ့ဆေးရုံနှင့် ဘိုကလေးမြို့ ပြည်သူ့ဆေးရုံများသို့ရောက်ရှိပြီး တာဝန်ရှိသူများ နှင့်တွေ့ဆုံကာ ဆေးကုသရေးအထောက်အကူပြု လုပ်ငန်းများဖြစ်သည့် ဓာတ်ခွဲ/ ဓာတ်မှန်လုပ်ငန်းများ အပြည့်အဝ လည်ပတ်ဆောင်ရွက်နိုင်ရေးနှင့် လူနာများ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုအတွက် ငွေကြေး ကုန်ကျစရိတ်မရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဖျာပုံမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံကြီးအတွင်းရှိ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ဌာန၊ အထူးကြပ်မတ်ကုသဆောင်နှင့် လူနာဆောင်များကို ကြည့်ရှုစစ်ဆေးကာ မွေးဖွားပြီး မိခင်များအား အာဟာရလက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၆**

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာ(ရန်ကုန်)ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) နာယက မိဥဥအောင်နှင့် ဥက္ကဋ္ဌ ဒေါက်တာမင်းခင်စိန်တို့က မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)၏ နှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ပြည်ထောင်စု ခန်းမအတွင်း မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)၏ နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် ပြခန်းကို ကြည့်ရှုအားပေးကြသည်။

အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က အဖွင့် အမှာစကားပြောကြားရာတွင် မွန်လူမျိုးများသည် သမိုင်းအစဉ်အလာကြီးမားပြီး စာပေ၊ ယဉ်ကျေးမှု နှင့်အနုပညာတို့ကို မြတ်နိုးကြသူများဖြစ်သည့်အပြင် စည်းလုံးညီညွတ်မှုရှိသော လူမျိုးတစ်မျိုးဖြစ်ကြောင်း ကို လေ့လာတွေ့ရှိရကြောင်း၊ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)၏ နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်အခမ်းအနားကို ယခုလို စည်စည်ကားကားသိုက်သိုက်ဝန်းဝန်း ကျင်းပနိုင်ခြင်းသည် စည်းလုံးညီညွတ်ခြင်းသည် အင်အား (Unity is Strength) ဆိုသည်ကို တွေ့ရှိရကြောင်း၊ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) ကို ယခုလို နှစ် (၅၀) ထိတိုင်အောင် ရာစုနှစ်ဝက်အဖြစ် တည်တံ့ခိုင်မြဲစေဖို့ ကြိုးစားလက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြပြီး ယခင်နှစ်အဆက်ဆက်တာဝန်ယူခဲ့ကြသည့် တာဝန်ရှိသူများနှင့် ကော်မတီဝင်များအားလုံးကို ဂုဏ်ပြုချီးကျူးလိုကြောင်း၊ ယခုလို မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဖွံ့ဖြိုးတိုးတက်စေရန် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရသည့်အတွက် ဝမ်းသာဂုဏ်ယူကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအနေဖြင့် ပါတီနိုင်ငံရေးနှင့် ဆက်သွယ်မှုမရှိဘဲ မိမိတို့၏ စာပေနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုသာ ဆောင်ရွက်ကြရမည့်အဖွဲ့အစည်းပင် ဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ခြင်း၊ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာလာစေရန် နှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန်မှာ မိမိတို့တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၏ မျှော်မှန်းချက်ဖြစ်ပြီး ယင်းမျှော်မှန်းချက်အတိုင်းလည်း အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အမှာစကားပြောကြားရာတွင် လူမျိုးတစ်မျိုး တည်တံ့ခိုင်မြဲရေးသည် ဘာသာ၊ စကား၊ စာပေတို့ မပျောက်ပျက်ရန် အလွန်အရေးကြီးကြောင်း၊ စကား၊ စာပေ ပျောက်ကွယ်လျှင် လူမျိုးပါပျောက်ကွယ်သွားမည်ဖြစ်ပြီး မိမိတို့လူမျိုး မပျောက်ပျက်စေရန် ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုတို့ကို ထိန်းသိမ်းစောင့်ရှောက်ကြရန် အရေးကြီးကြောင်း ပြောကြားသည်။



ဆက်လက်၍ မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) ဂုဏ်ထူးဆောင်နာယက နိုင်ချစ်ဖေက ဝမ်းမြောက်စကားပြောကြားပြီး မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်ပွဲတော်ကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာမင်းခင်စိန်က ရွှေရတုသဘင် ကျင်းပရခြင်း နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်) နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်အခမ်းအနားအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဒေါက်တာမင်းခင်စိန်တို့က ၁၉၇၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ နှစ် ၅၀ အတွင်း မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဥက္ကဋ္ဌများ၊ ဒုတိယ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများအား ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့သည်။ ထို့နောက် မွန်ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✻ စာမျက်နှာ ၉ မှ

စီမံကိန်း(Project) တစ်ခုလုံးပြီးစီးပါက ရေထွက်ပစ္စည်းနှင့် အစားအသောက်တင်ပို့မှု Export Income ပိုမိုရရှိပြီး နှစ်စဉ် နိုင်ငံခြားဝင်ငွေ မြင့်တက်လာနိုင်ကာ မြန်မာ့ရေလုပ်ငန်း စီးပွားရေးကဏ္ဍ တိုးတက်လာမှုနှင့်အတူ ဒေသတွင်းလုပ်ငန်းများနှင့် တစ်ဦးချင်းဝင်ငွေများလည်း တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ပုသိမ်တက္ကသိုလ်သို့ သွားရောက်ကြပြီး တက္ကသိုလ်အဝင်မုခ်ဦး နေရာမှ အင်ကြင်းဆောင်ရှေ့အထိ လျှောက်လမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ကြည့်ရှုကြသည်။

အဆိုပါ ကွန်ကရစ်လျှောက်လမ်းမှာ အရှည်ပေ ၁၇၀၀ ရှိပြီး အရှည်ပေ ၇၀၀ တွင် Color Brick ခင်းခြင်း၊ ရေထုတ်ပြွန် ငါးစင်း ထည့်သွင်းတည်ဆောက်ခြင်း၊ လက်ရန်းတပ်ဆင်ခြင်း၊ လက်ဝဲ/ယာ ပန်းအလှနှင့် မြက်ခင်းစိုက်ပျိုးခြင်းတို့ဖြင့် ငွေကျပ် ၁၆၁ ဒသမ ၄ သန်းခန့် အသုံးပြုဆောင်ရွက်နေခြင်းဖြစ်သည်။

ထို့နောက် ပုသိမ်မြို့တွင်း သန့်ရှင်းသာယာလှပမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ သွားရောက်ကြပြီး စာကြည့်တိုက်၊ ကလေးစာဖတ်ခန်းများနှင့် ဝန်ဆောင်မှုပေးခြင်း၊ သင်တန်းများဖွင့်လှစ်လေ့ကျင့်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးကာ မြို့နယ်/ခရိုင် ပြန်/ဆက်ဝန်ထမ်းများ၊ ပုသိမ်ထပ်ဆင့်လွှင့်စက်ရုံမှ ဝန်ထမ်းများနှင့် တိုင်းရင်းသားရုပ်သံသတင်းအဖွဲ့မှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် အစိုးရနှင့်ပြည်သူတို့အကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ပေးနိုင်ရန်နှင့် ဧရာဝတီတိုင်းဒေသကြီး၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ထုတ်ပြသနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

**သတင်းစဉ်**

# အိန္ဒိယနိုင်ငံက ပဲ့ထိန်းဒုံးကျည်တစ်စင်းကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်



**နယူးဒေလီ အောက်တိုဘာ ၁၆**

အိန္ဒိယနိုင်ငံက ပဲ့ထိန်းဒုံးကျည်(SLBM) တစ်စင်းကို သမုဒ္ဒရာအတွင်းသို့ အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ဒုံးကျည်အား ဘင်္ဂလားပင်လယ်အော်ရှိ INS Arihant ရေငုပ်သင်္ဘောမှ ပစ်လွှတ်ခဲ့ကြောင်း အိန္ဒိယအစိုးရက ကြေညာခဲ့သည်။

INS Arihant ရေငုပ်သင်္ဘောသည် အိန္ဒိယနိုင်ငံ၏ ပထမဆုံးပြည်တွင်း၌ တည်ဆောက်ထားသည့် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် စတင်တပ်တော်ဝင်ခဲ့ခြင်းဖြစ်သည်။

ဒုံးကျည်ပစ်လွှတ်ရောက်ရှိခဲ့သည့် တည်နေရာ အတိအကျ၊ ဒုံးကျည်အမျိုးအစားနှင့် စမ်းသပ်ပစ်ခတ်မှုအရေအတွက် စသည့် အသေးစိတ်အချက်အလက်များကို အစိုးရတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ ပဲ့ထိန်းဒုံးကျည်အား ရေငုပ်သင်္ဘောမှ စမ်းသပ်ပစ်လွှတ်မှုအပေါ် ထုတ်ဖော်ပြောကြားခြင်းသည် အိန္ဒိယအစိုးရ၏ ပထမဆုံး အကြိမ်ထုတ်ဖော်ပြောကြားခြင်းဖြစ်ကြောင်း ဒေသန္တရမီဒီယာများက ဆိုသည်။

အိန္ဒိယနိုင်ငံသည် ရေတပ်အင်အားကို ပိုမိုအားကောင်းစေရန် ကြိုးပမ်းလျက်ရှိသည်။ အလားတူ ပထမဆုံး ပြည်တွင်းဖြစ် လေယာဉ်တင်သင်္ဘောကို စက်တင်ဘာလတွင် စတင်ရေချခဲ့သည်။

တရုတ်နိုင်ငံသည် ၎င်း၏ Belt and Road ပဏာမခြေလှမ်းအရ အိန္ဒိယသမုဒ္ဒရာတစ်ဝိုက်ရှိ ရေကြောင်းသွားလာလှုပ်ရှားမှုများကို အရှိန်မြှင့် လုပ်ဆောင်လျက်ရှိစဉ် အိန္ဒိယအစိုးရက ၎င်း၏ ရေတပ်အင်အားကို အဆင့်မြှင့်တင်မှု တစ်စိတ်တစ်ပိုင်းအဖြစ် ကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

**ကိုးကား – အင်န်အီတ်ချ်ကေ**
**ဘာသာပြန်– အောင်ကျော်ကျော်**

## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၃၅၄ ဦးထပ်မံတွေ့ရှိ

**မော်စကို အောက်တိုဘာ ၁၆**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၃၅၄ ဦးထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၁၃၀၄၅၅၄ ဦးရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက အောက်တိုဘာ ၁၆ ရက်တွင် ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၄ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် အဆိုပါရောဂါဖြင့်သေဆုံးသူပေါင်း ၃၈၈၉၀၁ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၈၄၄၁ ဦး ထပ်တိုးလာခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၂၀၆၀၃၈၄၅ ဦးရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ပြောကြားသည်။

ရုရှားနိုင်ငံ၌ မြို့တော်မော်စကိုသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၄၈ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် မြို့တော်မော်စကို၌ ရောဂါကူးစက်ခံရသူပေါင်း ၃၂၁၉၄၈၃ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**





## သီရိလင်္ကာနိုင်ငံ၌ လွန်ခဲ့သော သုံးရက်အတွင်း မိုးရွာသွန်းမှုကြောင့် လူသုံးဦး သေဆုံး

**ကိုလံဘို အောက်တိုဘာ ၁၆**

သီရိလင်္ကာနိုင်ငံ၌ လွန်ခဲ့သော သုံးရက်အတွင်း မိုးရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားကာ သုံးဦးသေဆုံးခဲ့ကြောင်း ဘေးအန္တရာယ်စီမံခန့်ခွဲရေးစင်တာက ယနေ့ပြောကြားသည်။

အဆိုပါ ရေကြီးရေလျှံမှုဒဏ်ကို အိမ်ထောင်စု ၁၃၉၀၂ မှ ပြည်သူ ၅၅၀၀၀ ကျော် ခံစားနေရကြောင်း သိရသည်။

မိုးရွာသွန်းမှုသည် အောက်တိုဘာ ၁၉ ရက် အထိတိုင် ဆက်လက်ရွာသွန်းနိုင်ဖွယ်ရှိကြောင်း ဘေးအန္တရာယ်စီမံခန့်ခွဲရေးစင်တာက ဆိုသည်။

မိုးရွာသွန်းမှုကြောင့် မြေပြိုမှုအန္တရာယ်သတိပေးချက်များကို ခရိုင်ခြောက်ခုတွင် ဆက်လက်ကြေညာထားကြောင်း သိရသည်။

လက်ရှိမိုးသည်းထန်စွာ ရွာသွန်းမှုများသည် နိုင်ငံနှင့်အနီးတစ်ဝိုက်၌ Intertropical Concergence Zone ၏ လှုပ်ခတ်မှုကြောင့် ဖြစ်ကြောင်း မိုးလေဝသဌာနက ဆိုသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၂၄၀၁ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ အောက်တိုဘာ ၁၆**

အိန္ဒိယနိုင်ငံ၏ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၂၄၀၁ ဦး ထပ်မံတွေ့ ရှိခြင်းကြောင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၄၆၂၈၈၂၈ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။





လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၂၆၆၂၅ ဦးရှိကြောင်း သိရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၈၈၉၅ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၃၇၃ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၄၀၇၃၃၀၈ ဦး ရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၁၉၃၂၁၈၆၃၈ လုံး အသုံးပြုပြီးဖြစ်ကြောင်းနှင့် လက်ရှိအချိန်ထိ ပြည်သူ ၈၉၈ သန်းကျော်အား ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရမှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီး ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၃ ဦး ထပ်မံသေဆုံး

**မနီလာ အောက်တိုဘာ ၁၆**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၃ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါ ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၃၅၁၀ ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော တစ်ရက်အတွင်း ရောဂါကူးစက်ခံရသူ ၂၃၂၁ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၉၈၂၉၆၅ ဦး ရှိကြောင်း သိရသည်။ လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၆၀၀၃ ဦး ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၈၈၉ ဦး သည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

လက်ရှိအချိန်အထိ မြို့တော်မနီလာ၌ ရောဂါကူးစက်ခံရသူပေါင်း ၁၂၈၁၈၀၂ ဦးရှိကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။ လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၃ သန်းကျော်အား ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။ ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်– ၁၉ ရောဂါ ကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်မျိုးစုံ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၆**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟင်္သာတခရိုင် ကြံခင်းမြို့နယ် ထိန်ပင်မြောင် ကျေးရွာရှိ နေအိမ်တစ်အိမ်၏ ခြံဝင်းအတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၉ဝ၈၈ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၉၉၈ဝ၈)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၁၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့က သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်ရှိ ဂိုဒေါင်တစ်လုံး အတွင်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော BUD BEER ၊ MUHAK SOJU နှင့် SPY WINE များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ဝ၅၂၉၄၄ဝ)ကို လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် ဟေမာဇလရပ်ကွက်ရှိ နေအိမ်အတွင်း၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသော DUNFIFE Blended Scotch Whisky နှင့် Fortant De France Skalli Wine များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈ဝ၉၆၅၆ဝဝ) ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၄၉၅ဝ၄ဝ)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ အောက်တိုဘာ ၁၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော ဆိုင်ကယ်တာယာများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ဝဝဝဝဝ)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မိုးညှင်းမြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ပုံမှန်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့စဉ် မိုးညှင်းမြို့နယ် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီး မိုင်တိုင်အမှတ် (၁၉၁/၀) ညောင်ကိုင်းကျေးရွာအထွက် လေးဖာလုံခန့်အကွာ၌ ယာဉ် တစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၃၈၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈ဝ၄ဝ) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် အောက်တိုဘာ ၁၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မုံရွာမြို့ ကျွဲရဲပူးပေါင်းစစ်ဆေးရေးဂိတ်၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က လိုင်စင်မဲ့ TOYOTA KLUGER ယာဉ် တစ်စီးနှင့် TOYOTA IPSUM ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ဝ၅ဝဝဝဝဝ) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်များ အတွင်း တရားမဝင် သစ်မျိုးစုံ ၃၁ ဒသမ ၉၇၄၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၂၅၆၆၄)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၁၂ ရက်၊ ၁၄ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၃၇၈၅၅၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် မိုးကောင်းမြို့ ကျွန်းတောရပ်ကွက် နှစ်မိုင်လမ်းဆုံတွင် မောင်ကြီး


မောင်ကြီး အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၇ဝဝ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ ညနေ ၆ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သဃ်န်းကျွန်းမြို့နယ် ဆ/က ရပ်ကွက် လေးထောင့်ကန်လမ်းမပေါ်ရှိ လက်ဖက်ရည်ဆိုင်အနီးတွင် မောင်မောင်ရွှေ(ခ) အစ်စမိုင်အား မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂ဝဝဝဝ ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ည ၇ နာရီခွဲတွင် ၎င်းတည်းခိုနေထိုင်သည့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၁၈)ရပ်ကွက် မောင်းမကန်ကမ်းသာလမ်းရှိ တည်းခိုခန်း အခန်းအမှတ်(၃ဝ၁) အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈ဝဝဝ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ မွန်းလွဲ ၁၂ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းစိန်မြို့နယ် ရွာမ (အနောက်) ရပ်ကွက် ဖန်ချက်စက်လမ်း မုဒိတာအိမ်ရာ(၂)ရှိ သူရလွင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁ဝဝဝဝ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၁၀-၂၀၂၂ တနင်္လာနေ့

**MRTV HD**

- **၀၆:၀၀** တောင်တန်းသာသနာပြုဆရာတော် ဘုရားကြီး၏ပရိတ်တရားတော် (ရတနသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** (၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေးအတီးပြိုင်ပွဲ (ဆဋ္ဌမနေ့)
- **၀၉:၁၀** စိုက်ပျိုးရေးရာအဖြေရှာ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** Economic Review (3)
- **၁၁:၁၅** အသေးစားလုပ်ငန်းထူထောင်ရေးမှသည်..... နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုဆီသို့
- **၁၁:၃၀** ဘဝနှင့်အနုပညာ အကယ်ဒမီခင်သီတာထွန်း(အပိုင်း-၁)
- **၁၂:၃၀** မြန်မာဇာတ်လမ်းတွဲ အတိုးမပေးတဲ့...ဒိုးလေး (အပိုင်း-၃)
- **၁၃:၃၀** MRTV National News
- **၁၅:၂၀** မျိုးဝက်တင့်စေဆို၊ က၊ ရေး၊ တီး အငွေ
- **၁၆:၃၅** ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာ အစီအစဉ်
- **၁၇:၁၅** သတင်းသမားပြောတဲ့သတင်းစကား
- **၁၇:၄၅** This Week's Special Interest
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ပန်းရနံ့လွှင့်ပျံ့အမှန်း**(အပိုင်း-၂၅)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ချိုမြမြန်မာတေးအလှ
- **၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ"(အပိုင်း-၃၈) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ ရတနသုတ်၊ တောရျက်သုတ်၊ အဋ္ဌာရာယ်ကင်းပရိတ်တရားတော်

**mitv**

- **07:01** Evergreen Classic: Myat Hsu Mon
- **07:05** New Destination for Sea Lovers
- **07:11** A Chance to change their Future
- **07:26** The Art of Making Glaze Ware
- **07:44** Myanma Thanakha
- **08:01** News
- **08:27** ASEAN Women Entrepreneurship: Laos
- **08:34** Myanmar Traditional Snacks: Myanmar Doughnut
- **08:38** On the River
- **09:01** Myanmar Traditional Instruments (MYANMA DRUM)
- **09:27** Danu Food: Pounded Crab Apple Salad
- **09:37** Great Shwedagon - The Exhibition Hall Of The Great Chronicle Of Buddha
- **10:01** New
- **10:26** Topical Topics (No. 5)
- **10:35** Children's Delight: The Ants and the Lazy Grasshopper

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သူတို့ယုံကြည်ရာ

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
တွဲလက်ညီညီခရီးဆက်မည် NRC (အပိုင်း-၂)

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ရှားပါးလာသောရိုးရာတောင်းရက်လုပ်ခြင်း

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မွန်ရိုးရာထိမ်းမြားမင်္ဂလာ

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ပြူးပဒေသာ(မဏိစန္ဒာနှင့်ပုလဲစိန်)

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ပညာရပ်များဆည်းပူးလေ့လာ MRTV ကျောင်းတော်မဟာ(အပိုင်း-၃)

**"ဝ" (၁၅:၀၀) မှ (၁၇:၀၀) ထိ**
တောင်ပေါ်မြို့ကပြောရည်ထုပ်

**ကချင် (၁၇:၀၀) မှ (၁၉:၀၀) ထိ**
ဒါကြက်ဥပူတင်းလုပ်ကြမယ်

**ကယား (၁၉:၀၀) မှ (၂၁:၀၀) ထိ**
ဖားဆောင်းမြို့နယ်အတွင်းရှိအဆင့်မြင့်မော်ချီးသတ္တုတွင်း

**ဝကောကရင် (၂၁:၀၀) မှ (၂၂:၀၀) ထိ**
သွေးချင်းတို့ရဲ့ဆုံဆည်းရာ(အပိုင်း-၁)

**အနောက်ပိုးကရင် (၂၂:၀၀) မှ (၂၃:၀၀) ထိ**
ကျန်းမာအောင်အသက်ရှင်နေထိုင်ခြင်း

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၀၈:၄၅** နေရောင်ခြည်ရဲ့လျှပ်စစ်စွမ်းအင်
- **၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၁:၄၅** သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **"အကျိုးပျက်ဆီးမှုအကြောင်း သိမှတ်ဖွယ်ရာဥပဒေမှာ"**
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၇)
- **၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ်(အပိုင်း-၃)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၂၅** မျိုးစေ့ပြပွဲမှသည်မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆီ
- **၀၇:၀၀** "စိုက်ပျိုးမွေးမြူသုတဘဏ်"
- **၀၇:၁၀** ကုန်ကြမ်းမှသည်ကုန်ချောဆီသို့
- **၀၈:၂၀** မတ်ပဲသီးနှံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ပံတန်းစိုက်/သုံးခြဲ၏စွမ်းဆောင်ချက်
- **၀၉:၂၀** သီးထပ်သီးညှပ်စိုက်ပျိုးယင်းမာပင်မှ တောင်သူများဝင်ငွေတိုး
- **၀၉:၄၅** တိရစ္ဆာန်စာပူလုံပို့စားကျက်သီးနှံစိုက်ကြစို့

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- **၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

SCAN ME
Education Channel ကို ဝနေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# PDF အမည်ခံ အကြမ်းဖက်သမားများက ပခုက္ကူမြို့နယ် ဘုန်းကံကျေးရွာအတွင်းသို့ Drone ယာဉ်အသုံးပြု၍ လက်လုပ်ဗုံးများ ရမ်းသန်းဖြုတ်ချတိုက်ခိုက်၊ အသက်လေးနှစ်အရွယ်ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ဘုန်းကံကျေးရွာအတွင်းသို့ ယနေ့နံနက်ပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများက Drone ယာဉ်အသုံးပြု၍ လက်လုပ်ဗုံးများ ရမ်းသန်းဖြုတ်ချတိုက်ခိုက်ခဲ့ခြင်းကြောင်း အပြစ်မဲ့ပြည်သူ အသက်လေးနှစ်ရွယ်ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ကလေးငယ်တစ်ဦးဗုံးစထိမှန်**

ဖြစ်စဉ်မှာ ပခုက္ကူမြို့နယ် ဘုန်းကံကျေးရွာအတွင်းသို့ ယနေ့နံနက် ၉ နာရီခွဲခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက Drone ယာဉ်တစ်စီးအသုံးပြု၍ လက်လုပ်ဗုံးနှစ်လုံး ရမ်းသန်းဖြုတ်ချတိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့တိုက်ခိုက်ခြင်းကြောင့် ဘုန်းကံကျေးရွာအလယ်တန်းကျောင်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး အလျားပေ ၁၂၀၊ အနံပေ ၆၀ ရှိ စာသင်ဆောင်၏ မျက်နှာကြက်နှင့်



ပခုက္ကူမြို့နယ် ဘုန်းကံကျေးရွာ စာသင်ကျောင်း ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။



အသက်လေးနှစ်အရွယ်ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိမှုကို တွေ့ရစဉ်။

သွပ်မိုးများ ပေါက်ပြဲပျက်စီးခဲ့ပြီး ကျေးရွာတွင် နေထိုင်လျက်ရှိသော အသက်လေးနှစ်အရွယ် ကလေးငယ်တစ်ဦး ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။ ဒဏ်ရာရကလေးငယ်အား ဘုန်းကံကျေးရွာ ကျေးလက်ဆေးပေးခန်း၌ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကျေးရွာအတွင်း လက်လုပ်ဗုံးများ ရမ်းသန်းဖြုတ်ချတိုက်ခိုက်ခဲ့သော PDF အမည်ခံ အကြမ်းဖက်သမားများကို အမြန်ဆုံးဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့စစ်ဆေးရှာဖွေလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ကရင်ပြည်နယ် ဖာပွန်မြို့နှင့် ကမမောင်းမြို့သွားကားလမ်းတစ်လျှောက် NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့်မိုင်းများကို အများပြည်သူဘေးအန္တရာယ်မရှိစေရေး ဖယ်ရှားရှင်းလင်း





ဖာပွန်မြို့နှင့် ကမမောင်းမြို့သွား ကားလမ်းတစ်လျှောက်မှ ငါးဂါလန်ပုံးဖြင့်ပြုလုပ်ထားသည့် ဒေသန္တရလက်လုပ် ဆွဲမိုင်း ၂၃ လုံးနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၆**

NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသည့် ပြည်သူလူထုများနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေသည့် အုပ်ချုပ်ရေးတာဝန်ရှိသူများ ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် လမ်းပန်းဆက်သွယ်မှုများ လုံခြုံချောမွေ့မှုမရှိစေရေး ရည်ရွယ်ချက်များဖြင့် အများပြည်သူအသုံးပြုသည့် လမ်းကြောင်းများတွင် မိုင်းထောင်ခြင်း၊ ပစ်ခတ်တိုက်ခိုက်ခြင်းများ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည်။

**လက်လုပ်မိုင်းများထောင်ထား**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ကရင်ပြည်နယ် ဖာပွန်မြို့နှင့် ကမမောင်းမြို့သွား ကားလမ်းတစ်လျှောက်၌လည်း အကြမ်းဖက်သမားများက လက်လုပ်မိုင်းများထောင်ထားကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၃၀ ရက် နံနက် ၈ နာရီခွဲမှ မွန်းလွဲ ၁ နာရီခွဲအထိ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အဆိုပါကားလမ်း ဝဲ/ယာ တစ်လျှောက်မှ ငါးဂါလန်ပုံးဖြင့် ပြုလုပ်ထားသည့် ဒေသန္တရလက်လုပ်ဆွဲမိုင်း ၂၃ လုံး၊ ပလတ်စတစ်ထမင်းဘူးဖြင့် ပြုလုပ်ထားသည့် ဒေသန္တရဆွဲမိုင်း နှစ်လုံး၊ စနက်တံ ၁၇ ခုနှင့် ဆက်စပ်ပစ္စည်းများအား ထပ်မံရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီး အများပြည်သူအန္တရာယ်မဖြစ်ရေး သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့သည်။

**စုံစမ်းဖော်ထုတ်လျက်ရှိ**

ယခုကဲ့သို့ အများပြည်သူသွားလာ အသုံးပြုလျက်ရှိသည့် လမ်းမကြီးများပေါ်၌ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်မှုလုပ်ရပ်ကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် အဆိုပါ ဖာပွန်-ကမမောင်း ကားလမ်းတစ်လျှောက် ခရီးသွားပြည်သူများ အန္တရာယ်မဖြစ်စေရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် နယ်မြေလုံခြုံအေးချမ်းတည်ငြိမ်ရေး စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၆**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရွှေမြိုင်သာယာကျေးရွာနေ သိန်းဝင်းသည် ၎င်းအသုံးပြုသည့် “Bang Bang” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မွန်ပြည်သစ်ပါတီ (NMSP)မှ ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှပြန်လည်ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ကမ်းလှမ်းမှုအရ နေပြည်တော်သို့ ရောက်ရှိပြီး ငြိမ်းချမ်းရေးဆွေးနွေး ဆောင်ရွက်ခဲ့သည့် မွန်ပြည်သစ်ပါတီ (NMSP)မှ ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ မွန်ပြည်သစ်ပါတီ (NMSP)မှ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက **ထာဝရငြိမ်းချမ်းရေးရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေ စည်းလုံးမှ ငြိမ်းချမ်း တည်ငြိမ်အေးချမ်းရ** စသည့် မွန်ဘာသာနှင့် မြန်မာဘာသာစာသားပါ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ လည်းကောင်း၊ နိုင်ငံတော် အလံငယ်များ ကိုင်ဆောင်၍ လည်းကောင်း Horizon Lake View Resort ၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**





ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့နယ် နေမိန္ဒရကုန်းတော်ပေါ်တွင် တည်ထားလျက်ရှိသော ဉာဏ်တော် ၁၀၈ ပေ အမြင့်ရှိ အောင်တော်မူစေတီတော်မြတ်ကြီးအတွက် တန့်ယန်းမြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းလှူဒါန်းသည့် တတိယအကြိမ် အလှူငွေကျပ် သိန်း ၁၀၀ ကို အောက်တိုဘာ ၁၄ ရက်က အောင်တော်မူစေတီတော် တည်ဆောက်ရေးကော်မတီ ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလ (ကိုင်းကုန်းပရိယတ္တိစာသင်တိုက်)ထံ တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းစဉ်။

မင်းလွင်ဦး(တန့်ယန်း)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# သန်လျင်သူဌေးကွင်းစံပြကျေးရွာ၌ ဒီပါဝလီပွဲတော် ကျင်းပ

**သန်လျင် အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က ဦးဆောင်၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သူဌေးကွင်းစံပြကျေးရွာရှိ စရီသရမ(န်)မူးနီးဝရ(ရ်)စရီပို့က်ကာလီယမား(လ်) ဘုရားကျောင်း၌ ၂၀၂၂ ခုနှစ် ဒီပါဝလီ(အကြို) ပွဲတော်ကို ကျင်းပခဲ့သည်။

ပွဲတော်ကို မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးစိန်သန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ဟိန္ဒူဘာသာရေးထုံးတမ်းစဉ်လာနှင့်အညီ ဆီမီးထွန်းဆုတောင်း၍ ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် ဗဟိုဥက္ကဋ္ဌ ဦးစိန်သန်းက ဂုဏ်ပြုဝမ်းမြောက်စကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးကျော်ဇင်လတ် ဟိန္ဒူ၊ တမီ(လ်)၊ မလေးရှားကုန်သည် ဦးဘာဘူနှင့် ဒေသခံများက တက်ရောက်လာကြသော ဗဟိုနှင့် တိုင်းတို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုပန်းကုံးနှင့် ပဝါများကို အမှတ်တရလက်ဆောင်များ ပေးခဲ့ကြသည်။

ဆက်လက်၍ ဗဟိုဥက္ကဋ္ဌနှင့်တိုင်းမှ တာဝန်ရှိသူများက သန်လျင်မြို့နယ် သူဌေးကွင်းစံပြကျေးရွာနှင့် သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာတို့မှ အိမ်ထောင်စု ၂၀၀ အား တစ်အိမ်ထောင်စုချင်းစီသို့ ဆန်၊ ဆီ၊ ပဲ၊ ဂျုံ၊ သကြားနှင့် အဝတ်အထည်များ ပေးအပ်ခဲ့သည်။ **တင်ဝင်းတင်**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၁၀-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၈၅ | ၂၀၃၀ | ၂၀၂၅ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၀ | ၂၀၃၅ | ၂၀၁၅ | ၂၁၁၀ | ၂၁၂၅ | ၂၀၂၀ | ၂၀၃၀ | ၂၀၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၂၈၅ | ၂၇၇၀ |
| 95 Ron | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၀၅ | ၂၀၈၅ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၀ | ၂၁၀၅ | ၂၁၃၅ | ၂၁၃၅ | ၂၁၃၅ | ၂၃၅၅ | ၂၈၅၀ |
| HSD (500 ppm) | ၂၇၁၀ | ၂၇၇၀ | ၂၇၆၅ | ၂၇၂၅ | ၂၇၆၅ | ၂၇၈၅ | ၂၇၈၅ | ၂၇၅၅ | ၂၈၆၅ | ၂၈၆၀ | ၂၇၆၀ | ၂၇၆၅ | ၂၈၀၀ | ၂၈၀၅ | ၂၈၀၅ | ၃၀၂၅ | ၃၄၉၅ |
| HSD (50 ppm) | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၀ | ၂၈၆၅ | ၂၈၆၀ | ၂၈၃၀ | ၂၉၄၀ | ၂၉၃၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၇၅ | ၂၈၈၀ | ၂၈၈၀ | ၃၁၀၀ | ၃၅၃၀ |
| HSD (10 ppm) | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၀ | ၂၈၆၅ | ၂၈၆၀ | ၂၈၃၀ | ၂၉၄၀ | ၂၉၃၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၇၅ | ၂၈၈၀ | ၂၈၈၀ | ၃၁၀၀ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၈၆ | ၁၉၅၇ |
| 95 Ron | ၁၉၅၂ | ၂၀၂၅ |
| HSD (500 ppm) | ၂၆၀၃ | ၂၆၈၅ |
| HSD (50 ppm) | ၂၆၇၄ | ၂၇၅၇ |
| HSD (10 ppm) | ၂၆၇၄ | ၂၇၅၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆင္ဒမနေ့ကျင်းပမှုမြင်ကွင်း




မွန်တိုင်းရင်းသားရိုးရာအက အလွတ်တန်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မနန့်အိမြတ်ထက်နှင့်အဖွဲ့ ကပြယှဉ်ပြိုင်စဉ်။




ဝါသနာရှင်အဆင့် (ပထမတန်း)အရေးပြိုင်ပွဲတွင် ကယားပြည်နယ်မှ ပြိုင်ပွဲဝင်များ "ထိန်းသိမ်းစို့လေ ရိုးရာအမွေ" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်စဉ်။




ကွက်စိပ်ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး "မဟောသဓာဇာတ်တော်ကြီး" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်စဉ်။



အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်း အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး "ကောင်းစားတော့မည်" သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




နှဲပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး "ကြံ့ကြံ့ဖန်ဖန်" (ယိုးဒယား)ဖြင့် တီးမှုတ်ယှဉ်ပြိုင်စဉ်။

မြန်မာအက အခြေခံကဗျာလွတ်အက (ပထမအဆင့်) အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်ရှမ်းပြည်နယ်မှ မဝိုင်းချစ်ထွေးနှင့်အဖွဲ့ ကပြယှဉ်ပြိုင်စဉ်။







ရုပ်စုံသဘင် အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု မိုးပြည့်မြင့်မိုရ်ရုပ်စုံသဘင်အဖွဲ့ ယှဉ်ပြိုင်စဉ်။



ဂီတာပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး တီးခတ်ယှဉ်ပြိုင်စဉ်။



နှဲပြိုင်ပွဲ အခြေခံပညာ အဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး "မှန်ရဝေ" (ပတ်ပျိုး) ဖြင့် တီးမှုတ်ယှဉ်ပြိုင်စဉ်။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း တောင်ကုတ်မြို့ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**စစ်တွေ အောက်တိုဘာ ၁၆**

တောင်ကုတ်ခရိုင် ဥပဒေရုံးဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါရုံး၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က ခရိုင်ဥပဒေရုံးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ ခရိုင်ဥပဒေရုံးအတွင်း ကြည့်ရှုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကုတ်မြို့နယ်ခန်းမ ပန္နတင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ကိုင်းရှည်ရပ်ကွက် စေတျာရာမဘုန်းတော်ကြီးကျောင်းတိုက်၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က တောင်ကုတ်မြို့ရှိ ဩဝါဒါစရိယဆရာတော်ကြီးများအား သင်္ကန်း၊ ဆန်၊ ဆီ၊ ဆားနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဆရာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ရွှေမေတ္တာဘိုးဘွားရိပ်သာသို့ ကြည့်ရှုစစ်ဆေးပြီး အဘိုးအဘွားများအားဆေးဝါးများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းကာ ဘိုးဘွားရိပ်သာအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသည့် ထောက်ပံ့ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းသည်။

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ဖောင်တော်ဦးဘုရား၌ကျင်းပသော ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင် ဆက်ကပ်လှူဒါန်းခြင်းနှင့် မီးပုံးပျံအလုံး ၃၀၀ လွှတ်တင်ပူဇော်ပွဲသို့ တက်ရောက်ပူဇော်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၆**

နိုင်ငံတော်၏ Generation Mix အတွင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများသည် Reliable Backbone ဖြစ်နေသဖြင့် စက်ရုံရေရှည်တည်တံ့ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လာမည့်နွေရာသီကာလ ဓာတ်အားလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရန် ရေလှောင်တမံအတွင်း ရေကြိုတင်စုဆောင်းရမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ပြောကြားသည်။



ယမန်နေ့ မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်အတွင်းရှိ အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ကြည့်ရှုစစ်ဆေးစဉ် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ရေပိုလွှဲမှ ရေလျှံကျရုံမျှ အနေအထားအတိုင်း ဓာတ်အားပေးစက်များကို ထိန်းညှိမောင်းနှင်ရမည်ဖြစ်ကြောင်း၊ တာဘိုင်၊ ဂျင်နရေတာများ၊ Transformer နှင့် Switchgear များ၏ အခြေအနေကို အမြဲမပြတ်စောင့်ကြည့်ပြုပြင် ထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်ရုံမှူးက နိုင်ငံတော်ဓာတ်အားကွန်ရက်စနစ်နှင့် ချိတ်ဆက်မှု၊ အမှတ် (၂) စက်၏ ၂၃၀/၃၃/၁၁ ကေဗွီ၊ ၃၀ အမ်ဗွီအေ Transformer အစားထိုးလဲလှယ်ခဲ့ရမှုနှင့် အမှတ် (၁) စက်၏ Rotor Copper Lead Bar နှင့် Excitation System ပြုပြင်ခဲ့ရမှု၊ ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်း ဆောင်ရွက်နေမှုများ၊ ရေဝင်ရောက်မှုနှင့် ရေသိုလှောင်ထားမှု၊ ရေပိုလွှဲမှ ရေလျှံကျမှုများကို ရှင်းလင်းတင်ပြပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းသည်။

ယင်းနောက်ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ထိန်းသိမ်းရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်ခိုင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်မင်းတို့က တမံနှင့် ဓာတ်အားပေးစက်ရုံအကြောင်း ဖြည့်စွက်ရှင်းလင်းသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ပပညာရှင်များ၏ အကူအညီဖြင့် ဆောင်ရွက်ရပါက နောင်တွင် ကိုယ်တိုင်ဆောင်ရွက်နိုင်အောင် လေ့လာဆည်းပူးထားရမည်ဖြစ်ကြောင်း၊ သိုလှောင်ရေပမာဏကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ကောင်းမွန်သော စီမံခန့်ခွဲမှုရှိရမည်ဖြစ်ကြောင်း၊ တမံထိန်းသိမ်းရေးလုပ်ငန်းများကို အမြဲမပြတ်စောင့်ကြည့်ထိန်းသိမ်းသွားရန် လုံခြုံရေး အသိ၊ သတိရှိရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားပေးစက်များ ထိန်းချုပ်မောင်းနှင်နေမှု၊ ရေလှောင်တမံနှင့် ရေပိုလွှဲမှရေလျှံကျနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံသည် ပျဉ်းမနားမြို့၏ အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင် တည်ဆောက်ထားပြီး ရေလှောင်တမံမှာ ကွန်ကရစ်တမံ (RCC Dam) အမျိုးအစားဖြစ်၍ ကန်ရေပြည့် ရေသိုလှောင်ပမာဏမှာ ၁၃၆၀၈၀၀ ဧကပေ သိုလှောင်နိုင်ကာ နှစ်စဉ်စီးဝင်ရေ ၂၁၀၆၅၀၀ ဧကပေ စီးဝင်ပြီး ပေါင်းလောင်းရေလှောင်တမံမှ တစ်ဆင့်စိုက်ပျိုးရေပေးဝေသော စိုက်ဧက ၂၁၁၂၁ ဧကသို့ ရေပေးဝေလျက် တပ်ဆင်အင်အားအနေဖြင့် (၇၀) မဂ္ဂါဝပ်၊ ဓာတ်အားပေးစက် နှစ်လုံး၊ (၁၄၀) မဂ္ဂါဝပ်မှ ၁၆ မိုင်ရှိသည့် ၂၃၀ ကေဗွီ အထက်ပေါင်းလောင်း-နန်ချို ဓာတ်အားလိုင်းဖြင့် နိုင်ငံတော်ဓာတ်အားကွန်ရက် စနစ်အတွင်းသို့ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ၄၅၄ ကီလိုဝပ်နာရီသန်းခန့် ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေးနှင့် မဲရုံများလျာထားသတ်မှတ်ခြင်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်အတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများအား ဥပဒေနှင့်အညီ စက်တင်ဘာလကုန်အထိ လစဉ်စိစစ်ပြုစုထားသည့် လူဦးရေစာရင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ပူးပေါင်းစိစစ်ဆောင်ရွက်ထားမှုများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်းကို ယနေ့ နံနက် ၉ နာရီတွင် မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြောင်းမြခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိက အခြေခံမဲဆန္ဒရှင်စာရင်းများ လစဉ်စိစစ်ဆောင်ရွက်မှုနှင့်စပ်လျဉ်းပြီး စက်တင်ဘာလအထိတင်ပြရာ -

(၁) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ စိစစ်ချက်အရ

(က) သေဆုံး၊ ပြောင်းထွက်၊ (၂) ကြိမ်ထပ်၊ (၃) ကြိမ်ထပ်တို့မှလျော့သည့် လူဦးရေ (၇၈၁၅) ဦး

(ခ) လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန လက်ကျန်စာရင်းမှ ပြန်လည်ထည့်သွင်းသည့် ထပ်တိုး လူဦးရေ (၂၁၈၆) ဦး

(၂) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စိစစ်ချက်အရ .

(က) မြေပြင်ထပ်တိုး ပုံစံ (၆၆/၆) ရှိသူ (၁၀၈၄၀) ဦး



(ခ) မြေပြင်တွင် လျော့သည့်ဦးရေ ပုံစံ (၆၆/၆) ရှိသူ (၅၅၆၁)ဦး

မဲရုံတည်နေရာနှင့် မဲရုံအရေအတွက် လျာထားမှု (၇၉၇) ရုံ လျာထားသတ်မှတ်ထားကြောင်းနှင့် မဲရုံသုံးပစ္စည်းလိုအပ်ချက်တို့ကို တင်ပြဆွေးနွေးသည်။

ဆက်လက်ပြီး လပွတ္တာခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိက အခြေခံမဲဆန္ဒရှင်စာရင်းများ လစဉ်စိစစ်ဆောင်ရွက်မှုနှင့် စပ်လျဉ်းပြီး စက်တင်ဘာလအထိတင်ပြရာ -

(၁) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ စိစစ်ချက်အရ

- သေဆုံး၊ ပြောင်းထွက်၊ (၂) ကြိမ်ထပ်၊ (၃) ကြိမ်ထပ်တို့မှလျော့သည့် လူဦးရေ (၁၅၄၉) ဦး

(၂) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စိစစ်ချက်အရ .

(က) မြေပြင်ထပ်တိုး ပုံစံ (၆၆/၆) ရှိသူ ၈၃၄ ဦး

(ခ) မြေပြင်တွင် လျော့သည့်ဦးရေ ပုံစံ (၆၆/၆) ရှိသူ (၁၀၂၇) ဦး

မဲရုံတည်နေရာနှင့် မဲရုံအရေအတွက် လျာထားမှု (၅၈၆) ရုံ လျာထားသတ်မှတ်ထားကြောင်းနှင့် မဲရုံသုံးပစ္စည်းလိုအပ်ချက်တို့ကို တင်ပြဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော တာဝန်ရှိသူများက အကြံပြုဆွေးနွေးတင်ပြကြပြီး တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသန်းထွန်းနှင့် ဦးအောင်လွင်ဦးတို့က ဖြည့်စွက်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# အဂတိလိုက်စားမှုများ တိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

လင်းလက်

**အဂတိလိုက်စားမှုဆိုသည်မှာ**

လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း၊ လက်ခံခြင်းနှင့် ရယူခြင်းတို့သည် အဂတိလိုက်စားမှုဖြစ်သည်ဟု အနက်အဓိပ္ပာယ်ကို ယေဘုယျဆန်ဆန် နားလည်လက်ခံတတ်ကြပါသည်။ သို့ရာတွင် အဂတိလိုက်စားမှု၏ အနက်အဓိပ္ပာယ်သည် ထို့ထက်ကျယ်ပြန့်၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုရန်ပင် ခက်ခဲလှပါသည်။ အောက်စဖို့ဒ် (the Oxford) နှင့် မယ်ရီရမ်ဝက်ဘ်စတာ (Merriam-Webster) အဘိဓာန်တို့တွင်"လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ မရိုးဖြောင့်သော သို့မဟုတ် လိမ်လည်လှည့်ဖြားသော ပြုမူဆောင်ရွက်မှုနှင့် အထူးသဖြင့် ဩဇာအာဏာရှိသူများ၏ မရိုးဖြောင့်သော သို့မဟုတ် တရားမဝင်သော အပြုအမူ" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

အဂတိလိုက်စားမှုသည် လူ့ကျင့်ဝတ်ကို ဖောက်ဖျက်သောအပြုအမူဖြစ်သည်ဟု ဆိုနိုင်သည်။ အဂတိလိုက်စားမှုဆိုသည့်အရာကို ထောက်ခံအားပေးသော ဥပဒေအရ ကျူးလွန်ခွင့်ပြုသော နိုင်ငံမရှိပေ။ နိုင်ငံတိုင်းက အဂတိလိုက်စားမှုကို လက်မခံနိုင်သဖြင့် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCAC) ကို၃၁-၁၀-၂၀၀၃ ရက်နေ့ ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် ၅၈/၄ အရ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းတွင် အဂတိလိုက်စားမှုဆိုသည့်အရာကို မိမိနိုင်ငံ၊ မိမိဥပဒေဖြင့် အရေးယူဆောင်ရွက်နေကြသည်။

**သိင်္ဂါလောဝါဒသုတ်နှင့် အဂတိတရားလေးပါး**

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်အခါက သိင်္ဂါလသူဌေးသားကို သိင်္ဂါလောဝါဒသုတ် (ခေါ်)ဂိဟိဝိနယ (ခေါ်) လူ့ဝတ်နည်းကျင့်ဝတ် တရားတော်များဖြစ်သည့် ကမ္မကိလေသတရားလေးပါး၊ အဂတိတရားလေးပါး၊ ဥစ္စာပျက်စီးကြောင်းခြောက်ပါး၊ အရပ်မျက်နှာခြောက်ပါးတို့ကို ဟောကြားညွှန်ပြဆိုဆုံးမတော်မူခဲ့သည်။ သိင်္ဂါလောဝါဒသုတ်လာ အဂတိတရားလေးပါးတို့မှာ-

- ဆန္ဒာဂတိ။ ချစ်ခင်သဖြင့် မလိုက်သင့်သည့်ဘက်ကိုလိုက်ခြင်း၊ မပြုသင့်သည်ကိုပြုခြင်း၊
- ဒေါသာဂတိ။ စိတ်ဆိုးသဖြင့် မလိုက်သင့်သည့်ဘက်ကိုလိုက်ခြင်း၊ မပြုသင့်သည်ကိုပြုခြင်း၊
- မောဟာဂတိ။ ဆင်ခြင်တုံတရားမရှိဘဲ မိုက်မဲတွေဝေသဖြင့် မလိုက်သင့်သည့်ဘက်ကိုလိုက်ခြင်း၊ မပြုသင့်သည်ကိုပြုခြင်း၊
- ဘယာဂတိ။ ကြောက်ရွံ့သဖြင့် မလိုက်သင့်သည့်ဘက်ကိုလိုက်ခြင်း၊ မပြုသင့်သည်ကိုပြုခြင်းတို့ ဖြစ်ပါသည်။

**အကျိုးနှင့်အပြစ်**

ချစ်ခြင်းကြောင့်လည်းကောင်း၊ မုန်းခြင်းကြောင့်လည်းကောင်း၊ ကြောက်ခြင်းကြောင့်လည်းကောင်း၊ မသိခြင်းကြောင့်လည်းကောင်း မည်သည့်အကြောင်းကြောင့်မဆို ဘက်လိုက်ခြင်း မပြုသင့်သည်ကို ပြုကျင့်ခြင်းဖြင့် အဂတိတရားလေးပါးကို လိုက်စားသောသူသည် လဆုတ်သောအခါ လမင်း၏အရောင်အဝါသည် တစ်နေ့တခြား လျော့ပါးဆုတ်ယုတ်သကဲ့သို့ စည်းစိမ်ဥစ္စာနှင့်တကွ အခြံအရံနှင့် ကျော်စောခြင်းတို့သည် လျော့ပါးဆုတ်ယုတ်တတ်သဖြင့် အဂတိတရားလေးပါးကို ရှောင်ရှားသင့်ကြောင်း မြတ်စွာဘုရားရှင်က တားမြစ်ထားခြင်းဖြစ်သည်။

အဂတိတရားလေးပါးကို ရှောင်ရှား၍ လူ့ဝတ်နည်း ကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းကာ ပြုမူဆောင်ရွက်သူသည် လဆန်းသောအခါ လမင်း၏အရောင်အဝါသည် တစ်နေ့တခြား တိုးပွားလာဘိသကဲ့သို့ စည်းစိမ်ဥစ္စာနှင့်တကွ အခြံအရံနှင့် ကျော်စောခြင်းတို့သည် တစ်နေ့တခြား တိုးပွားလာမည်ဖြစ်ပါသည်။

**အလောင်းမင်းတရားလက်ထက်အခါ**

မြန်မာ့သမိုင်းတွင် ကုန်းဘောင်မင်းဆက်နှင့် တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သော အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် တိုင်းပြည်ကို စီမံအုပ်ချုပ်ရာတွင် ကျေးသားရင်သား ခွဲခြားမှုမရှိ၊ ဘက်လိုက်မှုမရှိသဖြင့် ပြည်သူများ၏ ချစ်ခင်ယုံကြည်မှုကို ရရှိခဲ့ပါသည်။ မိဖုရားခေါင်ကြီးက ၎င်း၏မောင်တော်သည် ရာထူးနေရာမရှိ၍ ချီးမြှင့်မြှောက်စားပေးရန် လျှောက်တင်မှုအပေါ် နန်းတော်အောက်၌ မွေးနေသောခွေးကို သွားရောက်ကြည့်ရှုစေရာ တိကျသေချာမှုမရှိဘဲ အကြိမ်ကြိမ်ပြန်လည်ကြည့်ရှုနေသည်ကို ထောက်ပြကာ ယောက်ဖတော်ပင် ဖြစ်လင့်ကစား ရာထူးရာခံ ချီးမြှင့်ခြင်းမပြုခဲ့သဖြင့် ပြည်သူများ၏ ချစ်ခင်ယုံကြည်မှု ပိုမိုရရှိခဲ့ပါသည်။

> **ချစ်ခြင်းကြောင့်လည်းကောင်း၊ မုန်းခြင်းကြောင့်လည်းကောင်း၊ ကြောက်ခြင်းကြောင့်လည်းကောင်း၊ မသိခြင်းကြောင့်လည်းကောင်း မည်သည့်အကြောင်းကြောင့်မဆို ဘက်လိုက်ခြင်း၊ မပြုသင့်သည်ကို ပြုကျင့်ခြင်းဖြင့် အဂတိတရားလေးပါးကို လိုက်စားသောသူသည် လဆုတ်သောအခါ လမင်း၏အရောင်အဝါသည် တစ်နေ့တခြား လျော့ပါးဆုတ်ယုတ်သကဲ့သို့ စည်းစိမ်ဥစ္စာနှင့်တကွ အခြံအရံနှင့် ကျော်စောခြင်းတို့သည် လျော့ပါးဆုတ်ယုတ်တတ်သဖြင့် အဂတိတရားလေးပါးကို ရှောင်ရှားသင့်**

**သမိုင်းအဆက်ဆက်တိုက်ဖျက်ခဲ့**

မြန်မာနိုင်ငံသည် အကြောင်းအမျိုးမျိုးကြောင့် အင်္ဂလိပ်လက်အောက် ကျရောက်ခဲ့ရပြီး ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရခဲ့သည်။ လွတ်လပ်ရေးရပြီး ၁၀ လအကြာ ၁၉၄၈ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေကိုပြဋ္ဌာန်းကာ တံစိုးလက်ဆောင်ပေးခြင်း၊ ရယူခြင်းနှင့် အဂတိလိုက်စားခြင်းတို့ကို တားမြစ်ထိန်းချုပ်ဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံနှင့် မြန်မာ့သမိုင်းတွင် မည်သည့်အချိန်တွင်မှ အဂတိလိုက်စားမှုကို လက်ခံခဲ့ခြင်းမရှိဘဲ ခေတ်စနစ်နှင့်အညီ တွန်းလှန်တိုက်ဖျက်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

**ဥပဒေအရတားမြစ်ရ**

အဂတိလိုက်စားမှုကြောင့် နိုင်ငံ၏ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ လူမှုရေးစနစ်များကို ထိခိုက်စေပြီး အများပြည်သူ၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးစေသဖြင့် မြန်မာနိုင်ငံ၌ ၂၀၁၃ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ခေတ်စနစ်နှင့်အညီဖြစ်စေရန် ဥပဒေကို စတုတ္ထအကြိမ်အထိ ပြင်ဆင်ကာ အသွင်အမျိုးမျိုးဖြင့် ဖြစ်ပွားနေသော အဂတိလိုက်စားမှုများကို ဟန့်တားထိန်းချုပ် အရေးယူဆောင်ရွက်လျက်ရှိသည်။

စတုတ္ထအကြိမ်ပြင်ဆင်ခဲ့သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃ (က) (၁) နှင့် ၃ (က) (၂) တို့တွင် အဂတိလိုက်စားမှု၏ အဓိပ္ပာယ်ကို အောက်ဖော်ပြပါအတိုင်းဖွင့်ဆိုထားပါသည်-

(က) မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ တစ်စုံတစ်ရာကို ပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို ပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန်အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အားပေးခြင်း၊ ပေးရန်အားထုတ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ လက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန်အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်း၊

(ခ) မည်သူမဆို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင်ဖြစ်စေ၊ ယင်းတို့၏ ပိုင်ဆိုင်မှုကို တောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ ရှင်းလင်းဖျက်သိမ်းခြင်းပြုရာတွင်ဖြစ်စေ၊ ယင်းတို့နှင့် သက်ဆိုင်မှုရှိသော သဘောတူစာချုပ်တစ်ခုတွင်ပါဝင်ခြင်း၊ စီမံဆောင်ရွက်ခြင်းပြုရာတွင်ဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခြင်း။

**ပိုမိုထိရောက်စွာ အရေးယူဆောင်ရွက်လာ**

၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အဂတိလိုက်စားမှုဆိုရာတွင် တံစိုးလက်ဆောင် လက်ခံခြင်းနှင့် ရယူခြင်းတို့အတွက်သာ အရေးယူဆောင်ရွက်နိုင်ခဲ့သဖြင့် နိုင်ငံတော်ဘဏ္ဍာ ထိခိုက်နစ်နာဆုံးရှုံးမှုများကို အရေးယူဆောင်ရွက်နိုင်ရန် ၂၀၁၈ ခုနှစ် စတုတ္ထအကြိမ် ပြင်ဆင်ခဲ့သည့် ဥပဒေတွင် အဂတိလိုက်စားမှု၏ အဓိပ္ပာယ်ကို ပိုမိုကျယ်ပြန့်စွာ ဖွင့်ဆိုခဲ့ပြီး "နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးမှုများ" ကိုပါ အရေးယူဆောင်ရွက်နိုင်ခဲ့သဖြင့် အဂတိလိုက်စားမှုများကို ပိုမိုထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည်။

**အဂတိပယ်ခွာ ပြည်သာယာရေး**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၄ အရ မည်သူမဆို အဂတိလိုက်စားမှု သို့မဟုတ် အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းတို့နှင့်စပ်လျဉ်း၍ ကော်မရှင်၊ ကော်မရှင်ရုံး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်ပါသည်။

အဂတိလိုက်စားမှုများကြောင့် နစ်နာသူများအနေဖြင့် တိုင်တန်းချက်များပေးပို့ရာတွင် တိုင်ကြားနိုင်မည့် နည်းလမ်းများ၊ သတိပြုရမည့်အချက်များနှင့် ကော်မရှင်အနေဖြင့် တိုင်ကြားစာများကို စိစစ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ကော်မရှင်၏ Website နှင့် Facebook Page များတွင်လည်း ဖော်ပြထားပါသည်။ ထို့အပြင် နိုင်ငံပိုင်သတင်းစာများတွင်လည်း အလျဉ်းသင့်သလိုဖော်ပြလျက်ရှိရာ ပြည်သူများက အဂတိလိုက်စားမှုများကို သတ်မှတ်ချက်များနှင့်အညီ သတင်းပေးဖော်ထုတ် တိုင်ကြားခြင်းဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပူးပေါင်းကာ အဂတိပယ်ခွာ ပြည်သာယာရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ကိုးကားစာရင်း**

- **Wikipedia**
- **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ**
- **ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း**
- **အောက်စဖို့ဒ် (the Oxford) နှင့် မယ်ရီရမ်ဝက်ဘ်စတာ (Merriam-Webster) အဘိဓာန်**
- **https://info.worldbank.org/governance/wgi/**
- **www.oecd.org/corruption**
- **https://www.transparency.org/en/**
- **https://www.lexico.com/definition/corruption**
- **https://news-eleven.com/article/129905**
- **ဒေါက်တာမြင့်သန်း၏ အကျင့်ပျက်ခြစားမှုများ ပပျောက်ရေး ဝိုင်းဝန်းလက်တွဲဆောင်ရွက်ပေး ဆောင်းပါး**

ပုံပြင်

# ဘုရင်မုတ်ဆိတ်ကြီး

မင်းယုဝေ

တစ်ရံရောအခါ ဘုရင်တစ်ပါး၌ သမီးတော်တစ်ပါးရှိ၏။ ထိုသမီးတော်သည် အလွန်လှပချောမွေ့၏။ သို့သော် လွန်စွာမာနကြီး၏။ များစွာလှဂုဏ်ကိုး၏။ သူ့ကိုချစ်မြတ်နိုးသဖြင့် လက်ထပ်ပါရန် လာရောက်ပြောဆိုသူများအား လက်ခံခြင်းမပြု၊ ပြောင်လှောင်၍ပင်လွှတ်လေသည်။ တစ်နေ့တွင် ဘုရင်သည် ပွဲလမ်းသဘင်ကြီးတစ်ခု ကျင်းပကာ သမီးတော်ကို လာရောက်တောင်းခံသူများအား ဖိတ်ကြား၏။ ထို့နောက် သမီးတော်အား ဖူးစာဖက်ကို ရွေးချယ်စေလေသည်။

မင်းသမီးကို အလိုရှိသူများအထဲတွင် ဘုရင်၊ မင်းညီမင်းသား၊ မြို့စား၊ နယ်စား စသည်ဖြင့် ပုဂ္ဂိုလ်အမျိုးမျိုးပါဝင်၏။ သူတို့သည် မိမိတို့ရာထူးအစဉ်လိုက် စီတန်း၍ထိုင်နေကြ၏။ မကြာမီ မင်းသမီးသည် သူတို့ရှေ့သို့ လျှောက်လာပြီးလျှင် တစ်ဦးစီ စိစစ်ရွေးချယ်လေသည်။ သို့ရွေးချယ်ရာ၌ ခါတိုင်းကဲ့သို့ပင် မင်းသမီးသည် သူတို့အား အပြစ်ရှာ၍ ငြင်းပယ်လေသည်။ ပထမလူကား ဝလွန်းလှသည်၊ စည်ပိုင်းကြီးနှင့်တူလှပါဘိ။ ဒုတိယလူကား အရပ်ရှည်လွန်းလှသည်၊ မဏ္ဍပ်တိုင်နှင့်တူလှပါဘိ။ တတိယလူကား ပုလွန်းလှသည်၊ လိပ်နှင့်တူပါဘိ။ စတုတ္ထလူ၏ အသားမှာ ဖြူလွန်းလှသည်၊ ထုံးဖြူသုတ်ထားသကဲ့သို့ ရှိပါဘိ။ ပဉ္စမလူ၏အသားမှာ နီလှသည်၊ ကြက်မောက်သီးကဲ့သို့နီမြန်းပါဘိ။ ဆဋ္ဌမလူ၏အရပ်မှာ ကုန်းကုန်းကွကွရှိလှသည်။ သစ်ကိုင်းခြောက်နှင့်တူပါဘိ စသည်ဖြင့် တစ်ဦးစီကို အပြစ်ရှာ၍ ပြောင်လှောင်ပြောဆိုလေသည်။

သည်လိုအစဉ်တစိုက် တစ်ဦးစီကို အမျိုးမျိုးပြောင်လှောင်ပြောဆိုလာခဲ့ရာမှ မုတ်ဆိတ်မွေးရှိသောဘုရင်ပျိုကလေးရှေ့သို့ရောက်သောအခါမူ ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေသည်။ သူသည် ဘုရင်ပျိုအား လက်ညှိုးထိုးလျက်...

"ရှုကြလော့၊ ဤသူ၏ မုတ်ဆိတ်တို့မှာ တံမြက်စည်းစုတ်နှင့် တူလှပါဘိ၊ သူ့ကိုယနေ့မှစ၍ 'မုတ်ဆိတ်ကြီး'ဟူ၍ပင်ခေါ်ဝေါ်သင့်သည်" ဟု ရိုင်းပျစွာ ပြောင်လှောင်ပြောဆို၏။ အလှောင်ခံရသော မုတ်ဆိတ်ရှိသည့် ဘုရင်ပျိုကလေးမှာ ထိုနေ့မှစ၍ 'ဘုရင်မုတ်ဆိတ်ကြီး' ဟု အများ၏ခေါ်ဝေါ်ခြင်းကို ခံရလေတော့သည်။

သမီးတော်၏ မဖွယ်ရာသောအပြုအမူတို့ကို ဘုရင်ကြီးသိမြင်သော် ပြင်းစွာအမျက်ထွက်လေသည်။ ထို့ကြောင့် သူက...

"သည်မျှမိုက်မဲသောသမီးတော်ကို သူတောင်းစားနှင့်ပင် လက်ထပ်ပေးတော့မည်၊ နန်းတော်သို့ ပထမဦးစွာ ရောက်ရှိလာသော သူတောင်းစားအား သမီးမိုက်ကို ပေးလိုက်တော့မည်"ဟူ၍ ပြောဆိုလိုက်လေ၏။

နှစ်ရက်ခန့်ကြာသော် နန်းတော်သို့ သူတောင်းစားတစ်ဦး ဆိုက်ရောက်လာ၏။ သူသည် တေးဆိုလျက် ပိုက်ဆံတောင်း၏။ သူ့တေးသံကို ဘုရင်ကြားသော် ရှေ့တော်သို့ ခေါ်လာစေ၏။

ခဏချင်းပင် ညစ်ထေးသောရုပ်ရည်ရှိသည့် သူတောင်းစားသည် ဘုရင့်ရှေ့တော်သို့ ရောက်ရှိလာသည်။ သူသည် ဘုရင့်ကို တေးဆိုပြပြီးလျှင် ဆုလာဘ်ပေးသနားပါရန် တောင်းခံ၏။ ထိုအခါ ဘုရင်က...

"သူတောင်းစားငယ်၊ သင်သည် နှစ်လိုဖွယ်တေးကို ဆိုနိုင်စွမ်းရှိသည်။ ဆုလာဘ်အဖြစ် သင့်အား ငါ့သမီးတော်ကိုပင် ပေးအံ့" ဟုဆိုလေသည်။ မင်းသမီးသည် ငိုကြွေးလျက် အမျိုးမျိုးတောင်းပန်၏။ သို့သော် ဘုရင်ကား ဂရုမပြု၊ သူတောင်းစားနှင့်ပင် လက်ထပ်ပေးပြီးလျှင်....

"ယခုချက်ချင်းပင် သင့်ခင်ပွန်းနောက်သို့ လိုက်သွားလေတော့" ဟူ၍ဆိုကာ နန်းတော်မှ နှင်ထုတ်လိုက်သည်။ မင်းသမီးသည် စိတ်မချမ်းမြေ့စွာဖြင့် သူတောင်းစားနောက်သို့ လိုက်သွားရ၏။ မကြာမီပင် သူတို့သည် စိမ်းလန်းစိုပြည်သော သစ်တောကြီးတစ်ခုအတွင်း ရောက်ရှိလာကြသည်။ ဤတွင် မင်းသမီးက သူတောင်းစားအား...

"သည်တောကို မည်သူပိုင်သနည်း" ဟု မေးမြန်း၏။

"သည်တောကား ဘုရင်မုတ်ဆိတ်ကြီးပိုင်သော တောပင်တည်း" ဟူ၍ သူတောင်းစားက ဖြေကြား၏။ ထိုအခါ မင်းသမီးက...

"ဘုရင်မုတ်ဆိတ်ကြီးကို ဖူးစာဖက်အဖြစ် ငါမရွေးခဲ့သည်မှာ မှားလေစွတကား" ဟု ဆိုမြည်ရှာလေ၏။ သူတို့သည် တောကြီးကိုကျော်လွန်ပြီးနောက် သာယာလှပသော မြက်ခင်းများကို ဖြတ်ကျော်လာကြ၏။ ထိုအခါ မင်းသမီးက

"သည်မြက်ခင်းများကို မည်သူပိုင်ပါသနည်း"ဟု မေးပြန်၏။

"သည်မြက်ခင်းများကို ဘုရင်မုတ်ဆိတ်ကြီးပင် ပိုင်ပါပေသည်" ဟူ၍ သူတောင်းစားက ဖြေကြား၏။

"ဘုရင်မုတ်ဆိတ်ကြီးကို ဖူးစာဖက်အဖြစ် ငါမရွေးခဲ့သည်မှာ မှားလေစွတကား" ဟု မင်းသမီးက ဆိုမြည်ရှာပြန်သည်။ မကြာမီ သူတို့သည် မြို့ကြီးတစ်မြို့သို့ ရောက်ရှိလာကြ၏။ "သည်မြို့သည် မည်သူပိုင်သောမြို့ ဖြစ်ပါသနည်း" ဟု မင်းသမီးက မေးပြန်၏။

"ဘုရင်မုတ်ဆိတ်ကြီးပိုင်သော မြို့ပင်တည်း" ဟူ၍ သူတောင်းစားက ဖြေကြား၏။

"ဘုရင်မုတ်ဆိတ်ကြီးကို ဖူးစာဖက်အဖြစ် ငါမရွေးခဲ့သည်မှာ မှားလေစွတကား" ဟု မင်းသမီးက ဆိုမြည်ရှာပြန်၏။

ထိုအခါ သူတောင်းစားက

"အို.. ရှင်မ၊ ငါ့ရှိပါလျက် အခြားခင်ပွန်းတစ်ဦးကို ထပ်၍အလိုရှိနေသေးသလော" ဟုဆိုလိုက်လေ၏။ နောက်ဆုံး၌ သူတို့သည် ဟောင်းနွမ်းစုတ်ချာသော တဲကလေးတစ်ခုရှေ့သို့ ရောက်ရှိလာကြ၏။ မင်းသမီးက...

"ဤစုတ်ချာလှသောတဲသည် မည်သူနေထိုင်သည့် တဲဖြစ်ပါသနည်း" ဟုမေးမြန်း၏။

"သင်နှင့် ငါတို့ နေထိုင်ရမည့်တဲပင်တည်း" ဟု သူတောင်းစားက ဖြေကြား၏။ မင်းသမီးလည်း ဝမ်းနည်းစွာဖြင့်..

"အစေခံများလည်း မရှိပါတကား" ဟု ဆို၏။ ထိုအခါ သူတောင်းစားက..

"အို... ရှင်မ၊ ငါတို့အဖို့ ဘယ်မှာလျှင် အစေခံဟူ၍ ရရှိနိုင်ပါအံ့နည်း၊ လုပ်ဖွယ်ရှိသမျှကို သင်သာလျှင် လုပ်ရမည်သာ၊ ယခုပင် မီးမွှေးလော့၊ ထမင်းချက်လော့၊ မောပန်းလှသဖြင့် ငါဆာလောင်နေပြီ" ဟုဆိုလေ၏။ မင်းသမီးလည်း ကောင်းစွာမချက်ပြုတ်တတ်။ ထို့ကြောင့် သူတောင်းစားက ကူညီလုပ်ဆောင်ပေးရ၏။ သူတို့သည် ထမင်းကိုမဝတဝစားသောက်ပြီးနောက် အိပ်စက်ကြလေ၏။

(ဆက်လက်ဖော်ပြပါမည်)

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။





ကဗျာ

## ဖြေမှု

✻ မြတ်ဗုဒ္ဓလည်း
လူ့ပြည်သက်ဆင်း၊ ကျွတ်သီတင်းဝယ်
ပျံ့ညှင်းချိုသာ၊ မြတ်ဓမ္မာနှင့်။
✻ နတ်အပေါင်းလည်း
ခ,ညောင်းစုံညီ၊ ဘေးပတ်လည်ဝယ်
မြှောက်ချီလက်မုံ၊ ထိပ်ထက်ပုံနှင့်။
✻ စောင်းတန်းသွယ်လည်း
ရွှေနှယ်ဝင်းပ၊ ငွေနှယ်ဆွ၍
ပတ္တမြားရည်၊ ရဲရဲနီနှင့်။
✻ ရောင်ခြည်နွယ်လည်း
ခြောက်သွယ်ထွေလျှမ်း၊ အံ့မခန်းတည့်။
လူခပင်းလည်း
ဝပ်စင်းကော်ရည်၊ ဖူးမြင်မျော်တည့်။
✻ ရှင်မြတ်ဗိန္ဒော၊ လူ့မြေပေါ်ဝယ်
သက်တော်ထင်ရှား၊ ရှိစဉ်များက
ငါကားကြုံကြိုက်၊ မဆုံလိုက်၍
အမြိုက်ရသာ၊ ဒေသနာကို
ကြည်သာရွှင်ပျ၊ မသုံးရဟု
တောင့်တငါဝယ်၊ ဆွေးမှုကြွယ်ခဲ့။
✻ သို့နှယ်ညှိုးနွမ်း၊ စိတ်ပင်ပန်းသော်
မျှော်မှန်းရည်ခြွေ၊ ပြေကြောင်းဖွေ၍
"ဩော်-လေ လူ့ခွင်၊ ခုနေတွင်လည်း
ချစ်ရှင်မြတ်စွာ၊ သာသနာတည့်
ငါသာကြည်မြ၊ ဖြူသီလနှင့်
ဗုဒ္ဓ,လုစ်ခြွေ၊ မြတ်ဓမ္မေကို
မသွေထိပ်ထက်၊ ဆင်ပန်ရွက်က
လက်ထက်မြတ်စွာ၊ ရှိစဉ်ခါသို့
မကွာတည်း၊ တူတော့ပြီတည့်"
ဤသည်ဤသို့၊ စိတ်ကိုညှို့မှ
နှစ်လိုကြည်ရွှင်၊ ငါ့ဘဝင်သည်
စိုလွင်ပန်းသို့ လန်းသည်တကား။

ငွေတာရီ

ဆရာမငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



လူမှု ၁၁၀

## လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

### ဗြိတိန်ဝန်ကြီးချုပ် မာဂရက်သက်ချာ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

ကမ္ဘာ့ထင်ရှားသော အမျိုးသမီးခေါင်းဆောင်များတွင် မာဂရက်သက်ချာလည်း တစ်ဦးအပါအဝင်ဖြစ်သည်။ မာဂရက်သက်ချာ(Margaret Thatcher) သည် ဗြိတိန်နိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ်ဖြစ်သည်။ သူ့ကို သံမဏိအမျိုးသမီး (The Iron Lady)ဟု လူသိများသည်။

မာဂရက်သက်ချာကို အင်္ဂလန် ဂရန်သမ်၌ ၁၉၂၅ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် မွေးဖွားခဲ့သည်။ မာဂရက်သက်ချာသည် ဗြိတိန်နိုင်ငံတွင် ၁၉၇၉ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သူသည် ဗြိတိန်နိုင်ငံ၏ အမြင့်မားဆုံးနိုင်ငံရေးရုံးတွင် တာဝန်ထမ်းဆောင်သော ပထမဆုံးအမျိုးသမီးဖြစ်သည်။ သူသည် ကွန်ဆာဗေးတစ်ပါတီအတွက် အစွမ်းကုန်ကြိုးစားခဲ့သည်။ မာဂရက်သက်ချာသည် ကွန်မြူနစ်ဝါဒနှင့် ဆိုဗီယက်ပြည်ထောင်စုကို ဆန့်ကျင်သောစစ်အေးတိုက်ပွဲတွင် ဒီမိုကရေစီအတွက် အရေးပါသောခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သည်။

မာဂရက်သက်ချာ၏ဘဝခရီးကို လေ့လာကြည့်သော် သူ၏ဖခင်သည် ဒေသခံစီးပွားရေးသမားတစ်ဦးဖြစ်ပြီး စတိုးဆိုင်ပိုင်ရှင်တစ်ဦးဖြစ်သည်။ သူ့တွင် မူရီယာယယ်အမည်ရှိ အစ်မကြီးတစ်ဦးရှိသည်။ သူ့မိသားစုသည် သူ့အဖေ ကုန်စုံပစ္စည်းဆိုင်၏ အပေါ်ထပ်တွင်နေကြသည်။ မာဂရက်သက်ချာသည် ဂရန်သမ်မြို့၏ မြို့တော်ဝန်နှင့် မြို့နယ်ကောင်စီဝင် နှစ်မျိုးစလုံးကိုထမ်းဆောင်နေသော သူ၏ဖခင်ဖြစ်သူ အဲလ်ဖရက်ထံမှ နိုင်ငံရေးပညာကို အစောပိုင်းတွင် လေ့လာခဲ့သည်။ ထို့နောက် သူသည် အောက်စ်ဖို့ဒ်တက္ကသိုလ်သို့ တက်ရောက်ခဲ့ပြီး ဓာတုဗေဒဘွဲ့ကို ရရှိခဲ့သည်။ အောက်စ်ဖို့ဒ်တက္ကသိုလ်တွင် ပညာဆည်းပူးစဉ် နိုင်ငံရေးကို သူစိတ်ဝင်စားခဲ့သည်။ သူသည် စီးပွားရေးတက္ကသိုလ်တွင် ကြားဝင်စွက်ဖက်မှုအကန့်အသတ်သာရှိသော ကွန်ဆာဗေးတစ်အစိုးရကို အပြင်းအထန်ယုံကြည်သူတစ်ဦးဖြစ်လာခဲ့သည်။ သူသည် အောက်စ်ဖို့ဒ်တက္ကသိုလ် ကွန်ဆာဗေးတစ်အဖွဲ့အစည်း၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ဘွဲ့ရပြီးနောက် သူသည် ဓာတုဗေဒကျွမ်းကျင်သူတစ်ဦးအနေဖြင့် အလုပ်လုပ်ခဲ့သည်။

နှစ်အနည်းငယ်အကြာတွင် မာဂရက်သက်ချာသည် နိုင်ငံရေးလောကသို့ ဝင်ရောက်ခဲ့သည်။ ပထမဆုံးအကြိမ်အတွက် ရုံးခန်းဖွင့်ရန် ကြိုးပမ်းခဲ့သည်။ ဒတ်ဖို့ဒ်တွင် ပါလီမန်နေရာ နှစ်နေရာအတွက် သူကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း နှစ်ကြိမ်စလုံး ရှုံးနိမ့်ခဲ့သည်။ ကွန်ဆာဗေးတစ်ပါတီဝင်တစ်ဦးအနေဖြင့် သူသည် အနိုင်ရရှိရန် အခွင့်အရေးအနည်းငယ်သာရရှိခဲ့သည်။ ထို့နောက် သူသည် ကျောင်းဆက်တက်ခဲ့ပြီး ဥပဒေဘွဲ့ကို ရယူခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် မာဂရက်သက်ချာသည် ဖင့်ချ်လေကို ကိုယ်စားပြုသော ဗြိတိသျှပါလီမန်အောက်လွှတ်တော်အမတ်ဖြစ်လာခဲ့သည်။ သူသည် နောက်နှစ် ၃၀ တိုင်အောင် အောက်လွှတ်တော်အမတ်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၇၀ ပြည့်နှစ်တွင် မာဂရက်သက်ချာအား ပညာရေးဆိုင်ရာ အတွင်းရေးမှူးရာထူးကို ခန့်အပ်ခဲ့သည်။ ကွန်ဆာဗေးတစ်ပါတီရှိ သူ၏ရာထူးသည် ရက်အနည်းငယ်အကြာတွင် မြင့်တက်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ကွန်ဆာဗေးတစ်ပါတီ၏ ရာထူးနေရာအများစု ဆုံးရှုံးသွားခဲ့သောအခါ သူသည် ပါတီ၏ခေါင်းဆောင်မှုကို ရယူခဲ့သည်။ ဤသို့ဖြင့် မာဂရက်သက်ချာသည် အတိုက်အခံပါတီခေါင်းဆောင်ဖြစ်လာရန် ပထမဆုံးအမျိုးသမီးဖြစ်ခဲ့သည်။

မာဂရက်သက်ချာသည် ၁၉၇၉ ခုနှစ် မေလ ၄ ရက်နေ့တွင် ဗြိတိန်ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ သူသည် ၁၀ နှစ်ကြာအထိ ဗြိတိန်နိုင်ငံတွင် ထိပ်တန်းရာထူးကို ရရှိခဲ့သည်။ သူအုပ်ချုပ်ခဲ့သောကာလတွင် မှတ်သားဖွယ်ရာအဖြစ်ပျက်များနှင့် အောင်မြင်ဖြစ်ထွန်းမှုအချို့ကို တွေ့ကြုံခဲ့ရသည်။

မာဂရက်သက်ချာ အုပ်ချုပ်ခဲ့သောကာလတွင် ဖောက်ကလန်စစ်ပွဲဖြစ်ပွားခဲ့သည်။ ၁၉၈၂ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် အာဂျင်တီးနားနိုင်ငံသည် ဗြိတိသျှဖောက်ကလန်ကျွန်းများကို ကျူးကျော်ခဲ့သည်။ သက်ချာသည် ကျွန်းများပြန်လည်ရယူရန် ဗြိတိသျှတပ်ဖွဲ့များကို လျင်မြန်စွာစေလွှတ်ခဲ့သည်။ ယင်းသည် ခက်ခဲသောတာဝန်တစ်ရပ်ဖြစ်ခဲ့သော်လည်း ဗြိတိသျှလက်နက်ကိုင်တပ်ဖွဲ့များသည် လအနည်းငယ်အတွင်းမှာ ဖောက်ကလန်ကျွန်းများကို ပြန်လည်အရယူနိုင်ခဲ့သည်။ ဤသို့ဖြင့် ဖောက်ကလန်ကျွန်းများသည် ၁၉၈၂ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင် ဗြိတိသျှလက်အောက်သို့ တစ်ဖန်ပြန်လည်ရောက်ရှိခဲ့သည်။

(ဆက်လက်ဖော်ပြပါမည်)

❍ **မာဂရက်သက်ချာသည် ၁၉၇၉ ခုနှစ် မေလ ၄ ရက်နေ့တွင် ဗြိတိန်ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ သူသည် ၁၀ နှစ်ကြာအထိ ဗြိတိန်နိုင်ငံတွင် ထိပ်တန်းရာထူးကို ရရှိခဲ့သည်။ သူအုပ်ချုပ်ခဲ့သောကာလတွင် မှတ်သားဖွယ်ရာအဖြစ်ပျက်များနှင့် အောင်မြင်ဖြစ်ထွန်းမှုအချို့ကို တွေ့ကြုံခဲ့ရ**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၇၀၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၅၅ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၆-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော **ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၇၀၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၅၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၃၈) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၂၅၀,၉၄၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၂၈,၅၇၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၂၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၂,၅၃၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၇၀) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၅-၁၀-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၆၅၀,၅၆၈)ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၆၆၁,၈၁၆) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၁၅-၁၀-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၆၅၀,၅၆၈ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၆၆၁,၈၁၆ |

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၂၆-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့်နာတာရှည်ရောဂါအခံတစ်ခုခုရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရသူ နာတာရှည်ရောဂါအခံရှိသူများ၏ မိသားစုဝင်များထံမှ သိရှိချက်အရ အဆိုပါသေဆုံးရသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံမှုကို ခံယူမှုမရရှိခဲ့ခြင်း၏ အဓိကအကြောင်းရင်းများမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းဖြင့် မိမိတွင်ရှိနေသည့် နာတာရှည်ရောဂါအခံသည် ပိုမိုဆိုးရွားလာမည်ဟူသည့် လွဲမှားသောအယူအဆကြောင့် စိုးရိမ်စိတ်ဖြစ်ပေါ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုများကို လာရောက်မခံယူခြင်း၊ အသက်အရွယ်ကြီးရင့်မှုနှင့် နာတာရှည်ရောဂါအခံကြောင့် ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ရန် အခက်အခဲရှိခြင်းတို့ကြောင့် ဖြစ်သည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက အသက်အန္တရာယ်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားသည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါစသည့် နာတာရှည်ရောဂါအခံတစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန်နှင့် ၎င်းတို့၏မိသားစုဝင်များ၊ မိတ်ဆွေများမှလည်း အဆိုပါနာတာရှည်ရောဂါအခံ တစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့် ထိုးနှံမှုခံယူရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများကို မပျက်မကွက် ထိုးနှံမှုခံယူနိုင်ရေးအတွက် နီးစပ်ရာကာကွယ်ဆေးထိုးစုရပ်များ၊ ကျန်းမာရေးဌာနများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများနှင့် မပျက်မကွက် ဆက်သွယ်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၈၈၂၅၆၄၁ | ၉၆၁၀၅၅၄၃ | ၁၀၉၀၃၇၄ |
| ၂။ | အိန္ဒိယ | ၄၄၆၂၈၈၂၈ | ၄၄၀၇၃၃၀၈ | ၅၂၈၈၉၅ |
| ၃။ | ပြင်သစ် | ၃၆၂၁၆၆၃၄ | ၃၅၀၀၁၂၃၀ | ၁၅၅၈၁၆ |
| ၄။ | ဘရာဇီး | ၃၄၇၉၁၇၇၀ | ၃၃၉၅၃၄၃၃ | ၆၈၇၁၉၅ |
| ၅။ | ဂျာမနီ | ၃၄၆၀၈၈၃၅ | ၃၂၈၉၁၆၀၀ | ၁၅၁၄၂၀ |
| ၆။ | တောင်ကိုရီးယား | ၂၅၁၂၀၄၆၅ | ၂၄၆၈၀၉၈၁ | ၂၈၈၄၀ |
| ၇။ | ဗြိတိန် | ၂၃၇၉၈၇၉၃ | ၂၃၄၁၄၇၉၄ | ၁၉၁၆၈၁ |
| ၈။ | အီတလီ | ၂၃၀၆၉၇၄၅ | ၂၂၃၉၂၉၇ | ၁၇၇၉၅၆ |
| ၉။ | ဂျပန် | ၂၁၇၅၇၅၉၅ | ၂၀၄၅၁၂၂၆ | ၄၅၈၇၀ |
| ၁၀။ | ရုရှား | ၂၁၃၀၄၅၅၄ | ၂၀၆၀၃၈၄၅ | ၃၈၈၉၀၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၉၂၅၉၈ | ၁၀၅၉၈၉၇၄ | ၄၃၁၅၅ |
| ၂။ | အင်ဒိုနီးရှား | ၆၄၅၆၈၆၈ | ၆၂၈၁၃၄၂ | ၁၅၈၃၁၃ |
| ၃။ | မလေးရှား | ၄၈၆၅၄၈၀ | ၄၈၀၅၁၈၄ | ၃၆၄၁၅ |
| ၄။ | ထိုင်း | ၄၆၈၅၀၄၇ | ၄၆၄၇၂၇၅ | ၃၂၈၂၉ |
| ၅။ | ဖိလစ်ပိုင် | ၃၉၈၂၉၆၅ | ၃၈၉၃၄၅၂ | ၆၃၅၁၀ |
| ၆။ | စင်ကာပူ | ၂၀၀၅၈၈၄ | ၁၉၀၅၆၁၆ | ၁၆၄၁ |
| ၇။ | မြန်မာ | ၆၂၈၅၇၇ | ၆၀၂၅၃၄ | ၁၉၄၇၀ |
| ၈။ | ဘရူနိုင်း | ၂၃၁၈၃၃ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၆၀၉၈ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၆၅ | ၁၃၄၈၃၉ | ၃၀၅၆ |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၄-၁၀-၂၀၂၂ ရက်နေ့မှအဆက်

မော်သည် 'မ' စကားကိုနားထောင်ရင်း နှာခေါင်းကိုရှုံ့လိုက်သည်။

မွန်ကမူ 'မ' တွေးခေါ်ယူဆပုံကို ကျေနပ်သလိုရှိလာသည်။

"စာရေးဆရာဆိုတဲ့ ငနဲတွေက စိတ်ကူးယဉ်ပြီး အလိုမပြည့်တဲ့လူတွေပါကွာ။ အမေရိကားပြည်ကို ရောက်ပြီး သူတို့နေချင်သလိုမနေရတာနဲ့ ထင်ရာ လျှောက်ရေးတာပါ။ ဒီစာရေးဆရာဆိုတဲ့လူတွေက လူနေတော့ချုံကြား စိတ်ကတော့ ဘုံဖျားဆိုတာလိုပဲ။ သူတို့ရေးတဲ့ဝတ္ထုထဲကလို တစ်ခါတည်း တိုက်ကြီးကားကြီးနဲ့ စိတ်ကူးယဉ်နေတာ။ ဒီစိတ်ကူးယဉ်တဲ့ အတိုင်း မဖြစ်တော့ မကျေနပ်တိုင်း လျှောက်ပြီးရေးတော့တာပဲ"

"ဒါပေမဲ့ စာရေးဆရာတို့၊ အနုပညာရှင်တို့ဟာ ဦးနှောက်ကို အများဆုံးအသုံးချတတ်တဲ့လူတွေပဲ။ သူတို့ဟာ အရာဝတ္ထုတစ်ခုကို မြင်တဲ့နေရာမှာ သူများနဲ့မတူဘူး။ ဥပမာ ဒူးရင်းသီးကိုမြင်တဲ့နေရာမှာ အပြင်ကဆူးကိုမမြင်ဘဲ အတွင်းကအနှစ်သာရကို မြင်သလိုပေါ့။ နှင်းဆီပန်းကို မြင်တဲ့နေရာမှာ နုနယ်လှပတဲ့အပွင့်ကိုမမြင်ဘဲ အပင်မှာရှိတဲ့ဆူးကို မြင်သလိုပေါ့။ တွေးခေါ်ပြီးမြင်တဲ့အမြင်မျိုး သူတို့မှာရှိတယ်။ ကိုကိုကြည်မြင်ပုံက အကောင်းချည်း မြင်နေလို့ပြောတာပါ"

မွန်က 'မ' စကားကို ထောက်ခံရင်း ပြောလိုက်သည်။ ဒေါ်ခင်မျိုးသန်းကမူ 'မ' ကို မျက်စောင်းထိုး၍ ကြည့်သည်။

ဒါကတော့ ဘယ်တိုင်းပြည်မဆိုရှိတာပေါ့ 'မ'ရာ။ အလွန်တိုးတက်ပါတယ်လို့ပြောနေတဲ့ ခု ရုရှားတိုင်းပြည်မှာတောင် သူတို့ထင်သလောက် ခရီးမရောက်သေးဘူးမဟုတ်လား။ ကိုခင်မောင်ကြည်က သူတို့နိုင်ငံမှာ တိုးတက်နေတဲ့ဘက်ကပြောတာ... ဒါလည်း မှန်တာပဲ။ 'မ' တွေးတဲ့ဘက်ကလည်း မှန်တာပဲ"

မွန်က ကြားမှနေ၍ ဖျန်ဖြေလိုက်သော်လည်း ဒေါ်ခင်မျိုးသန့်ကမူ 'မ' ကို မျက်စောင်းခဲရင်း ဝင်၍ပြောလိုက်ပြန်သည်။

"သူက အဖေတူကွဲ့။ သူများက အဖြူဆိုရင် မည်းရမှ ကျေနပ်တဲ့သူ"

"ကဲပါလေ .. ဇစ်တာတို့ပျင်းနေရော့မယ်။ ဟေး ... မောင်မြရေ၊ လုပ်ပါကွာ ... ရေယူခဲ့၊ ဆော်ဒါဖောက်ခဲ့"

ကိုခင်မောင်ကြည်သည် အိမ်သည်ပီပီ ငြိုးငွေ့စေသည့်ပြဿနာကိုဖျောက်၍ ဝိုင်းကိုစိုပြည်အောင် အစီအစဉ်ပြောင်းလိုက်သည်။

သည်တော့မှလည်း ဇစ်တာသည် စကားဝိုင်းသို့ ဝင်လာလေသည်။

"ကဲ ... အမေရိကားပြန်ကြီးအတွက် ...."

ဇစ်တာက အရက်ခွက်ကိုမြှောက်၍ ခွက်လှည့်အသံတိုင်လိုက်သည်။

ကိုခင်မောင်ကြည်သည် 'မ' ရှေ့မှ အသင့်ငှဲ့ထားသော ဝိုင်ခွက်ကိုကြည့်ရင်း မေးလိုက်သည်။

"မိန္ဓွေ 'မ' ရော ဘာလို့မသောက်တာလဲ။ အမယ် ... ဒါ ပြင်သစ်ဝိုင်အကောင်းစားပါဆရာ။ အန်တီ ဘယ့်နှယ်နေလဲ"

"ရှယ်ရီထက်တော့ သာတာပေါ့။ ဒါပေမဲ့ ရှမ်ပိန်လောက်တော့ အရသာမတွေ့ဘူး"

"ကဲ ... လုပ်ပါ မိန္ဓွေ 'မ' ရာ၊ မမူးပါဘူး... ဆေးအမှတ်ပေါ့"

'မ' သည် ခေါင်းကိုအသာခါလိုက်ရင်း နေရာမှ ထလိုက်သည်။

"'မ' မသောက်သေးဘဲနဲ့ကို မူးနေလို့ပါ ကိုကိုကြည်။ လိမ္မော်ရည်ပဲသောက်မယ်"

သည်တော့မှ ကိုခင်မောင်ကြည်သည် 'မ' ကို အလျှော့ပေးလိုက်ရသည်။

မောင်မြကိုခေါ်၍ 'မ' အတွက် ရေခဲစိမ်လိမ္မော်ရည်ကို ငှဲ့ပေးလိုက်သည်။

'မ' သည် လိမ္မော်ရည်ခွက်ကိုကိုင်ရင်း အိမ်ရှေ့ပြတင်းသို့ သွား၍ရပ်လိုက်သည်။

ပန်းခြံအတွင်းမှ လေညင်းကလေးသည် ပြတင်းပေါက်တွင်းသို့ တဖြည်းဖြည်း တိုက်ခတ်၍ ဝင်လာသည်။

'မ' သည် ပန်းရနံ့ကလေးကို ရှူရှိုက်လိုက်ရင်း ကြည်လင်ပေါ့ပါးလာသလို ရှိသည်။ .

ထိုအတွင်းမှာပင် အိမ်ရှေ့ဆင်ဝင်အောက်သို့ ကားတစ်စီး ထိုးဆိုက်လာသည်။

'မ' သည် ကားဆီသို့ လှည့်၍ကြည့်လိုက်မိသည်။

ကားပေါ်မှ ဘလှသန်းထွန်းသည် အပြေးအလွှား ဆင်း၍လာသည်။

"ဟေး ... မော်၊ ယူ ဘယ်လိုလုပ်တာလဲ။ ကိုယ်တို့ ရှာလိုက်ရတာ။ ဟိုမှာ အားလုံးစုံနေပြီ"

ဘလှသန်းထွန်းသည် ဧည့်ခန်းအတွင်းသို့ဝင်လာရင်း မော့်ကို ရန်တွေ့လိုက်သည်။

ပြီးမှ အားလုံးကို နှုတ်ဆက်လိုက်သည်။

မော်သည် ဘလှသန်းထွန်းအား နှုတ်ခမ်းကလေးစူကာ ပြန်၍ရန်တွေ့လိုက်သည်။

"အမယ် ... မော်က ရှစ်နာရီလာမယ်လို့ ပြောထားသားပဲ။ ယူတို့ဟာယူတို့ လိုက်ရှာနေတာတော့ မတတ်နိုင်ဘူး"

ဒါပေမဲ့ အိမ်မှာမရှိတော့ စိတ်ပူတာပေါ့ကွာ။ ဒီနေ့ အပြိုင်ကရမှာ။ ဂရေစီက သိပ်ကြွားတာပဲကွ။ ကနေ့ သူ စန္ဒရားမတီးဘူးတဲ့၊ ဟယ်ရီတို့နဲ့ ကမယ်တဲ့။ ပြီးတော့ ဝိုင်းကလည်းကောင်းတယ်။ တော်မီတို့ဝိုင်းလေ။ ကဲ... အချိန်မရှိဘူး"

မော်သည် စားပွဲအလယ်မှ ကြက်ပေါင်ကိုချိုးပြီး ဝါးလိုက်သည်။

ပြီးမှ ဒေါ်ခင်မျိုးသန့်ကို ခွင့်တောင်းလိုက်သည်။

"မာမီ ... မော် လိုက်သွားမယ်နော်။ မော် အစောကြီးပြန်လာခဲ့မယ်။ ဒီညကို နိုင်အောင်ကရမယ်နော် ... မာမီ"

မော်သည် ဒေါ်ခင်မျိုးသန့်၏ လည်တိုင်ကို လက်တစ်ဖက်ဖြင့် သပ်လိုက်ရင်း ပါးချင်းကပ်၍ ခွင့်တောင်းလိုက်သည်။ ခွင့်တောင်းသည်ဆိုသော်လည်း ဒေါ်ခင်မျိုးသန့် ခွင့်မပေးခင်ပင် ကိုခင်မောင်ကြည်နှင့် ဇစ်တာကို နှုတ်ဆက်လိုက်သည်။

"ကဲ ... ကိုကိုကြည်၊ မော် တစ်ချီတစ်ပွဲလောက်သွားပြီး နွှဲလိုက်ဦးမယ်။ နောက်မှလာခဲ့မယ်နော်၊ ဇစ်တာ သွားမယ်နော် .... တာ့တာ"

မော်သည် ပြောပြောဆိုဆို ကားဆီသို့ ဆင်းပြေးတော့သည်။ ဘလှသန်းထွန်းသည် ဒေါ်ခင်မျိုးသန့်ကို နှုတ်ဆက်ရင်း ဝတ္တရားကျေခွင့်တောင်းလိုက်သည်။

"ကဲ ... အားလုံးပဲ ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျာ။ အန်တီ ...ကျွန်တော်တို့ စောစောပြန်မှာပါ။ ကနေ့က ဂရေစီ့မွေးနေ့မို့ပါ။ သူတို့ သူငယ်ချင်းချင်းဆိုတော့ မသွားလည်းမကောင်းဘူး။ ပြီးတော့ မော်က အဆိုအက သိပ်ကောင်းတယ်။ သူမပါရင် ဝိုင်းမစည်ဘူး"

"အေး...အေး... စောစောတော့ ပြန်ကြဟေ့။ ညဉ့်နက်ရင် မကောင်းဘူး။ သူ့ဒက်ဒီက ကပွဲတွေ သွားတာ ကြိုက်တာမဟုတ်ဘူး"

ဒေါ်ခင်မျိုးသန့်က ခွင့်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် ဘလှသန်းထွန်းသည် မျောက်ကဲ့သို့ ခုန်လွှား၍ ထွက်သွားတော့သည်။

ကိုခင်မောင်ကြည်ကမူ ဘလှသန်းထွန်းကို မသိမသာကြည့်နေရင်း သကာ်မကင်း မေးလိုက်သည်။

"နေစမ်းပါဦး ... ဒီကောင်လေးက ဘယ်သူလဲ။ ကျွန်တော် သိပါတယ်"

"ဒေါက်တာ စောသန်းထွန်းရဲ့ သားအကြီးလေ"

မွန်က ထောက်လိုက်မှ ကိုခင်မောင်ကြည်သည် သတိရဟန်ဖြင့် ခေါင်းကို ညိတ်လိုက်မိသည်။

"ဩော် .. သိပြီ .. သိပြီ၊ ဂျော်နီကိုး။ ဟိုတုန်းက ချာတိတ်ကလေးပဲ။ အမယ် ... ဒီကောင်တွေတောင် မစ္စတာရှော့အင်ရိုးတွေ ဖြစ်နေတာကိုး"

ကိုခင်မောင်ကြည်က ဘလှသန်းထွန်းအကြောင်းကို ပြောနေကြသော်လည်း 'မ' ကမူ သူတို့ပြောသော စကားကို ဂရုမထားနိုင်ပေ။ ကားမထွက်ခင်ပြောသွားသော ဘလှသန်းထွန်း၏စကားကို ခပ်သဲ့သဲ့ကြားလိုက်ရင်း ရင်ခုန်မိသည်။

"ကိုယ် အဘွားကြီးကို ဖြီးခဲ့ပါပြီကွာ၊ ကပွဲပြီးရင် အင်းလျားကိုသွားမယ်နော်"

ဘလှသန်းထွန်း၏စကားသည် ကားစက်သံထဲတွင် ပျောက်၍သွားလေသည်။

'မ' သည် မော့်အတွက် ရင်လေးမိသည်။

ဤအချိုးအတိုင်းသာသွားလျှင် မော်၏ရှေ့ရေးကား မည်မျှရင်လေးစရာကောင်းသည်ကို 'မ' က တွေးရင်း စိတ်ပူမိလေသည်။

[ ၁၁ ]

ကိုခင်မောင်ကြည်၏အကြည့်သည် 'မ' ကို ရင်ခုန်စေသည်။ ကြောက်စရာလည်း ကောင်းလှသည်။

အမှန်တော့ ကျယ်ဝန်းလှသောဧည့်ခန်းထဲတွင် ကိုခင်မောင်ကြည်နှင့် 'မ' နှစ်ယောက်တည်းသာ ရှိကြသည်။

သို့နှစ်ယောက်တည်း ရှိအောင်လည်း တမင်တကာဖန်တီးထားသလို ရှိတော့သည်။

အဦးဆုံး ဒေါ်ခင်မျိုးသန့်က ထုံးစံအတိုင်းပင် ပိုကာဝိုင်းသို့သွားသည်။

မော်က အိမ်ကကားကိုအပိုင်စီးရန် ဒေါ်ခင်မျိုးသန့်နှင့် ကပ်၍လိုက်သွားသည်။

သည်နောက်တော့ ဦးကျော်ဒင်သည် အပေါ်ထပ်သို့တက်သွားသည်။

'မ'တို့လို ခေတ်မီသော အိမ်ထောင်တစ်ခုအနေနှင့် သမီးပျိုတစ်ယောက်ကို ယောကျာ်းပျိုတစ်ယောက်နှင့် ထားခဲ့ခြင်းမှာ အဆန်းမဟုတ်ချေ။

'မ' အဖို့လည်း ခေတ်ပညာတတ်တစ်ယောက်ဖြစ်၍ ယောကျာ်းမိတ်ဆွေတစ်ယောက်နှင့် အတူနေခြင်းသည် ဘာမျှဆန်းသော အလုပ်မဟုတ်ချေ။

ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်ပြီးဖြစ်သည်။ ထို့ကြောင့်လည်း စကားဝိုင်းအတွင်းမှ စကားတပြောပြောနှင့် နှစ်ယောက်တည်း ကျန်ရစ်ခြင်းဖြစ်သည်။

အစဉ့ ဘာမျှထူးခြားတုန်လှုပ်ခြင်း မရှိသော်လည်း ကိုခင်မောင်ကြည်က စောစောက ပြောလက်စစကားကိုဖြတ်၍ စီးကရက်ကို တွင်တွင်ဖွာနေသော အခါ 'မ' မှာ အလိုလို အနေခက်လှသည်။ ပြီးတော့လည်း ကိုခင်မောင်ကြည်အကြည့်မှာ 'မ' ၏ကျောထဲတွင် စိမ့်သွားအောင် ကြောက်မိသည်။

ကိုခင်မောင်ကြည်သည် 'မ' ကို မျက်တောင်မခတ်စိုက်၍ကြည့်နေပြန်သည်။

'မ' သည် မျက်လွှာကို အသာချလိုက်သည်။

စကားတစ်ခုကို စ၍ အာရုံပြောင်းရန် ကြိုးစားသော်လည်း စကားစက ရှာ၍မရချေ။

"ရွှေ 'မ' တို့ ညီအစ်မသုံးယောက်ထဲမှာ 'မ'က တစ်ဘာသာပဲ။ သိပ်ရိုးပြီးအေးတာပဲ"

ကိုခင်မောင်ကြည်က စကားစလိုက်ပြန်တော့လည်း ထိုစကားမှာ ရှေ့ဆက်လျှင် ပို၍ဆိုးမည်ဖြစ်ကြောင်းကို 'မ' က ရိပ်မိလိုက်သည်။ ထို့ကြောင့်လည်း အသာငြိမ်နေလိုက်သည်။

"အေးလေ ... ကိုကိုကြည်တွေးတာ မှားချင်မှားမှာပေါ့ ။ ရွှေ'မ'က ကိုကိုကြည်တို့ကို ခပ်စိမ်းစိမ်းဆက်ဆံသလားမှမသိဘဲ။ ကိုယ်ကတော့ ငယ်သူငယ်ချင်းတွေမို့ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းပဲ ဆက်ဆံတတ်တယ်" **ဆက်လက်ဖော်ပြပါမည်။**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြ ခြင်းဖြစ်ပါသည်။ **စာတည်း**

**"စာရေးဆရာတို့၊ အနုပညာရှင်တို့ဟာ**

**ဦးနှောက်ကို အများဆုံး အသုံးချတတ်တဲ့လူတွေပဲ။**

**သူတို့ဟာ အရာဝတ္ထုတစ်ခုကို မြင်တဲ့နေရာမှာ သူများနဲ့မတူဘူး။**

**ဥပမာ ဒူးရင်းသီးကို မြင်တဲ့နေရာမှာ အပြင်ကဆူးကို မမြင်ဘဲ**

**အတွင်းကအနှစ်သာရကို မြင်သလိုပေါ့။**

**နှင်းဆီပန်းကို မြင်တဲ့နေရာမှာ နုနယ်လှပတဲ့အပွင့်ကို မမြင်ဘဲ**

**အပင်မှာရှိတဲ့ဆူးကို မြင်သလိုပေါ့။**

**တွေးခေါ်ပြီး မြင်တဲ့အမြင်မျိုး သူတို့မှာရှိတယ်။"**

# မြန်မာနိုင်ငံဘဏ်များအသင်း၏ အသင်းဝင်ဘဏ်များအနေဖြင့် AML/CFT ဆိုင်ရာ တိုးတက်အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ

၁။ မြန်မာနိုင်ငံဘဏ်များအသင်းသည် အသင်းစတင်တည်ထောင်သည့် (၁.၄.၁၉၉၉) ရက်နေ့မှစ၍ မိမိအသင်းဝင်ဘဏ်များအနေဖြင့် ထုတ်ပြန်ထားသည့်တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်း၊ စည်းကမ်းများအား လိုက်နာဆောင်ရွက်ခြင်းအားဖြင့် ဘဏ်လုပ်ငန်းများအား တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်စေရန် တွန်းအားပေးထိန်းကျောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ထိန်းကျောင်းဆောင်ရွက်လျက်ရှိရာတွင် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT) ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကိုလည်း အထူးအလေးပေး ကြပ်မတ်ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါသည်။ AML/CFT ဆိုင်ရာ သတင်းပို့အဖွဲ့အစည်းအဖြစ် သတ်မှတ်ခံထားရသည့် ဘဏ်များအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ (Financial Intelligence Unit – FIU) မှ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များအား တိကျစွာလိုက်နာကြရန် တာဝန်ရှိပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံဘဏ်များအသင်း၏ ပုံမှန်ကျင်းပသည့် အစည်းအဝေးများတွင် ဘဏ်များ AML/CFT ဆိုင်ရာ လိုက်နာအကောင်အထည်ဖော်မှု တိုးမြှင့် ဆောင်ရွက်ရန်အတွက် တွန်းအားပေး ဆောင်ရွက်လျက်ရှိပါသည်။

**AML/CFT ဆိုင်ရာ ဆပ်ကော်မတီအားဖွဲ့စည်းခြင်း**

၃။ မြန်မာနိုင်ငံဘဏ်များအသင်းသည် AML/CFT ဆိုင်ရာ ကိစ္စရပ်များအား အသင်းဝင်ဘဏ်များအတွင်း လိုက်နာမှုပိုမိုအားကောင်းစေရန်နှင့် လိုအပ်သောအသိပညာပေးအစီအစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် (၁၅.၁၀.၂၀၂၁) ရက်နေ့မှစတင်၍ AML/CFT ဆိုင်ရာ ဆပ်ကော်မတီတစ်ရပ်အား အသင်းဝင်ဘဏ်များမှ လိုက်နာဆောင်ရွက်ရေးအရာရှိများဖြင့် ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ ဆပ်ကော်မတီအား AML/CFT ဆိုင်ရာ ကိစ္စရပ်များသာမက အဆိုပါကိစ္စနှင့်ဆက်စပ်လျက်ရှိသည့် လိုက်နာဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဆပ်ကော်မတီအား Prudential/ AML–CFT/ Fraud/ Risk ကော်မတီအမည်ဖြင့် (၂၀၂၂) ခုနှစ်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

**ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနယ်ပယ်(၃) အကောင်အထည်ဖော်မှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ချက်များ**

၄။ မြန်မာနိုင်ငံဘဏ်များအသင်း၏ အသင်းဝင်ဘဏ်များအနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနယ်ပယ် (၃) အကောင်အထည်ဖော်မှုတွင် ရာနှုန်းပြည့်အောင်မြင်မှုရှိစေရန်အတွက် ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စရပ်များအလိုက် AML/CFT ဆိုင်ရာ သင်တန်းပေးပို့မှု ချောမွေ့စေရန်၊ သတင်းအရင်းအမြစ်များအား စိစစ်ရာတွင် ကျွမ်းကျင်စွာဆောင်ရွက်နိုင်စေရန်၊ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူ အပါအဝင် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ သတင်းအချက်အလက်များ (KYC/CDD) ရယူရာတွင် တိကျမှန်ကန်မှုရှိစေရန်၊ ရရှိသော သတင်းအချက်အလက်များအား အတည်ပြုခြင်း/ အချက်အလက်များ ထိန်းသိမ်းထားမှုများ ပြည့်စုံမှန်ကန်ရေးစသည့် နယ်ပယ်များတွင် ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၅။ ထို့အပြင် အသင်းဝင်ဘဏ်များ၌ AML/CFT ဆိုင်ရာ မူဝါဒများ (policy)၊ လိုက်နာဆောင်ရွက်ရမည့်အစီအစဉ်များ procedures များ ရေးဆွဲထားရှိ အကောင်အထည်ဖော်နိုင်ရေးကိုလည်း ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်ခြင်းများကြောင့် AML/CFT ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနယ်ပယ် (၃) အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရာနှုန်းပြည့် အောင်မြင်ရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိပါသည်။

**ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ (FIU) သို့ သတင်းပေးပို့ချက်များ ပေးပို့ခြင်းနှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ခြင်း**

၆။ မြန်မာနိုင်ငံဘဏ်များအသင်း/ အသင်းဝင်ဘဏ်များအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှတစ်ဆင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှတောင်းခံလာသည့် ငွေကြေးခဝါချမှု/အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် စပ်လျဉ်း၍ သံသယဖြစ်ဖွယ် ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများနှင့် ပတ်သက်သော သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ တင်ပြပေးပို့လျက်ရှိပါသည်။ အဆိုပါသတင်းပေးပို့ချက်များနှင့်စပ်လျဉ်း၍ Law Enforcement အဖွဲ့များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ထပ်မံတောင်းခံလာသည့် သတင်းအချက်အလက်များကို ထပ်မံပေးပို့ခြင်း၊ FIU နှင့် CBM တို့မှ ညွှန်ကြားချက်များအတိုင်း သံသယဖြစ်ဖွယ်ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေစာရင်းများအား ယာယီငွေသွင်း/ ငွေထုတ်တားမြစ်ခြင်း၊ အပြီးတိုင် ငွေစာရင်း ပိတ်သိမ်းခြင်းများကို တိကျစွာ လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ တရားရုံး၏ ဆုံးဖြတ်ချက်အရ နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်ကိစ္စရပ်များကိုလည်း ညွှန်ကြားချက်အတိုင်း စာရင်းပိတ်သိမ်းဆည်း၍ နိုင်ငံတော်သို့အပ်နှံခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

**AML/CFT ဆိုင်ရာ အသိပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း**

၇။ မြန်မာနိုင်ငံဘဏ်များအသင်းသည် အသင်းဝင်ဘဏ်များရှိ လိုက်နာဆောင်ရွက်ရေးဝန်ထမ်းများအပါအဝင် ဘဏ်တွင် တာဝန်ထမ်းဆောင်နေသူများအနေဖြင့် AML/CFT ဆိုင်ရာ အသိပညာ တိုးပွားစေရန်အတွက် အသိပညာပေးအခြေခံသင်တန်းများအား ဖွင့်လှစ်ပို့ချ ဆောင်ရွက်ပေးလျက်ရှိပါသည်။ အဆိုပါ အခြေခံသင်တန်းတွင် AML ဥပဒေ/ FATF အကြံပြုချက် အချက် (၄၀)၊ AML ဆိုင်ရာ အခြေခံသိသင့်သော အကြောင်းအရာများ၊ AML ဆိုင်ရာ ဝေါဟာရများအား သက်ဆိုင်ရာ အသင်းဝင်ဘဏ်များမှ လိုက်နာဆောင်ရွက်ရေး အရာရှိများမှ မြန်မာနိုင်ငံဘဏ်များအသင်း လက်အောက်ရှိ ဘဏ်သင်တန်းကျောင်းနှင့် ပူးပေါင်းဖွင့်လှစ်ပို့ချခဲ့ပါသည်။ ယခုအချိန်ထိ အခြေခံသင်တန်း စုစုပေါင်း ငါးကြိမ် ဖွင့်လှစ်ခဲ့ပြီး အသင်းဝင်ဘဏ်များမှ အရာထမ်း/ ဝန်ထမ်း စုစုပေါင်း ၄၀၈ ဦး တက်ရောက်ခဲ့ပြီးဖြစ်ပါသည်။

၈။ ထို့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဦးဆောင်မှုဖြင့် အသင်းဝင်ဘဏ်များမှ Senior Management အဆင့်ရှိသူများကိုလည်း AML/CFT ဆိုင်ရာ အသိပညာပေးသင်တန်း တစ်ကြိမ်ပို့ချပေးခဲ့ပြီး ဘဏ်အသီးသီးမှ စီမံခန့်ခွဲသူအဆင့်အရာရှိကြီး (၃၆) ဦး တက်ရောက်ခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံဘဏ်များအသင်းအနေဖြင့် အခြေခံအဆင့် သင်တန်းတက်ရောက်ပြီးသည့် ဘဏ်ဝန်ထမ်းများအား AML/CFT ဆိုင်ရာ အသိပညာပိုမိုရရှိစေရန်အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ အရာရှိကြီးများ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ (FIU) မှအရာရှိကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အရာရှိကြီးများ၊ အသင်းဝင်ဘဏ်များမှ လိုက်နာဆောင်ရွက်ရေးအရာရှိများအား ဖိတ်ကြား၍ AML/CFT Certificate သင်တန်းအား ပထမဆုံးအကြိမ် ပို့ချလျက်ရှိပြီး အဆိုပါသင်တန်းတွင် အသင်းဝင်ဘဏ်များမှ လိုက်နာဆောင်ရွက်ရေးဆိုင်ရာ ဝန်ထမ်းစုစုပေါင်း ၈၇ ဦး သင်တန်းတက်ရောက်လျက်ရှိပါသည်။

၉။ ထို့အပြင် အသင်းဝင်ဘဏ်များမှလည်း သက်ဆိုင်ရာဘဏ်များအလိုက် မိမိဘဏ်ရှိ အရာထမ်း/ ဝန်ထမ်းများအား AML/CFT ဆိုင်ရာ အသိပညာတိုးပွားစေရန်နှင့် လက်တွေ့လိုက်နာဆောင်ရွက်မှု အားကောင်းစေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ FIU၊ ရှေ့နေချုပ်ရုံး စသည်တို့မှ ပညာရှင်များနှင့်ပူးပေါင်း၍ အသိပညာပေးသင်တန်းများ ပြုလုပ်ပေးပြီး ဘဏ်ဝန်ထမ်းအဆင့်ဆင့်အား AML/CFT ဆိုင်ရာ အသိပညာတိုးပွားရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

**လူအများအပြားသေကျေစေသော လက်နက်ပြန့်ပွားမှုကို ငွေကြေးထောက်ပံ့မှုနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်စေရန် အသိပညာပေးခြင်း**

၁၀။ လူအများအပြားသေကျေစေသော လက်နက်ပြန့်ပွားမှုကို ငွေကြေးထောက်ပံ့မှုနှင့် စပ်လျဉ်း၍ ပစ်မှတ်ထားသည့် ငွေကြေးဆိုင်ရာ အရေးယူမှုများ လိုက်နာဆောင်ရွက်နိုင်စေရန်အတွက်လည်း အသင်းဝင်ဘဏ်များမှ လိုက်နာဆောင်ရွက်ရေးအရာရှိများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ AML/CFT ဆိုင်ရာ Certificate အဆင့်သင်တန်းတွင် ထည့်သွင်းပို့ချ၍ အသိပညာမြှင့်တင်မှုဆောင်ရွက်ခဲ့ပါသည်။

**အသင်းဝင်ဘဏ်များ ပူးပေါင်းဆောင်ရွက်မှုများ**

၁၁။ ဘဏ်များအသင်း၏ လက်အောက်ခံဆပ်ကော်မတီတစ်ခုဖြစ်သည့် Prudential/ AML–CFT/ Fraud/ Risk ကော်မတီသည် အသင်းဝင်ဘဏ်များမှ လိုက်နာဆောင်ရွက်ရေးအရာရှိများဖြင့် ဖွဲ့စည်းထားပြီးဖြစ်၍ အသင်းဝင်ဘဏ်များအချင်းချင်းအကြား AML/CFT ဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်ရန် အခွင့်ကောင်းတစ်ခုဖြစ်သကဲ့သို့ ဘဏ်များအတွင်း Compliance Culture ပိုမိုထွန်းကားပြန့်ပွားစေရေးကိုလည်း ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ ဆပ်ကော်မတီ၏ ဦးဆောင်မှုဖြင့် အသင်းဝင်ဘဏ်များမှဝန်ထမ်းများအားလုံးကို AML/CFT ဆိုင်ရာ အသိပညာသာမက အခြားလိုအပ်သော အသိပညာပေးသင်တန်းများ စဉ်ဆက်မပြတ်ပို့ချနိုင်စေရန် ဆောင်ရွက်နိုင်ရေး ဦးတည်ကြိုးပမ်းလျက်ရှိပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဘဏ်များအသင်း
(၁၆–၁၀–၂၀၂၂)

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနက လူငယ်ပရဟိတဂေဟာများမှလူငယ်များ လေ့လာရေးအစီအစဉ် ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၆**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနသည် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကဗဟိုချက်ဌာနအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို လူငယ်များ သိရှိနားလည်စေရန်အတွက် လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်နေသည့် နေပြည်တော်ကောင်စီ နယ်မြေရှိ ကျောင်းစုနှင့် အေးမေတ္တာစံ လူငယ်ပရဟိတဂေဟာများမှ ကျောင်းသားကျောင်းသူများကို ဖိတ်ခေါ်၍ ယမန်နေ့ နံနက် ၈ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ဒုတိယအကြိမ် လေ့လာရေးခရီးစဉ် ဆောင်ရွက်သည့် အခမ်းအနားကို ကျင်းပသည်။



ယခု လေ့လာရေးခရီးစဉ်တွင် အားကစားလေ့လာရေး အစီအစဉ်များသာမက မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာများ မတိမ်ကော မပပျောက်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကိုပါ သွားရောက်လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနမှ ဆောင်ရွက်နေသည့် လူငယ်ဆိုင်ရာကဏ္ဍ (၁၆) ရပ်တွင် စာပေအနုပညာနှင့် ယဉ်ကျေးမှုကဏ္ဍများလည်း ပါရှိသဖြင့် မိမိတို့၏ အမျိုး၊ ဘာသာ၊ သာသနာကို ထိန်းသိမ်းစောင့်ရှောက်သည့် လူငယ်များဖြစ်လာစေရေး၊ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ဝန်ကြီးဌာနများအနေဖြင့် ပူးပေါင်း၍ ကဏ္ဍပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေခြင်းသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ကြီးမားသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးခြားသည့် အင်အားစုတစ်ရပ်ဖြစ်သော လူငယ်များအား "လူငယ်အင်အား၊ စွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ရောင် အလင်းဆောင်အံ့" ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်နှင့်ပြည်သူကို အကျိုးပြုနိုင်မည့် နိုင်ငံ့သားကောင်း လူငယ်လေးများ ဖြစ်လာစေရေးတို့အတွက် ယခုကဲ့သို့ လေ့လာရေးအစီအစဉ်များကို စီစဉ်ပေးလျက်ရှိသည်။

**Fitness Dance စုပေါင်းကစား**

ယနေ့အစီအစဉ်တွင် ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် ကျင်းပခဲ့သည့် မှတ်တမ်းဗီဒီယို(Clip)အားပြသခြင်း၊ အားကစားနှင့်ပညာရေးပေါင်းစပ်ဌာနခွဲ Fitness Dance သရုပ်ပြအဖွဲ့မှ သရုပ်ပြသခြင်းနှင့် ကျောင်းသားလူငယ်များကို အဖွဲ့များခွဲ၍ နည်းပြများနှင့်အတူ Fitness Dance စုပေါင်းကစားခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် အားကစားနှင့် ပညာရေးပေါင်းစပ်ဌာနခွဲမှ ရေကူးအားကစားသမားများ၏ ရေကူးသရုပ်ပြသမှုများကိုလည်းကောင်း၊ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လူထုအားကစားနှင့် ပညာပေးဌာနခွဲမှ မြန်မာ့အားကစား လှုပ်ရှားမှုများ ပြခန်း (အားကစားပြတိုက်နှင့် ပြခန်း) ကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းကိုလည်းကောင်း ကြည့်ရှုလေ့လာခဲ့ပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနမှ တည်ခင်းဧည့်ခံသည့် နေ့လယ်စာ အားသုံးဆောင်ခဲ့ကြပြီး မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန–၂ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (လေ့ကျင့်ရေးဇာတ်ရုံ) နှင့် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)တို့တွင် ကျင်းပလျက်ရှိသည့် "၂၀၂၂ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ" ယှဉ်ပြိုင်နေမှုကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဩော်- ရောဂါ- ရောဂါ

သမားအို

မမြဲခြင်းသဘောက လောကရဲ့နိယာမလို့ ဗုဒ္ဓဘာသာဝင်တွေက ခံယူလိုက်နာကြပါတယ်။ သတိထားမိတဲ့သူတွေကတော့ အချိန်နဲ့အမျှ ပြောင်းလဲနေတာကို ရှုမှတ်သိရှိနိုင်ကြတယ်။ ကိုယ့်ရဲ့ခန္ဓာကိုယ်မှာ အိုတာ၊ နာတာတွေကိုလည်း အသက်ရလာတော့ သိသာလှတယ်။ ကိုယ့်ရဲ့စိတ်ရောင်စုံပြောင်းလဲနေမှုကိုလည်း ကြည့်လေမြင်လေပါပဲ။ ငယ်ရွယ်သူတွေအတွက်ကတော့ မနေ့ကနဲ့ဒီနေ့၊ မနှစ်ကနဲ့ဒီနှစ် ပြောင်းလဲခြင်းဟာ မထင်ရှားလှတာပဲ တွေ့နိုင်ပါတယ်။

ငယ်သူရော ကြီးသူတွေပါ သတိမပြုမိတာကတော့ ရာသီဥတု ပြောင်းလဲမှုပါပဲ။ အခုဆို မိုးကုန်တော့မယ်။ ဆောင်းရာသီလာတော့မယ်။ ဆောင်းရာသီလာရင် အေးမှာလား၊ မအေးဘူးလား။ ထုတ်ကြွားစရာ အနွေးထည်တွေ မှိုတက်နေပြီလား၊ အနွေးထည်မပြောနဲ့ ဝတ်စရာပင် ရှားပါးနေရတဲ့ ကလေးတွေကို ဘယ်လိုများ ထွေးကြမှာလဲ ... အစရှိတဲ့ သောကတွေဟာ မအေးခင်ကတည်းက ပူနေရပါတယ်။ တချို့များကျတော့လည်း "ကွေးမလုံ ထွေးလာသူမှ အားငယ်လို့လားကွယ်" လို့ ဆိုရမလို တစ်ကိုယ်တည်း ကျော်လွှားရမယ့် ဆောင်းရာသီကို မျှော်သူတွေလည်းရှိမယ်။ တချို့ကျတော့လည်း ကိုယ့်ရွေးချယ်မှုနဲ့ကိုယ် "ကိုယ့်ရပ်ဌာနီ" မဟုတ်တဲ့နေရာမှာ ချစ်သူ၊ ခင်သူ၊ မြတ်နိုးသူတွေနဲ့ ကွဲကွာပြီးနေနေရတာ သိသာလာတဲ့ ရာသီပြောင်းပါပဲ။

**ရောဂါရာသီရောက်ပြီ**

"စစ်ဆေးမနေနဲ့ ရာသီတုပ်ကွေးလို့ပဲ သဘောထားလိုက်" လို့ ပြောမယ့်လူတွေနဲ့ကြုံရမယ့် ရောဂါတွေလည်းစလာပြီ။ ရောဂါရာသီရောက်ပြီကိုး။ မိုးအေးမိတော့လည်း ဒီတုပ်ကွေး၊ ကိုဗစ်-၁၉ ဖြစ်တော့လည်း ဒီတုပ်ကွေးခေါင်းစဉ်တပ်နေကြတာ ခံစားနေရတာတော့ အတူတူနဲ့အနူနူပါ။ ကိုယ်လက်ကိုက်ခဲမယ်၊ ကိုယ်ပူလာမယ်၊ လည်ချောင်းနာမယ်၊ ချောင်းဆိုးမယ်၊ နှာချေမယ်၊ အနံ့ပျောက်မယ်၊ အရသာပျောက်မယ်၊ ဝမ်းလျှောမယ်၊ ဗိုက်နာမယ်၊ အကွက် အကွက်တွေလည်း ထွက်တတ်တယ်။ ဒီအထိကတော့ ရိုးရိုးတုပ်ကွေးနဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးနဲ့ သိပ်ထူးခြားပြီး မကွာလှဘူး။ အသက်ရှူကျပ်လာပြီး အစာမမျိုနိုင်တော့ဘူး၊ မထူနိုင်မထနိုင်တော့ဘူးဆိုရင်တော့ ကိုဗစ်-၁၉ ရောဂါလို ဆိုးဆိုးရွားရွားခံစားရပြီး သေသွားရင်တော့ "အိတ်ထုပ်အသုဘ" ဖြစ်ရတော့မယ်။

ကိုဗစ်-၁၉ လို့ နာမည်တပ်လိုက်တာနဲ့ ပြုစုမယ့်သူရှားသွားပြီ။ မိသားစုကမပြုစုရဲဘူးဆိုရင် ဆေးကုခထက် ပိုပြီးဈေးကြီးတဲ့ တတ်ယောင်ကားပြုစုသူတွေကို ရှာရတော့မယ်၊ အိမ်မှာ သေသွားရင်လည်း သင်္ဂြိုဟ်စရိတ်ကကြီးမှကြီး။ ပရဟိတဆိုလား၊ ဖျားနာ၊ သေရေး ဤခရီးဝေးသလား။

ခေတ်ပေါ် အွန်လိုင်းဆရာကြီးတွေလည်း ပေါမှပေါ။ သူတို့ညွှန်းတဲ့ဆေးတွေ ရှာဝယ်၊ တစ်ခါမှ လေ့ကျင့်သင်ကြားမှု မရှိခဲ့ဘဲ အပ်တွေကိုင်ပြီး မသေရင်ရှင်မယ်ဆိုတဲ့သဘောနဲ့ ဆေးတွေထိုးကြ။ ကိုယ့်အိမ်မှာကိုယ် ကိုဗစ်-၁၉ စမ်းသပ်တဲ့ Test Kit တွေနဲ့ စစ်ကြည့်ကြ။ ရောဂါတွေ့ပြီလား၊ ပျောက်ပြီလား၊ ကိုယ့်ဘာသာကိုယ် စစ်ဆေးပြီး ဆုံးဖြတ်နိုင်ကြတယ်။

တရားဝင်စစ်ဆေးနေတဲ့ရလဒ်ကတော့ ဩဂုတ်လ၊ စက်တင်ဘာလတွေမှာ တရိပ်ရိပ်တိုးလာနေတယ်။ အသေအပျောက်တွေလည်း ရှိလာတယ်။ ၂၀၂၂ ခုနှစ် နှစ်ဆန်းကတည်းက စစ်ဆေးလာခဲ့တဲ့ ကိန်းဂဏန်းတွေကို သုတေသနပြုထားတဲ့ ရလဒ်ကတော့ မနှစ်ကနဲ့မတူ၊ စိတ်ပူစရာနည်းနည်းပါပဲ။ ထူးခြားစွာ ထည့်သွင်းတွက်ချက်လာရတဲ့ အချက်တွေကတော့ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးသူနဲ့ မထိုးသူတွေရဲ့ ကွာခြားချက်ပါ။

- ကာကွယ်ဆေးမထိုးထားတဲ့သူတွေမှာ ကိုဗစ်-၁၉ ကူးစက်ခံရတယ်။
- ကာကွယ်ဆေးမထိုးထားတဲ့သူတွေမှာ အသေအပျောက်များမယ်။
- ကာကွယ်ဆေးအကြိမ်ပြည့်မထိုးထားတဲ့သူတွေမှာပဲ ရောဂါဖြစ်လေ့ရှိတယ်။
- အပိုဆောင်း ကာကွယ်ဆေးထိုးထားတဲ့သူတွေဟာ ရောဂါဒဏ်ကို ခံနိုင်တယ်။ ဒီလိုအချက်အလက်တွေ ပေါ်ထွက်လာပါတယ်။ ဒါကြောင့် ကာကွယ်ဆေးထိုးကိုထိုးဖို့၊ အကြိမ်ပြည့် ထိုးဖို့ အခွင့်အရေးရတိုင်း အပိုဆောင်းကာကွယ်ဆေး ထိုးဖို့လိုသလို ဆေးထိုးပေးမယ့် ကျန်းမာရေးဆေးခန်းတွေရှိတယ်။ ကျောင်းတွေမှာလာပြီး ထိုးပေးနေတယ်။

မနှစ်ကနဲ့ မတူဘဲ အပြောင်းအလဲတွေလည်း တွေ့ရပါတယ်။

- ကာကွယ်ဆေးထိုးမယ့် စခန်းတွေကို ဗုံးနဲ့ခွဲတာ၊ ဆေးထိုးပေးတဲ့သူတွေကို သေနတ်နဲ့ပစ်ခံရတာနည်းသွားပြီ။
- ကာကွယ်ဆေးထိုးခံဖို့ အမိန့်မရလို့ "ကာကွယ်ဆေးဆန့်ကျင်သူ" (Anti-Vaxxers) တွေဖြစ်ပြီး မကြာခင် ကိုဗစ်-၁၉ ဒယ်လ်တာမျိုးနဲ့ တွေ့လိုက်ရလို့ အိတ်ထုပ်အသုဘတွေလည်း ဒီနှစ်ထဲမှာ မတွေ့ရတော့ဘူး။

ဒါပေမဲ့လည်း ရန်ကုန်ထဲမှာတော့ လူနာသယ်ယာဉ်တွေ အသွားအလာများတာကို သတိထားမိပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါ ဘာကြောင့်မရပ်သလဲဆိုတာကို လေ့လာကြည့်တော့ အကြောင်းရင်းသုံး၊ လေးခု တွေ့ပါတယ်။

(၁) ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးဟာ ကုရာနတ္ထိဆေးမရှိပါဘူး။

(၂) မျိုးရိုးဗီဇတွေ တစ်ဆင့်ပြီးတစ်ဆင့်ပြောင်းပြီး ကူးစက်နေပါတယ်။

(၃) ဒီလိုပြောင်းပြီး ဒီလိုအကူးခံရအောင် လူတွေကလုပ်ပေးနေကြပါတယ်။

(၄) ကူးစက်ရောဂါတားဆီးရေးဆိုင်ရာ ဥပဒေတွေက လက်တွေ့အလုပ်မဖြစ်ပါ။

> ❖ **ဒီလထဲမှာ UNGA ရာသီပေါ်လာပြီး ရာသီရောဂါတွေလည်း အလျှိုအလျှို ပေါ်လာလေ့ရှိပါတယ်။ ရှိနှင့်ပြီး ရောဂါကလည်း ကပ်ရောဂါအဆင့်ကနေမဆင်းဘူး။ ရာသီတုပ်ကွေးတွေကလည်း မိုးအကုန် ဆောင်းအကူးအတွက် အချိန်ယူနေကြတယ်။**
>
> ❖ **လူတွေကလည်း ကိုဗစ်-၁၉ ကပ်ရောဂါကြီးကို ရာသီတုပ်ကွေးနဲ့ ရောချပြီး စည်းကမ်းဥပဒေတွေ ချိုးဖောက်နေကြတယ်။**
>
> ❖ **ပြည်တွင်းဖြစ်နိုင်ငံခြားမီဒီယာတွေကလည်း UNGA ရာသီနဲ့ရောပြီး သတင်းတု၊ သတင်းမှား၊ သတင်းပြောင်းပြန်တွေနဲ့ အချုပ်အခြာအာဏာပိုင် လွတ်လပ်တဲ့မြန်မာနိုင်ငံကို ကမ္ဘာ့အလယ်မှာ အိုးမဲသုတ်ဖို့ ပုံမှန်နှစ်စဉ် ကြိုးစားနေကြဆဲ**

အဲဒီအခြေခံအကြောင်းတရားလေးရပ်ကြောင့် ကိုဗစ်-၁၉ ရောဂါဟာ ၂၀၁၉ အကုန်ကနေ ၂၀၂၂ အကုန်အထိ ဆက်လက်ကူးစက်နေတုန်းပါပဲ။ ကုရာနတ္ထိဆေးမရှိပါဘူးလို့ဆိုတဲ့ကြားက ဆေးကောင်း၊ လူစွမ်းကောင်းတွေ ပေါ်လိုက်ပျောက်လိုက်ဖြစ်နေတယ်။

**BF-7 ဆိုတာကိုပါ တွေ့လာရ**

လူတွေရဲ့ နေထိုင်မှုကျန်းမာရေးနဲ့မညီတာ၊ စည်းကမ်းမရှိတာ၊ ရောဂါအခံရှိတာ၊ ကိုယ်ခံအားကျဆင်းစေတဲ့ ဆေးတွေကိုသုံးနေရတာတွေကြောင့် ကိုဗစ်-၁၉ ဟာ ထပ်ဆင့် ဒယ်လ်တာ၊ ဘီတာ၊ ဂါမာ၊ ဒယ်လ်တာကနေ အခုအိုမီခရွန်အထိ ဗီဇပြောင်းလာတယ်။ အိုမီခရွန်ထဲမှာမှ BA.1၊ BA.2၊ BA-2.75၊ BA-4၊ BA-4.4၊ BA-4.5၊ BA-5၊ BA-2.76 ကနေ အခုနောက်ဆုံး BF-7 ဆိုတာကိုပါ တွေ့လာရပါတယ်။ သူ့ထက်ပိုဆိုးတာတွေထွက်လာအောင် လူတွေရယ်၊ တိရစ္ဆာန်တွေရယ်က ဝိုင်းဝန်းကူညီပြုစုထုတ်လုပ်နေတယ်။

ဒီအထဲမှာမှ စိတ်ဝင်စားစရာအကောင်းဆုံးကတော့ အိုမီခရွန်ကူးခံထားရတဲ့ ကလာပ်စည်းဆဲလ်တွေထဲကို နောက်ထပ် ရိုးရိုးတုပ်ကွေးပိုး ($H_1N_1$) တွေက ထပ်ပြီးဝင်တိုးလို့ မရဘူးဆိုတာပါပဲ။ အဓိပ္ပာယ်ကတော့ ကိုဗစ်-၁၉ အိုမီခရွန်မျိုး အကူးစက်ခံထားရသူတွေဟာ ရာသီတုပ်ကွေးဒဏ်ကိုခံနိုင်ရည်ရှိတယ်လို့ အဓိပ္ပာယ်ရပါတယ်။ အရင်ဒယ်လ်တာပိုးမျိုးကူးခံထားရတဲ့ ဆဲလ်တွေကိုတော့ ရိုးရိုးတုပ်ကွေး ($H_1N_1$)ဗိုင်းရပ်စ်တွေက ဝင်တိုးကူးစက်နိုင်တယ်လို့ဆိုပါတယ်။

အဲဒီတော့ "ရာသီတုပ်ကွေးလို့ပဲ သဘောထားလိုက်" လို့ဆိုမိန့်သူတွေကပဲ မှန်သလိုလိုဖြစ်နေတယ်။

ဒါပေမဲ့ ပြန်ကြည့်ပါ။ ကမ္ဘာပေါ်မှာ ရောဂါကပ်ကူးစက်ခံရသူတွေဟာ သန်းပေါင်း ခြောက်ရာကျော်တယ်။ သေတဲ့သူတွေကလည်း ဆယ်သန်းမကဘူး။ (စာရင်းပျောက်နေတာတွေလည်း ရှိပါတယ်။ ဒီမှာလည်းအဲဒီလိုပါပဲ) အခုကျန်းမာရေးဌာနက ထုတ်ပြန်တဲ့ ဇယားကိုကြည့်ရင်လည်း ကာကွယ်ဆေးသုံးကြိမ်အထက် ထိုးပြီးတာတောင်မှ ရောဂါကူးစက်ခံရသူတစ်ထောင်မှာ တစ်ယောက်နှုန်းရှိတယ်။ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားလျက်နဲ့ သေတဲ့သူတွေလည်း ရှိနေတယ်။ လူနာတစ်သိန်းမှာ နှစ်ယောက်လောက်သေတဲ့အတွက် မပြောပလောက်ဘူးဆိုပေမယ့်သေတာကသေတာပါပဲ။ လူ့အသက်လေ။

ဘာကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါ မရပ်သေးတာလဲဆိုတဲ့ အကြောင်းရင်းတွေထဲက နောက်ဆုံးအကြောင်းရင်းကတော့ ကူးစက်ရောဂါ တားဆီးကာကွယ်ရေးအတွက် ဌာနဆိုင်ရာဥပဒေတွေဟာ လက်တွေ့အလုပ်မဖြစ်တာကြောင့်ပါပဲ။ တစ်ကမ္ဘာလုံးမှာ အလုပ်မဖြစ်ဘူး။ တိတိကျကျလိုက်နာဖို့ ကြိုးစားနေတဲ့ တရုတ်ပြည်မှာလည်း စီးပွားရေး၊ လူမှုရေး ထိခိုက်မှုတွေကို ကြုံကြုံခံနေရဆဲပါ။

ရောဂါ ရှိ၊ မရှိ စစ်မနေနဲ့ဆိုတာကလည်း ဥပဒေနဲ့မညီဘူး။ ကိုဗစ်-၁၉ ကူးစက်ရောဂါဟာ ထိန်းသိမ်းဖုံးကွယ်ထားလို့မရတဲ့ Notifiable Disease ပဲဖြစ်ပါတယ်။ ဒါ့အပြင် လိုအပ်သလို ကန့်သတ်မှု (Quarantine၊ Stay at home၊ Lock down) တွေက မဖြစ်မနေလုပ်ရတဲ့ ကူးစက်ရောဂါပဲဖြစ်ပါတယ်။

ပိုပြီးဆိုးစေတာက ကိုယ်တိုင်စစ်ဆေးလို့ရတယ်ဆိုတဲ့ Test Kit တွေဟာ စိတ်မချရတာပါပဲ။ စစ်ဆေးပြီးတော့လည်း တိတ်တိတ်ကျိတ်ပြီးတော့ကုနေကြတာ အကြောင်းကြောင်းသော အကြောင်းကြောင်းတွေကြောင့်ပါပဲ။ အဆိုးဆုံးကတော့ ကိုဗစ်-၁၉ ကပ်ရောဂါကို လုံးဝဂရုမစိုက်တော့တာပါ။ နှာခေါင်းစည်းမတပ်ဘဲ အပြင်ထွက်တယ်။ စစ်ဆေးတဲ့နေရာ၊ စစ်ဆေးတဲ့သူရှိမှ ဟန်ဆောင်တပ်ပြတယ်။ လူတွေကြားထဲ အကာအကွယ်မဲ့ နှာချေတယ်၊ ချောင်းဆိုးတယ်။ ကိုဗစ်-၁၉ လား၊ ရာသီတုပ်ကွေးလားမခွဲခြား၊ မစစ်ဆေးဘဲ ရောဂါရှိလျက်မထွက်မဖြစ်၊ မလုပ်မဖြစ်တဲ့ အလုပ်တွေရှိနေပေမယ့် ကိုဗစ်-၁၉ စည်းကမ်းမလိုက်နာဘူး။

အနောက်တိုင်းယဉ်ကျေးမှု၊ အနောက်တိုင်း အတွေးအခေါ်တွေ လွှမ်းမိုးလာတဲ့ကမ္ဘာကြီးမှာ လူများစုကြား လိုက်နာရတဲ့ ပြည်သူ့နီတိတွေ၊ ယဉ်ကျေးတဲ့နိုင်ငံကြီးသားတွေ၊ မြို့ကြီးသား(Citizens)တွေအတွက် သတ်မှတ်ထားတဲ့ စည်းကမ်းကလနားတွေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်လာသူ လူများစုကြီးရဲ့ Mobocracy ခေါ်တဲ့ "အများညီရင် ဤကိုကျွဲဖတ်မယ်" ဆိုတဲ့ လူစုကြီးက ပိုပြီးကြီးထွားလာတယ်။

ကိုယ့်နှာခေါင်း ကိုယ်ပိတ်ချင်မှပိတ်မယ်။ ကိုယ့်ပါးစပ်ကိုယ်ပိတ်ချင်မှပိတ်မယ်။ ကိုယ့်ဗိုက်ထဲက ကလေးသန္ဓေသားကို ဖျက်ချင်ရင်ဖျက်ချပစ်မယ်။ ဒါကလူ့အခွင့်အရေးပဲဆိုပြီး အစွန်းတွေရောက်နေကြတယ်။ ဒီလိုအစွန်းရောက်မှုကို လွတ်လပ်ပါတယ်ဆိုတဲ့ အမေရိကန်နိုင်ငံတောင် အရင်က ပြဋ္ဌာန်းထားတဲ့ ကလေးဖျက်ချခွင့်ဥပဒေကို ပြန်ပြင်နေကြတယ်။ ဆူဆူညံညံပါပဲ။ သူတို့သမ္မတရဲ့ မိန့်ခွန်းထဲမှာ "Right to Exist" "ရပ်တည်ပိုင်ခွင့်" ဆိုတဲ့စကားဟာ တောထဲမှာတော့ မှန်ပါတယ်။ တောတွင်းဥပဒေသ "Jungle Law" တစ်ရပ်မှာ "Struggle for Existence" "ရပ်တည်ဖို့ရုန်းကန်" "Survival for the Fittest" "အထိုက်တန်ဆုံးသူရှင်သန်မယ်" ဆိုတာတွေကနေ အဆင့်မြင့်လာမှသာ လူသားအားလုံးက တိရစ္ဆာန်တွေထက် အဆင့်မြင့်မြင့် ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းဖြစ်လာမှာပါ။

"မိမိတို့ကမ္ဘာကြီးသည် ဒုက္ခရောက်နေပြီဖြစ်ကြောင်း၊ ကွဲလွဲမှုများ ပိုမိုကြီးထွားလာပြီဖြစ်ကြောင်း၊ မညီမျှမှုများ ကြီးထွားသည်ထက်ကြီးထွားလာပြီဖြစ်ကြောင်း၊ ထို့အပြင် စိန်ခေါ်မှုများလည်း လျင်မြန်စွာဖြစ်ပေါ်လျက်ရှိကြောင်း၊

**စာမျက်နှာ ၂၆ သို့** ❒



## ရှမ်းပြည်နယ်ဝန်ကြီးချုပ် တောင်ကြီးအကျဉ်းထောင် ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တောင်ကြီး အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက် ၁၀ နာရီက တောင်ကြီးအကျဉ်းထောင်သို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ တောင်ကြီးအကျဉ်းထောင်ဦးစီးအရာရှိ ဦးဇော်ဝင်းက တောင်ကြီး အကျဉ်းထောင်၏ လုံခြုံရေး၊ စီမံရေး၊ ထောက်ပံ့ရေးနှင့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တောင်ကြီးအကျဉ်းထောင်အတွက် ထောက်ပံ့ငွေကျပ်သိန်း၂၀ ကိုပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် တောင်ကြီးအကျဉ်းထောင်ရှိ အမျိုးသားအဆောင် (၁)၊ အဆောင်(၂)၊ စားဖိုကြီးထမင်းချက်ဆောင်၊ ထမင်းစားဆောင်၊ စာကြည့်တိုက်၊ ကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့် အကျဉ်းနေလူနာမည့်နေရာ၊ အမျိုးသမီးအဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကလေးငယ်နှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးနှစ်ဦးအား စားစရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**

## ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မျိုးပဲများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်သွက်လက်ကောင်းမွန်

**မန္တလေး အောက်တိုဘာ ၁၆**

၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မျိုးပဲများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်များကောင်းကာ သွက်လက်မြန်ဆန်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

ယခုဆောင်းသီးနှံစိုက်ပျိုးရာသီသည် သီတင်းကျွတ်လဆန်းမှစတင်၍ တန်ဆောင်မုန်းလပြည့်အတွင်းဖြစ်ကာ တောင်သူများစိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါ စိုက်ပျိုးရာသီတွင် အဓိကပြည်ပပို့ကုန်ဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲနှင့် မြေထောက်ပဲမျိုးများ မန္တလေးဈေးကွက်အတွင်း၌ အရောင်းအဝယ်များ သွက်လက်နေကြောင်း၊ ဈေးနှုန်းများအနေဖြင့် ကုလားပဲသုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၁၈၅၀၀၀၊ မတ်ပဲသုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၁၈၀၀၀၀၊ ပဲစင်းငုံသုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၁၉၀၀၀၀၊ မြေထောက်ပဲသုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၂၂၀၀၀၀ ပေါက်ဈေးများဖြစ်ပေါ်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

“တောင်သူတွေရဲ့ ၂၀၂၂ ခုနှစ် စိုက်ပျိုးရာသီမှာ သီးနှံတွေက ဈေးကောင်းတွေရရှိတဲ့ နှစ်တစ်နှစ်ဖြစ်ခဲ့လို့ ၂၀၂၃ ခုနှစ်မှာလည်း ဈေးကောင်းရရှိမယ်လို့ မျှော်မှန်းချက်နဲ့ မျိုးပဲတွေကို အားတက်သရော ဝယ်ယူပြီးတော့ စိုက်ပျိုးနေတဲ့ရာသီဖြစ်တယ်။ ခုရာသီမှာ မျိုးပဲတွေကိုအထက်အညာဒေသတွေမှာ တောင်သူတွေ ဝယ်ယူပြီးတော့ ဆောင်းသီးနှံအတွက် မြိုင်မြိုင်ဆိုင်ဆိုင်စိုက်ပျိုးနေတာ တွေ့ရပါတယ်။ ဈေးနှုန်းတွေက ဒီရက်ပိုင်းမှာ လှောင်သူတွေအတွက် ဈေးတက်မလာဘဲ ကျလာတာကိုတွေ့ရပါတယ်။ မျိုးဝယ်တဲ့ တောင်သူတွေအတွက် အခက်အခဲမရှိ အလွယ်တကူဝယ်ယူရနိုင်တာကိုလည်း တွေ့ရပါတယ်။ သိုလှောင်သူတွေ မျှော်မှန်းသလောက်မရဘဲ ဈေးများကျဆင်းလာတာကိုလည်း တွေ့ရပါတယ်”



ဟု ၎င်းကရှင်းပြသည်။

အဆိုပါ ဆောင်းသီးနှံများကို ရောဝတီ၊ ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် အထက်အညာဒေသတိုင်းဒေသကြီးများတွင် အဓိကထား၍ဆောင်းသီးနှံကို စိုက်ပျိုးကြကြောင်း၊ ထို့ပြင် ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းဒေသများတွင်လည်း စိုက်ပျိုးကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❐ စာမျက်နှာ ၂၅ မှ

နိုင်ငံတကာအသိုင်းအဝိုင်းသည် ကမ္ဘာလုံးဆိုင်ရာ ကမောက်ကမဖြစ်စဉ်များတွင် ရုန်းမထွက်နိုင်ဘဲ ပိတ်မိနေပြီး မိမိတို့ခေတ်၏ ကြီးမားသော စိန်ခေါ်ပြောင်းလဲမှုများကို ကိုင်တွယ်ဖြေရှင်းရန် အဆင်သင့်မဖြစ်သေးကြောင်း” ကုလသမဂ္ဂအကြီးအကဲက အထွေထွေညီလာခံမှာ ပြောကြားကြောင်း (၂၂-၉-၂၀၂၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ) ဖတ်လိုက်ရပါတယ်။ ထိုညီလာခံ (United Nations General Assembly UNGA) ကို ၂၀-၉-၂၀၂၂ ရက်နေ့ကစပြီး (၇၇) ကြိမ်မြောက်အဖြစ် ကျင်းပနေပါတယ်။

(၇၇)ကြိမ်မြောက် UNGA မှာတောင် ကမ္ဘာ့စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့ အဆင်သင့် မဖြစ်သေးဘူးဆိုရင်တော့ ဆက်လုပ်ဖို့ သင့်၊ မသင့် စဉ်းစားကြဖို့လိုပါလိမ့်မယ်။ ပုဂ္ဂိုလ်ကြောင့်ဆိုရင် ထိုပုဂ္ဂိုလ်ကိုဖယ်၊ အဖွဲ့အစည်းကြောင့်ဆိုရင်တော့ အဖွဲ့အစည်းကိုပြင်၊ လူများစုအနိုင်ကျင့်တဲ့ ဝါဒရှိနေတယ်ဆိုရင်တော့ စနစ်ကိုပြင်။ တောတွင်းဥပဒေကိုမှ ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းထဲမှာ သုံးချင်သူတွေရှိရင်လည်း တောထုတ်ဖို့သင့်တဲ့အချိန် မကြာခင်ရောက်လာမယ်ထင်တယ်။

ဒီလထဲမှာ UNGA ရာသီပေါ်လာပြီး ရာသီရောဂါတွေလည်း အလျှိုအလျှို ပေါ်လာလေ့ရှိပါတယ်။ ရှိနှင့်ပြီး ရောဂါကလည်း ကပ်ရောဂါအဆင့်ကနေမဆင်းဘူး။ ရာသီတုပ်ကွေးတွေကလည်း မိုးအကုန် ဆောင်းအကူးအတွက် အရှိန်ယူနေကြတယ်။

လူတွေကလည်း ကိုဗစ်-၁၉ ကပ်ရောဂါကြီးကို ရာသီတုပ်ကွေးနဲ့ ရောချပြီး စည်းကမ်းဥပဒေတွေ ချိုးဖောက်နေကြတယ်။

ပြည်တွင်းဖြစ်နိုင်ငံခြားမီဒီယာတွေကလည်း UNGA ရာသီနဲ့ ရောပြီး သတင်းတု၊ သတင်းမှား၊ သတင်းပြောင်းပြန်တွေနဲ့ အချုပ်အခြာအာဏာပိုင် လွတ်လပ်တဲ့မြန်မာနိုင်ငံကို ကမ္ဘာ့အလယ်မှာ အိုးမဲသုတ်ဖို့ ပုံမှန်နှစ်စဉ် ကြိုးစားနေကြဆဲပဲ။

ဩော်- ရောဂါ- ရောဂါ။ ။

## သိန္နီမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်



**သိန္နီ အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန္နီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေလင်းထွန်းဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်မီးသတ်ဌာနနှင့် သိန္နီမြို့နယ်စည်ပင်သာယာရေးဌာနတို့မှ ဝန်ထမ်းများပါဝင်သောပူးပေါင်းအဖွဲ့ဖြင့် သိန္နီမြို့နယ်အတွင်းဖြတ်သန်းသွားလာလျက်ရှိသည့်မော်တော်ယာဉ်များ၊ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ယနေ့နံနက် ၇ နာရီက ကျန်းမာရေးဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့်အညီ မြို့မဈေးအနီးလမ်းပေါ်၌ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုပြုလုပ်ပြီး နှာခေါင်းစည်းအရေအတွက်၂၂၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။။

၂၁၀

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲပြုလုပ်

**သံတွဲ အောက်တိုဘာ ၁၆**

ရခိုင်ပြည်နယ် သံတွဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ယနေ့နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတို့ပူးပေါင်း၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကျင်းပခဲ့သည်။

ရှေးဦးစွာ သံတွဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှဲ့လှဲ့ဝင်းက ကလေးအလုပ်သမားပပျောက်ရေးနှင့်ပတ်သက်၍ ပြည်သူများသိရှိနိုင်ရန် ဥပဒေနှင့် ပြစ်မှု/ပြစ်ဒဏ်များကို မေးမြန်းခဲ့ရာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကောင်းမြတ်အောင်က ကလေးအလုပ်သမားဖြစ်လာရခြင်းနှင့် မြန်မာနိုင်ငံတွင်ကလေးများအတွက် အကာအကွယ်ပေးထားသည့် ဥပဒေများ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေများ၊ အလုပ်ရုံများ၌ ကလေးအလုပ်သမားများ၏ အလုပ်ချိန်သတ်မှတ်ထားမှုများ၊ ကလေးအလုပ်သမားများကို ဥပဒေမဲ့အလုပ်ခိုင်းစေခြင်းဖြင့် ချမှတ်နိုင်သည့် ဥပဒေများအကြောင်းကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**နေမျိုးအောင်(ပြန်/ဆက်)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# စပါးအသင်းနဲ့အတူ ပွဲစဉ် ၄၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်တဲ့ ဟယ်ရီကိန်း

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ စပါးအသင်းနဲ့ အဲဗာတန်အသင်းတို့ အောက်တိုဘာ ၁၅ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ပွဲထွက်ကစားခွင့်ရရှိခဲ့တာကြောင့် စပါးအသင်းနဲ့အတူ ပွဲစဉ် ၄၀၀ ပြည့်မြောက်ခဲ့ပြီလည်း ဖြစ်ပါတယ်။



အဲဒီပွဲစဉ်မှာ စပါးအသင်းက အဲဗာတန်အသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး စပါးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၅၉ မိနစ်မှာ တိုက်စစ်မှူး ဟယ်ရီကိန်းက ပင်နယ်တီကနေတစ်ဂိုးနဲ့ ၈၆ မိနစ်မှာ ဟိုးဘတ်က တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

### အဆင့်(၃)မှာ ရပ်တည်နေ

စပါးအသင်းဟာ အဲဗာတန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ် အမှတ်ပေးဇယားထိပ်က အာဆင်နယ်အသင်းနဲ့ လေးမှတ်အကွာ အနေအထားမှာရှိနေပြီး ၁၀ ပွဲကစားပြီး ရမှတ် ၂၃ မှတ်နဲ့ အဆင့်(၃)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။



# မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ဖီးလ်ဖိုဒန် ၂၀၂၇ ခုနှစ်အထိ ဆက်ရှိနေမယ့် စာချုပ်သစ် ချုပ်ဆို

မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ဖီးလ်ဖိုဒန်ဟာ ၂၀၂၇ ခုနှစ်အထိ မန်စီးတီးအသင်းမှာ ဆက်ရှိနေမယ့် စာချုပ်သစ်တစ်ရပ်ကို ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။ အသက် ၂၂ နှစ်အရွယ်ရှိ အင်္ဂလန်ကွင်းလယ်ကစားသမား ဖီးလ်ဖိုဒန်ရဲ့ မန်စီးတီးအသင်းနဲ့ ယခင်ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၄ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ကွင်းလယ်ကစားသမား ဖီးလ်ဖိုဒန်ဟာ မန်စီးတီးအသင်းရဲ့ လူငယ်အကယ်ဒမီကနေ ပေါက်ဖွားလာသူဖြစ်ပြီး ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှစတင်ကာ မန်စီးတီးအသင်းရဲ့ ပထမအသင်းမှာ စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့ကာ လက်ရှိအချိန်အထိ ပွဲစဉ်စုစုပေါင်း ၁၈၂ ပွဲမှာ သွင်းဂိုး ၅၂ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ဖီးလ်ဖိုဒန်ဟာ အင်္ဂလန်နိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ ၁၈ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး မန်စီးတီးအသင်းနဲ့အတူ ပရီမီယာလိဂ်ဖလားလေးကြိမ်၊ အီးအက်ဖ်အယ်လ် ဖလားလေးကြိမ်နဲ့ အက်ဖ်အေဖလားတစ်ကြိမ် အပါအဝင် ဆုဖလားစုစုပေါင်း ၁၁ ကြိမ် ဆွတ်ခူးပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမားဖီးလ်ဖိုဒန်ဟာအဲဒီလိုဆုဖလားတွေရယူပေးနိုင်ခဲ့တဲ့အပြင် တစ်ဦးချင်း ဆုတံဆိပ်အနေနဲ့ နောက်ဆုံးဘောလုံးနှစ်ရာသီအတွင်းမှာ ပရီမီယာလိဂ် တစ်ရာသီအကောင်းဆုံး လူငယ်ကစားသမားဆုနဲ့ တစ်နှစ်တာ ပီအက်ဖ်အေ အကောင်းဆုံး လူငယ်ကစားသမားဆုတို့ကို ရယူဆွတ်ခူးခဲ့သူ ဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား ဖီးလ်ဖိုဒန်ဟာ ယခုနှစ်ဘောလုံးရာသီအတွင်းမှာ ပရီမီယာလိဂ်ပွဲစဉ် ကိုးပွဲကစားပြီးချိန်မှာ သွင်းဂိုးခြောက်ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

# အင်္ဂလန်နောက်ခံကစားသမား ရီစီဂျိမ်းစ် ဒူးဒဏ်ရာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် လွဲချော်မည်

အင်္ဂလန်အသင်းရဲ့ ဘယ်နောက်ခံကစားသမား ရီစီဂျိမ်းစ်ဟာ ဒူးဒဏ်ရာပြဿနာ ကြုံတွေ့ခဲ့ရတာကြောင့် အနည်းဆုံး ရက်သတ္တရှစ်ပတ်အထိ အနားယူရမှာဖြစ်တာမို့ ကာတာနိုင်ငံမှာ ကျင်းပမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကစားနိုင်မှာမဟုတ်ဘဲ လွဲချော်မှာဖြစ်တယ်လို့ သိရပါတယ်။

အသက် ၂၂ နှစ်အရွယ်ရှိဘယ်နောက်ခံကစားသမား ရီစီဂျိမ်းစ်ဟာ အောက်တိုဘာ ၁၁ ရက်က ချယ်လ်ဆီးအသင်းက အေစီမီလန်အသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာ ဒဏ်ရာပြဿနာ ကြုံတွေ့ခဲ့ရတာဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲဟာလည်း ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်တွင် ကာတာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမှာဖြစ်တယ်လို့ သိရပါတယ်။

လက်ရှိအနေအထားအရ အင်္ဂလန်အသင်းရဲ့ နောက်တန်းခံစစ်ကြောင်းမှာ ကစားသမားအများစု ဒဏ်ရာပြဿနာနဲ့ ကြုံတွေ့နေရပြီး ညာနောက်ခံကစားသမားတွေဖြစ်တဲ့ ကီလီဝေါ်ကာနဲ့ အလက်ဇန္ဒားအားနိုး တို့ဟာလည်း ဒဏ်ရာအသီးသီးရရှိနေတာ ဖြစ်ပါတယ်။

မန်စီးတီးအသင်း နောက်တန်းကစားသမား ကီလီဝေါ်ကာဟာ အောက်တိုဘာလအစောပိုင်းက ပေါင်ဒဏ်ရာရရှိခဲ့တာဖြစ်ပြီး လီဗာပူးအသင်းနောက်တန်းကစားသမား အလက်ဇန္ဒားအားနိုးကတော့ အာဆင်နယ်အသင်းနဲ့ ပွဲစဉ်မှာ ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့တာ ဖြစ်ပါတယ်။



# တိုက်စစ်မှူး ဂရစ်ဇ်မန်း အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့အတူ သွင်းဂိုး ၁၀၀ ပြည့်သွင်းယူ



တိုက်စစ်မှူးဂရစ်ဇ်မန်းဟာ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ဘီဘာအိုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်မှာ သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် လက်ရှိအချိန်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့အတူ သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့ပြီလည်း ဖြစ်ပါတယ်။

### အနိုင်ရရှိခဲ့

အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ဘီဘာအိုအသင်းတို့ပွဲစဉ်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းဟာ တိုက်စစ်မှူး ဂရစ်ဇ်မန်းရဲ့ ပွဲကစားချိန် ၄၇ မိနစ်မှာ သွင်းယူခဲ့တဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အက်သလက်တီကိုမက်ဒရစ်အသင်းက ဘာစီလိုနာအသင်းဆီကနေ အမြဲတမ်းစာချုပ်နဲ့ ပြန်လည်ခေါ်ယူခဲ့ပြီးနောက် ပထမဆုံးသွင်းယူနိုင်ခဲ့တဲ့ သွင်းဂိုးအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်းဟာ ဘီဘာအိုအသင်းကို အနိုင်ရရှိခဲ့တာကြောင့် လက်ရှိအချိန်မှာ စပိန်လာလီဂါ အမှတ်ပေးဇယား အဆင့်(၃)နေရာကို ယာယီတက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဂရစ်ဇ်မန်းဟာ ဘီဘာအိုအသင်းနဲ့ ပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် ယခုနှစ်ဘောလုံးရာသီအတွင်း အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့အတူ စပိန်လာလီဂါပွဲစဉ် ကိုးပွဲမှာ သွင်းဂိုး သုံးဂိုးအထိ ရှိလာခဲ့ပြီလည်း ဖြစ်ပါတယ်။

# ဆီဘက်စတီယန်ကော်ဒါကို ရှုံးနိမ့်ပြီး ဂျီဂျွန်အိုးပင်းတင်းနစ်ပြိုင်ပွဲကနေ မာရေးထွက်ခဲ့ရ

ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေးဟာ ဂျီဂျွန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်း ကွာတားဖိုင်နယ်အဆင့်မှာ အမေရိကန်တင်းနစ်ကစားသမား ဆီဘက်စတီယန်ကော်ဒါကို ရှုံးနိမ့်ခဲ့ရတာကြောင့် ပြိုင်ပွဲကနေ ထွက်ခဲ့ရပြီလည်းဖြစ်ပါတယ်။

ကမ္ဘာ့နံပါတ်တစ်တင်းနစ်ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ အန်ဒီမာရေးဟာ လက်ရှိမှာ ကမ္ဘာ့အဆင့် ၄၈ နေရာမှာ ရပ်တည်နေတာဖြစ်ပြီး ကမ္ဘာ့အဆင့် ၄၇ နေရာမှာ ရပ်တည်နေတဲ့ အမေရိကန်တင်းနစ်ကစားသမား ဆီဘက်စတီယန်ကော်ဒါကို ကွာတားဖိုင်နယ်အဆင့်မှာ ၆-၄၊ ၁-၆၊ ၆-၁ နဲ့ ရှုံးနိမ့်ခဲ့တာ ဖြစ်ပါတယ်။



အမေရိကန် တင်းနစ်ကစားသမား ဆီဘက်စတီယန်ကော်ဒါကတော့ ဗြိတိန်တင်းနစ်ကစားသမား အန်ဒီမာရေးကို အနိုင်ရရှိခဲ့ပြီး နောက်တစ်ဆင့်မှာ ပြင်သစ်တင်းနစ် ကစားသမား အာသာရင်ဒါနက်ချ်နဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၄၄ ဆူ | ၂၇၆ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀. ၀၀ | ၄၅၅ ခန်း | ၅၈ ခန်း | ၃၉၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၃ တိုင် | ၇ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၆ ခု | ၅၃၆ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၁ ကျင်း | ၂၀၅၈. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၄ ကျင်း | ၁၉၄. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၀ ကျင်း | ၅၈၉၀. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၃၁ ကျင်း | ၁၆၀၅. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၁၆၅ စုံ | ၃၃၅ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပနိုင်ဖို့အတွက် တိုင်းပြည်ဟာ တည်ငြိမ်အေးချမ်းမှုရှိဖို့လိုပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ မည်သည့်ပုံစံနဲ့မဆို ခြိမ်းခြောက်အကျပ်ကိုင်၊ ဖိအားပေးခံရမှု မရှိဘဲ မိမိဆန္ဒအတိုင်းမဲပေးဖို့ လိုအပ်ပါတယ်။ လာမယ့်အထွေထွေရွေးကောက်ပွဲမှာ တစ်နိုင်ငံလုံးလွတ်လပ်ပြီး တရားမျှတစွာ နေရာအနှံ့အကြားအလပ်မရှိ ကျင်းပနိုင်ရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ တရားမျှတမှုနဲ့ ခြိမ်းခြောက်အကျပ်ကိုင်မှုတွေမရှိစေဖို့အတွက် လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့ လိုအပ်ပါတယ်။ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ နိုင်ငံရေးနဲ့လုံခြုံရေးအခြေအနေ အမြန်ဆုံးတည်ငြိမ်ဖို့ ပြည်သူ့လုံခြုံရေးစနစ်ကို ကျွန်တော်တို့ မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်) ၁-၈-၂၀၂၂

# တိုးပွားနေသည့် လူဦးရေအတွက် နေ့စဉ်စားရေရိက္ခာလိုအပ်မှုသည် မြင့်တက်နေဆဲဖြစ်၍ စိုက်ပျိုးထုတ်လုပ်မှုမလျော့ကျအောင် ထိန်းကျောင်းရန်နှင့် တိုးတက်ထုတ်လုပ်နိုင်ရန် အထူးလိုအပ်

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၂၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံတမန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လယ်ယာစီးပွားလုပ်ငန်းရှင်များ၊ ဆုရရှိကြသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❒



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ ၂၀၂၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုစဉ်။

## ၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၈ ရက်တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနား ကျင်းပပုံများကို အောက်တိုဘာ ၁၈ ရက် နံနက် ၈ နာရီ မိနစ် ၅၀ မှစတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD၊ MRTV News၊ MWD၊ MWD Variety၊ MITV၊ Channel 7၊ 5 Plus၊ Channel 9၊ တိုင်းရင်းသား Channel၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဒုမ္မာဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

**သတင်းစဉ်**

## ယနေ့ ဖတ်စရာ

**PDF အမည်ခံ အကြမ်းဖက်သမားများက ပခုက္ကူမြို့နယ် ဘုန်းကံကျေးရွာအတွင်းသို့ Drone ယာဉ်အသုံးပြု၍ လက်လုပ်ဗုံးများ ရမ်းသန်းဖြုတ်ချတိုက်ခိုက်၊ အသက် လေးနှစ်အရွယ် ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိ**

စာမျက်နှာ » ၁၅

**ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၇၀၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၅၅ ဦး တွေ့ရှိ**

စာမျက်နှာ » ၂၂